မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ပဓာနနာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ
အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

**ဘဒ္ဒန္တကုမာရ**

# မကွေးဆရာတော်ဘုရားကြီး

ရေးသားပြုစုတော်မူသော

# ဓမ္မစကြာမြန်မာဋီကာ

၂

သာသနာ - ၂၅၅၃ ကောဇာ - ၁၃၇၁ ခရစ် - ၂၀၀၉

မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ပဓာနနာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ
အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
**ဘဒ္ဒန္တကုမာရ**

# မကွေးဆရာတော်ဘုရားကြီး

ရေးသားပြုစုတော်မူသော

# ဓမ္မစကြာမြန်မာဋီကာ

သာသနာ - ၂၅၅၃ ကောဇာ-၁၃၇၁ ခရစ်-၂၀၀၉

သာသနာတော်ထွန်းကားပြန့်ပွားရေးသုံးစာကြည့်တိုက်
အမှတ် ၂၇၂၉၉
ရက်စွဲ ၂၁ - ၇ - ၁၀
သုတေသနစာကြည့်တိုက်

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ – ၁၀၀၀ အုပ်

သာသနာရေးဦးစီးဌာန၊ စာအမှတ်(၁၁၉/၀၁(ပုံနှိပ်)သသန–၀၉) ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ထုတ်ဝေ၍ အမှတ်–(၁၄၇)၊ ၅၁–လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ဦးတင်အောင်ကျော်(မြဲ–၀၇၀၅၃) စွယ်တော်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

တန်ဖိုး – ၁၅၀၀ ကျပ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | အဖွင့်စကား | (က) |
| ၂။ | ပဏာမနှင့် ပဋိညာဉ် | ၁ |
| ၃။ | နိဒါန်းသုံးမျိုး | ၃ |
| ၄။ | အဝိဒူရေနိဒါန်းအကျယ် | ၄ |
| ၅။ | တောထွက်တော်မူခြင်း | ၅ |
| ၆။ | အာဠာရရသေ့ကြီးထံ နည်းခံခြင်း | ၇ |
| ၇။ | ဥဒကရသေ့ကြီးထံ နည်းခံခြင်း | ၁၀ |
| ၈။ | ဥရုဝေလတော၌ ဒုက္ကရစရိယာကျင့်တော်မူပုံ | ၁၂ |
| ၉။ | ပဉ္စဝဂ္ဂီတို့ ပြုစုလုပ်ကျွေးခြင်း | ၁၃ |
| ၁၀။ | စိတ်ကိုစိတ်ဖြင့်နှိပ်တဲ့ ဒုက္ကရစရိယာအကျင့် | ၁၄ |
| ၁၁။ | အပ္ပါဏက ဒုက္ကရစရိယာအကျင့် | ၁၅ |
| ၁၂။ | အစာမစားတဲ့ ဒုက္ကရစရိယာအကျင့် | ၁၆ |
| ၁၃။ | မှန်သောဆင်ခြင်ဉာဏ်ဖြစ်ပေါ်လာ | ၁၇ |
| ၁၄။ | သုယဇာတက ဈာန်ရခဲ့ပုံ | ၁၈ |
| ၁၅။ | ပဉ္စဝဂ္ဂီတို့ စွန့်ခွာထွက်သွားကြခြင်း | ၂၀ |
| ၁၆။ | ဘုရားအဖြစ်သို့ရောက်ရန် အဓိဋ္ဌာန် | ၂၀ |
| ၁၇။ | မာရ်နတ်လာရောက်တိုက်ခိုက်ခြင်း | ၂၅ |
| ၁၈။ | မာရ်နတ်သားကို အောင်မြင်တော်မူခြင်း | ၂၇ |
| ၁၉။ | မာရ်နတ်ကြီး ဘာ့ကြောင့်လာပြီးတိုက်ခိုက်ရသလဲ | ၂၉ |
| ၂၀။ | သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူခြင်း | ၃၀ |
| ၂၁။ | တရားဦးဟောရန် ဆင်ခြင်တော်မူခြင်း | ၃၁ |
| ၂၂။ | ပဉ္စဝဂ္ဂီတို့ထံ ကြွချီတော်မူခြင်း | ၃၅ |
| ၂၃။ | တရားနာကြရန် တိုက်တွန်းတော်မူခြင်း | ၃၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄။ | သန္တိကေနိဒါန်း | ၄၀ |
| ၂၅။ | ဓမ္မစကြာဟောရာကာလ | ၄၂ |
| ၂၆။ | ရှင်ရဟန်းတို့ မမှီဝဲထိုက်သော အပို့အစွန်းနှစ်ပါး | ၄၄ |
| ၂၇။ | ကာမသုခလ္လိကာနုယောဂ | ၄၇ |
| ၂၈။ | လူများတော့ မှီဝဲသင့်သလား | ၅၂ |
| ၂၉။ | အတ္တကိလမထာနုယောဂ | ၅၄ |
| ၃၀။ | အတ္တကိလမထာနုယောဂအကျင့်ဟာ ဆင်းရဲရုံမျှပဲ | ၅၅ |
| ၃၁။ | ဘာဝနာအားထုတ်တာ အတ္တကိလမထာနုယောဂမဖြစ် | ၅၇ |
| ၃၂။ | မဇ္ဈိမပဋိပဒါအကျင့်နှင့်အကျိုး | ၅၈ |
| ၃၃။ | ပညာမျက်စိ အသိဉာဏ်ဖြစ်အောင်ကျင့်ပုံ | ၆၁ |
| ၃၄။ | ကိလေသာကို ငြိမ်းစေပုံ | ၆၃ |
| ၃၅။ | ထူးသောဉာဏ်ဖြင့် သိပုံ | ၆၅ |
| ၃၆။ | ထိုးထွင်း၍သိပုံ | ၆၆ |
| ၃၇။ | နိဗ္ဗာန်သို့ ဆိုက်ရောက်ပုံ | ၆၇ |
| ၃၈။ | မဇ္ဈိမပဋိပဒါ၏ သရုပ် | ၆၈ |
| ၃၉။ | အရိယမဂ္ဂင်ရှစ်ပါး | ၇၀ |
| ၄၀။ | သီလမဂ္ဂင်သုံးပါး | ၇၁ |
| ၄၁။ | သမ္မာဝါစာမဂ္ဂင် | ၇၁ |
| ၄၂။ | သမ္မာကမ္မန္တမဂ္ဂင် | ၇၃ |
| ၄၃။ | သမ္မာအာဇီဝမဂ္ဂင် | ၇၅ |
| ၄၄။ | သမာဓိမဂ္ဂင်သုံးပါး | ၇၆ |
| ၄၅။ | သမ္မာဝါယာမ မဂ္ဂင် | ၇၆ |
| ၄၆။ | သမ္မာသတိမဂ္ဂင် | ၈၀ |
| ၄၇။ | သမ္မာသမာဓိမဂ္ဂင် | ၈၂ |
| ၄၈။ | ပညာမဂ္ဂင်နှစ်ပါး | ၈၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၉။ | သမ္မာဒိဋ္ဌိမဂ္ဂင် | ၈၅ |
| ၅၀။ | သမ္မာဒိဋ္ဌိ(၆)မျိုး | ၈၅ |
| ၅၁။ | ကမ္မဿကတာသမ္မာဒိဋ္ဌိ | ၈၆ |
| ၅၂။ | ဈာနသမ္မာဒိဋ္ဌိ | ၈၇ |
| ၅၃။ | ဝိပဿနာသမ္မာဒိဋ္ဌိ | ၈၇ |
| ၅၄။ | မဂ္ဂသမ္မာဒိဋ္ဌိ | ၈၈ |
| ၅၅။ | မူလမဂ္ဂင်ထူထောင်ပုံ | ၈၈ |
| ၅၆။ | ပုဗ္ဗဘာဂမဂ္ဂင်ထူထောင်ပုံ | ၈၉ |
| ၅၇။ | အရိယမဂ္ဂင်ဖြစ်ပုံ | ၉၀ |
| ၅၈။ | သမ္မာသင်္ကပ္ပမဂ္ဂင် | ၉၁ |
| ၅၉။ | မဂ္ဂင်ရှစ်ပါးနိဂုံး | ၉၃ |
| ၆၀။ | သစ္စာလေးပါး | ၉၄ |
| ၆၁။ | ဒုက္ခသစ္စာ | ၉၄ |
| ၆၂။ | ဒုက္ခသစ္စာသရုပ် | ၉၇ |
| ၆၃။ | ဇာတိဒုက္ခ | ၉၈ |
| ၆၄။ | ပဋိသန္ဓေ(၃)မျိုး၊ (၄)မျိုး | ၉၈ |
| ၆၅။ | ဇရာဒုက္ခ | ၁၀၀ |
| ၆၆။ | ဗျာဓိဒုက္ခ | ၁၀၀ |
| ၆၇။ | မရဏဒုက္ခ | ၁၀၁ |
| ၆၈။ | အပ္ပိယသမ္ပယောဂဒုက္ခ | ၁၀၂ |
| ၆၉။ | ပိယဝိပ္ပယောဂဒုက္ခ | ၁၀၂ |
| ၇၀။ | ဣစ္ဆိတာလာဘဒုက္ခ | ၁၀၃ |
| ၇၁။ | ဥပါဒါနက္ခန္ဓာငါးပါးဆင်းရဲ | ၁၀၃ |
| ၇၂။ | ဥပါဒါနက္ခန္ဓာ | ၁၀၃ |
| ၇၃။ | ဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာ | ၁၀၄ |
| ၇၄။ | ပရမအတ္တစွဲလမ်းပုံ | ၁၀၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၅။ | ဇီဝအတွက်စွဲလမ်းမှု | ၁၀၇ |
| ၇၆။ | ဥပါဒါန်ဟာ နှစ်ပါးသာ | ၁၀၈ |
| ၇၇။ | ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ | ၁၁၀ |
| ၇၈။ | မြင်ဆဲ၌ ဥပါဒါနက္ခန္ဓာ (၅)ပါး | ၁၁၄ |
| ၇၉။ | ကြားဆဲ၌ ဥပါဒါနက္ခန္ဓာ (၅)ပါး | ၁၁၅ |
| ၈၀။ | နံဆဲ၌ ဥပါဒါနက္ခန္ဓာ (၅)ပါး | ၁၁၅ |
| ၈၁။ | စားသိဆဲ၌ ဥပါဒါနက္ခန္ဓာ (၅)ပါး | ၁၁၆ |
| ၈၂။ | ထိသိဆဲ၌ ဥပါဒါနက္ခန္ဓာ (၅)ပါး | ၁၁၆ |
| ၈၃။ | ကြံသိဆဲ၌ ဥပါဒါနက္ခန္ဓာ (၅)ပါး | ၁၁၇ |
| ၈၄။ | သမ္ပဒယသစ္စာ | ၁၁၉ |
| ၈၅။ | တဏှာကြောင့် တစ်ဖန်ဘဝအသစ်ဖြစ်ပုံ | ၁၂၁ |
| ၈၆။ | သာဓကဝတ္ထု | ၁၂၃ |
| ၈၇။ | ရောက်ရာဘဝ နှစ်သက်ကြ | ၁၂၇ |
| ၈၈။ | သာဓကဝတ္ထု | ၁၂၈ |
| ၈၉။ | တဏှာသုံးပါး | ၁၂၉ |
| ၉၀။ | ကာမတဏှာ | ၁၂၉ |
| ၉၁။ | ဘဝတဏှာ | ၁၃၀ |
| ၉၂။ | ဝိဘဝတဏှာ | ၁၃၁ |
| ၉၃။ | နိရောဓသစ္စာ | ၁၃၂ |
| ၉၄။ | မဂ္ဂသစ္စာ | ၁၃၆ |
| ၉၅။ | သစ္စာလေးပါး၌ ဉာဏ်(၁၂)ပါးဖြစ်ပုံ | ၁၃၈ |
| ၉၆။ | ဒုက္ခသစ္စာ၌ သစ္စဉာဏ် | ၁၃၈ |
| ၉၇။ | ဒုက္ခသစ္စာ၌ ကိစ္စဉာဏ် | ၁၄၁ |
| ၉၈။ | ဒုက္ခသစ္စာ၌ ကတဉာဏ် | ၁၄၃ |
| ၉၉။ | သမုဒယသစ္စာ၌ သစ္စဉာဏ် | ၁၄၆ |
| ၁၀၀။ | သမုဒယသစ္စာ၌ ကိစ္စဉာဏ် | ၁၄၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၁။ | သမုဒယသစ္စာ၌ ကတဉာဏ် | ၁၅၁ |
| ၁၀၂။ | နိရောဓသစ္စာ၌ သစ္စဉာဏ် | ၁၅၂ |
| ၁၀၃။ | နိရောဓသစ္စာ၌ ကိစ္စဉာဏ် | ၁၅၄ |
| ၁၀၄။ | နိရောဓသစ္စာ၌ ကတဉာဏ် | ၁၅၅ |
| ၁၀၅။ | မဂ္ဂသစ္စာ၌ သစ္စဉာဏ် | ၁၅၆ |
| ၁၀၆။ | မဂ္ဂသစ္စာ၌ ကိစ္စဉာဏ် | ၁၅၈ |
| ၁၀၇။ | မဂ္ဂသစ္စာ၌ ကတဉာဏ် | ၁၆၀ |
| ၁၀၈။ | ရှေးက ဘုရားအဖြစ် ဝန်ခံတော်မမူခဲ့ပုံ | ၁၆၃ |
| ၁၀၉။ | ယခုမှ ဘုရားအဖြစ် ဝန်ခံတော်မူပုံ | ၁၆၇ |
| ၁၁၀။ | သံဂါယနာမှတ်တမ်း | ၁၇၂ |
| ၁၁၁။ | ပဉ္စဝဂ္ဂီရဟန်းတို့ နှစ်သက်ဝမ်းမြောက်ကြပုံ | ၁၇၂ |
| ၁၁၂။ | အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ | ၁၇၃ |
| ၁၁၃။ | နတ်ဗြဟ္မာတို့ ကောင်းချီးပေးပုံ | ၁၇၅ |
| ၁၁၄။ | အံ့ဖွယ်သရဲများ ဖြစ်ပေါ်လာပုံ | ၁၈၁ |
| ၁၁၅။ | မြတ်စွာဘုရား ဥဒါန်းကျူးရင့်တော်မူပုံ | ၁၈၂ |
| ၁၁၆။ | အညာသိ ကောဏ္ဍည ရဟန်းအဖြစ်တောင်းပန်ပုံ | ၁၈၃ |
| ၁၁၇။ | ဧဟိ ဘိက္ခု ရဟန်းဖြစ်ပုံ | ၁၈၇ |
| ၁၁၈။ | တရားထူးရသူများ | ၁၈၈ |
| ၁၁၉။ | နိဂုံးနှင့်ဆုတောင်း | ၁၉၁ |
| ၁၂၀။ | နောက်ဆက်တွဲ | ၁၉၂ |
| ၁၂၁။ | ဓမ္မစကြာအမွှန်း | ၁၉၂ |
| ၁၂၂။ | ဓမ္မစက္ကပ္ပဝတ္တနသုတ် | ၁၉၅ |

## ကျေးဇူးစကား

မမှုစကြာ မြန်မာဋီကာစာအုပ် ဖြစ်မြောက်ရန် လက်ရေးဖြင့် ကူညီရေးသား ပေးသော ကိုဇော်ထိုက်၊ ကွန်ပျူတာစာစီ ပေးသော ကိုတိုးကြီး(ခ)ကိုဟန်ထွေးအောင်နှင့် ကိုဇော်မင်းအောင် (စန်းသီရိ-ပုံနှိပ်၊ မိတ္ထူ၊ မကွေး)တို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စီစဉ်သူ

အရှင်ကာဠန

မဟာဝိသုတာရာမတိုက်

မကွေးမြို့



**ဘဒ္ဒန္တ ကုမာရ**

အဘိဓမ္မမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ

မကွေးဆရာတော်ဘုရားကြီး

# အဖွင့်စကား

ကောဇာသက္ကရာဇ် (၁၃၅၇) ခုနှစ်၊ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့မှာ ဓမ္မစက္ကပဝတ္တနသုတ်ကို **"ဓမ္မစကြာသုတ်အနှစ်ချုပ်ဖြစ်သည့် ရှုပွားမဂ္ဂင် နိဗ္ဗာန်ဝင်တရားတော်"** ဆိုတဲ့အမည်ဖြင့် မြန်မာ့အသံမှ အသံလွှင့်ဟောကြားခဲ့ဖူးပါတယ်။ အဲဒီတရားတော်ကို အသံလွှင့်ဟောကြားဖို့အချိန်က မိနစ် ၂၀-မျှဖြင့် ပြီးအောင် ဟောရတဲ့အတွက်ကြောင့် အလွန်ကျဉ်းလွန်းနေသဖြင့် သာမန်ပုဂ္ဂိုလ်များသိနားလည်ဖို့မလွယ်ပါဘူး။ ဒါ့ကြောင့် အဲဒီအသံလွှင့်ဟောကြားခဲ့တဲ့တရားကိုပင် မကျဉ်းမကျယ် ချဲ့ပြီးရေးသားဖြန့်ဝေရလျှင်ကောင်းမယ်လို့ စဉ်းစားမိပါတယ်။

ဓမ္မစကြာတရားတော်ဟာ ဒီဘုရားသာသနာတော်မှာ မြတ်စွာဘုရားရှင် အစဦးဆုံး ဟောကြားတော်မူခဲ့သော တရားတော်ဖြစ်တဲ့အတွက် မြန်မာပြည်က ဗုဒ္ဓဘာသာဝင်တွေ အလွန်အလေးအမြတ်ပြုအပ်တဲ့ တရားတော်ဖြစ်ပါတယ်။ မြန်မာဗုဒ္ဓဘာသာဝင်တွေဆိုရင် ဒီဓမ္မစကြာတရားတော်ကို မကြားဘူးတဲ့သူ မရှိသလောက် ရှားပါလိမ့်မယ်။ ဒီဓမ္မစကြာသုတ်ကို နှုတ်တက်အာဂုံ

ဆောင်ပြီး ရွတ်ဖတ်ပူဇော်နေကြတဲ့ ပုဂ္ဂိုလ်တွေလည်း များစွာ ရှိကြတယ်။ ဓမ္မစကြာဝတ်အသင်းများဖွဲ့ပြီး ရွတ်ဖတ်ပူဇော် နေကြသူတွေဟာလည်း မြို့ရွာတိုင်းလိုလိုမှာ ရှိကြပါတယ်။ ဒါပေမယ့် အနက်အဓိပ္ပါယ်ကို သိတဲ့ပုဂ္ဂိုလ်က အလွန်ရှား ပါတယ်။

ဒီဓမ္မစကြာသုတ်ပါဠိတော်ကို နိဿယနည်းဖြင့် ဖြစ်စေ၊ မြန်မာစကားပြေပြန်နည်းဖြင့်ဖြစ်စေ၊ ဟောတရား အနေဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ဖွင့်ပြထားတဲ့ ကျမ်းဂန်စာအုပ်တွေတော်တော်များများရှိပါတယ်။ မြဝတီ ဆရာတော်ဘုရားကြီး ရေးသားပြုစုခဲ့တဲ့ ဓမ္မစကြာ မဟာဋီကာသစ်ကျမ်းကြီး၊ မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့တဲ့ ဓမ္မစကြာတရားတော်ကြီး စသည် များဖြစ်ပါတယ်။ အခြားအဖွင့်ကျမ်းဂန်စာစောင်များလည်း များစွာရှိပါတယ်။ ဓမ္မစကြာမဟာဋီကာသစ် ကျမ်းကြီး ဆိုလျှင် ပိဋကတ်ဆိုက်ကြီးဖြင့် စာမျက်နှာ (၈၆၀) ရှိပါတယ်။ မဟာစည်ဆရာတော်ဘုရားကြီး၏ ဓမ္မစကြာတရားတော် ကြီးဆိုရင်လည်း စာမျက်နှာ (၄၆၀) ခန့် ရှိပါတယ်။ ဒီကျမ်းကြီးများဟာ အလွန်ပြည့်စုံ၊ အလွန်ကောင်းမြတ် သော ကျမ်းကြီးများဖြစ်ပါတယ်။ ဒါပေမယ့် ပုဂ္ဂိုလ်တိုင်း၊ ပုဂ္ဂိုလ်တိုင်း လက်လှမ်းမမီနိုင်၊ မကြည့်ရှု မလေ့လာနိုင်တဲ့

ကျမ်းဂန်ကြီးများဖြစ်နေတဲ့အတွက် ပုဂ္ဂိုလ်တိုင်းလိုလို ကြည့်ရှုလေ့လာနိုင်ပြီး သိလွယ်မြင်လွယ်မယ့် မကျဉ်းလွန်း၊ မကျယ်လွန်းတဲ့ အဖွင့်ကျမ်းတစ်စောင်ရှိသင့်တယ်လို့ စဉ်းစားမိတဲ့အတွက် ဤဓမ္မစကြာမြန်မာဋီကာကို ရေးသား ရပါတယ်။

## ကျမ်းရေးသားရိုက်နှိပ်ပုံ

ရေးသားရိုက်နှိပ်တဲ့အခါမှာလည်း (၁) ဓမ္မစကြာ ပါဠိတော်ပါဌ် (၂) နိဿယအနက် ကြည့်ရှုလိုသူ များအတွက် နိဿယအနက် (၃) ပုဂ္ဂိုလ်တိုင်း သိနားလည်နိုင် တဲ့ စကားပြေအဓိပ္ပါယ်ဟူ၍ သုံးမျိုး ခွဲခြားပြီးရေးသားထားပါ တယ်။ စကားပြေအဓိပ္ပါယ်ရေးတဲ့အခါမှာလည်း ငယ်ရွယ်သူ ကလေးများပင် သိမြင်နားလည်နိုင်အောင် စကားပြောဟန် ဖြင့်ရေးသားထားပါတယ်။ စကားပြောဟန်ဖြင့် ရေးသား ရသည့်အတွက် အချို့စကားလုံးများ၌ သတ်ပုံသတ်ညွှန်းသို့ မလိုက်ဘဲ မြန်မာအသံထွက်အတိုင်း ရေးသားထားပါတယ်။ ပညာရှင်များအတွက် လေးနက်ခံ့ညားစွာရေးသား အပ်သော ကျမ်းကြီးများရှိပြီးဖြစ်၍ စကားပြောဟန်ဖြင့် ရေးသားထားသည်ကို ခွင့်လွှတ်နိုင်ကြလိမ့်မည်ဟု ယုံကြည် ယူဆပါသည်။

စာရေးသူ

# ဓမ္မစကြာ မြန်မာဋီကာ


*နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ*

## ပဏာမ နှင့် ပဋိညာဉ်

ဓမ္မစက္ကံ ပဝတ္တေန္တံ ၊
ဇိနံ နတွာန အာဒရံ ။
ဇိနသေဝိတ သဒ္ဓမ္မံ'
ရိယသံဃ' မနုတ္တရံ ။
တဋ္ဋီကံ သကဘာသာယ ၊
ကဿံ သခေ်ပဝဏ္ဏနံ ။
အတ္ထကာမာ အဋ္ဌိ ကတွာ ၊
ဣမံ ပဿန္တု သာဓဝေါ ။

အဟံ၊ ငါသည်။ ဓမ္မစက္ကံ ၊ ပဋိဝေဓဉာဏ်, ဒေသနာဉာဏ်တည်းဟူသော တရားစကြာကို။ ပဝတ္တေန္တံ ၊ လည်စေတော်မူတတ်သော။ ဝါ ၊ ဓမ္မစက္ကံ ပဝတ္တေန္တံ ၊ ဓမ္မစကြာ

ဒေသနာကို ဟောတော်မူတတ်သော။ ဇိနံ စ ၊ ငါးမာရ် အောင်မြင် ဘုရားရှင်ကိုလည်းကောင်း။ ဇိနသေဝိတသဒ္ဓမ္မံ စ၊ ဘုရားရှင်တို့သည် ဂေါစရာသေဝန, ဘာဝနာသေဝနတို့ဖြင့် မှီဝဲတော်မူအပ်သော မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သော တရားတော်မြတ်ကိုလည်းကောင်း။ အနုတ္တရံ၊ အသာအလွန်မရှိ မြတ်ခေါင်ထိသော။ အရိယသံဃံ စ၊ အရိယာရှစ်ဖော် သံဃာတော်ကိုလည်းကောင်း။ အာဒရံ ၊ ရိုသေစွာ။ နတွာန ၊ ဦးညွတ်ရှိကျိုး ရှိခိုးပြီး၍။ သကဘာသာယ ၊ မိမိဥစ္စာ မြန်မာဘာသာဖြင့်။ သင်္ခေပဝဏ္ဏနံ ၊ အကျဉ်းအားဖြင့် ဖွင့်ပြရာဖြစ်သော။ တဋ္ဋီကံ ၊ ထိုဓမ္မစကြာ မြန်မာဋီကာကို။ ကဿံ ၊ မြန်လူငယ်များ သိညဏ်ပွားအောင် ရေးသားစီရင်ပေအံ့။ အတ္ထကာမာ ၊ အကျိုးစီးပွားကို လိုလားကြကုန်သော။ သာဓဝေါ ၊ နှလုံးပျော့ပျောင်း သူတော်ကောင်းတို့သည်။ ဣမံ ၊ ဤဓမ္မစကြာ မြန်မာဋီကာကို။ အဋ္ဌိံ ကတွာ ၊ လိုလိုချင်ချင်ပြု၍။ ပဿန္တု ၊ သစ္စာလေးအင် ကိုယ်တိုင်မြင်ဖို့ မဂ္ဂင်ရှစ်ပါး မြတ်တရားကို ပွားများနိုင်ရန် စိတ်ရည်သန်၍ ဖန်ဖန်စေ့ငု သတိပြုလျက် ကြည့်ရှုကြပါကုန်လော့။ ။



## နိဒါန်းသုံးမျိုး

ဓမ္မစကြာမြန်မာဋီကာကို ရေးသားတဲ့အခါ နိဒါန်းကိုပါ ထည့်သွင်းပြီးရေးရမယ်။ နိဒါန်းဆိုတာ ထိုထိုသုတ်တော်များကို ဟောကြားတော်မူခြင်း၏ အခြေခံအကြောင်းရင်းပါပဲ။ အဲဒီနိဒါန်းက -

(၁) ဒူရေနိဒါန်း
(၂) အဝိဒူရေနိဒါန်း
(၃) သန္တိကေနိဒါန်း - လို့ သုံးမျိုးရှိတယ်။

၁။ သုတ်တော်ကို ဟောတော်မူရခြင်းနှင့် ဝေးကွာတဲ့အကြောင်းကို ဒူရေနိဒါန်းခေါ်တယ်။ အဲဒါက ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်း၌ နိယတဗျာဒိတ် ပန်ဆင်တော်မူခဲ့ရာအခါမှစပြီး တုသိတာနတ်ပြည်၌ သေတကေတုနတ်မင်းဖြစ်သည့်ဘဝတိုင်အောင် ဘုရားအလောင်းတော်၏ ပါရမီတော်များကို ဖြည့်ကျင့်ပုံနှင့် အကြောင်းအရာတွေပါပဲ။ အဲဒီ ဒူရေနိဒါန်းကိုတော့ ဗုဒ္ဓဝင်ကျမ်း စသည်တို့မှာ ကြည့်ရှုကြပါ။ ဒီမှာတော့ ဒီထက်ပိုပြီးဖော်ပြဖို့လိုမယ် မဟုတ်ပါဘူး။

၂။ အဝိဒူရေနိဒါန်းဆိုတာကတော့ သုတ်တော်ကို ဟောတော်မူခြင်း၏ မနီးမဝေးသော အကြောင်းများပါပဲ။

အဲဒါကတော့ တုတိတာနတ်ပြည်မှ ဗောဓိမဏ္ဍိုင်တိုင်အထိ အကြောင်းအရာများပင်ဖြစ်ပါတယ်။ အဲဒီအကြောင်းအရာများကိုတော့ နောက်နားကျမှဖော်ပြသင့်သမျှဖော်ပြပါမယ်။
၃။ သန္တိကေနိဒါန်းဆိုတာကတော့ ဒီဓမ္မစကြာတရားတော်ကို ဟောတော်မူခြင်း၏ အနီးကပ်အကြောင်းအရာများပါပဲ။

## အဝိဒူရေနိဒါန်းအကျယ်

အဲဒီနိဒါန်း (၃)မျိုးထဲက ယခု အဝိဒူရေနိဒါန်းကို ဖော်ပြသင့်သမျှ အနည်းငယ်ဖော်ပြပါမယ်။ ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်၌ နတ်မင်းဖြစ်စဉ် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့ လာရောက်ကြ၍ "လူ့ပြည်၌ ပဋိသန္ဓေနေကာ ဘုရားဖြစ်တော်မူချိန်တန်ပါပြီ" ဟု လျှောက်ထားတောင်းပန်ကြသည့်အတွက် မဟာသက္ကရာဇ် ၆၇-ခုနှစ်၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့၌ တုတိတာနတ်ပြည်မှ စုတေခဲ့၍ ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းမြတ်၏ မိဖုရားခေါင်ကြီးဖြစ်တဲ့ မဟာမာယာဒေဝီဝမ်းတော်မှာ ပဋိသန္ဓေနေတော်မူခဲ့တယ်။ မဟာသက္ကရာဇ် ၆၈-ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့မှာ ဒေဝဒဟပြည် ကပိလဝတ်ပြည်တို့ရဲ့ အကြား လုမ္ဗိနီဥယျာဉ်တော်၌ ဖွားမြင်တော်မူခဲ့တယ်။ ဘုရားအလောင်းတော်ကို သိဒ္ဓတ္ထလို့ အမည်ပေးခဲ့တယ်။

သိဒ္ဓတ္ထမင်းသား ၁၆-နှစ်အရွယ်ရောက်တဲ့အခါ ဒေဝဒဟပြည့်ရှင် သုပ္ပဗုဒ္ဓမင်း၏ သမီးတော် ယသောဓရာဒေဝီနှင့် လက်ထပ်ထိမ်းမြားပြီး မင်းသမီးအပေါင်းလေးသောင်း အခြံအရံနှင့်တကွ ကြီးကျယ်သော မင်းစည်းစိမ်ကို ခံစားတော်မူခဲ့တယ်။ အဲဒီလို ကာမဂုဏ်အာရုံတွေကို ခံစားပျော်မွေ့နေစဉ် တစ်နေ့သောအခါ ဥယျာဉ်တော်သို့ အခြွေအရံများနှင့်တကွ ပျော်ပွဲစားထွက်တော်မူခဲ့တယ်။ အဲဒီအခါ လမ်းခရီးမှာ သူအိုကြီးကို မြင်ရတာနဲ့ ထိတ်လန့်မှု သံဝေဂဖြစ်ပြီး နန်းတော်သို့ ပြန်လှည့်လာခဲ့တယ်။ နောက်တစ်ကြိမ်ထွက်တဲ့အခါလည်း သူနာကိုတွေ့မြင်ရတယ်။ နောက်တစ်ကြိမ်မှာ သူသေအလောင်းကောင်ကို တွေ့မြင်ရတယ်။ အဲဒီလိုတွေ့မြင်ရတဲ့အခါမှာလည်း လွန်စွာထိတ်လန့်မှု သံဝေဂဖြစ်ပြီး မြင်ရာအရပ်မှ နန်းတော်သို့ ပြန်လှည့်လာခဲ့တယ်။

## တောထွက်တော်မူခြင်း

ဘုရားအလောင်းတော်ဟာ စတုတ္ထအကြိမ် ဥယျာဉ်တော်သို့ထွက်တဲ့အခါ ရဟန်းတော်ကိုတွေ့မြင်ရတယ်။ အဲဒီရဟန်းတော်ထံမှ လူ့စည်းစိမ်ကို ပယ်စွန့်ကာ ရဟန်းပြုပြီး ကုသိုလ်တရားကို ရှာနေတဲ့အကြောင်း ကြားရတော့ ငါလည်းလူ့ဘောင်မှ ထွက်၍ ရဟန်းပြုကာ မအို, မနာ, မသေရတဲ့ အမြိုက်တရားကို ရှာမှီးတော့မယ်လို့

ကြံစည်တော်မူပါတယ်။ အဲဒီအချိန်မှာပဲ ယသော်ဓရာ ဒေဝီက သားတော်ကလေးတစ်ပါး ဖွားမြင်တဲ့အကြောင်းကို မင်းချင်းတစ်ယောက်က သံတော်ဦးတင်လာတယ်။ အဲဒီ အကြောင်းကို ကြားရတော့ "ငါ့မှာ လက်ိုဖမ်းတဲ့ ရာဟုပမာ အနှောင်အဖွဲ့ပေါ်လာပြန်ပြီ" လို့ ဘုရားအလောင်းတော်က ငြီးငြူတော်မူမိပါတယ်။ အဲဒီစကားကို အကြောင်းပြုပြီးတော့ သုဒ္ဓေါဒနမင်းကြီးက ဘုရားအလောင်းတော်ကို တော မထွက်နိုင်အောင် ရာဟုကဲ့သို့ ဖမ်းယူနိုင်တဲ့ သားတော် ကလေးဖြစ်ပါစေလို့ ရည်ရွယ်ပြီး အဲဒီသားတော်ကလေး အား "ရာဟုလာ" လို့ အမည်ပေးပါသတဲ့။

ဘုရားအလောင်းတော်ဟာ လူ့ဘောင်မှာ မပျော်မွေ့နိုင်တဲ့အတွက် အဲဒီညဥ့်သန်းခေါင်ယံအချိန်မှာ ကဏ္ဍကဆိုတဲ့ မင်္ဂလာမြင်းတော်ကို စီးတော်မူပြီး နောက်တော်ပါ ဆန္နအမတ်နှင့်တကွ တောထွက်တော် မူခဲ့တယ်။ အနောမာမြစ်ရောက်တဲ့အခါ အဲဒီမြစ်ရဲ့ သဲသောင်ပြင်ပေါ်မှာ ဆံမုတ်ဆိတ်တော်များကိုပယ်ပြီး ဃဋီကာရဗြဟ္မာကပ်လှူတဲ့ သင်္ကန်းတော်ကိုရုံတော်မူကာ ရဟန်းပြုတော်မူခဲ့တယ်။ အဲဒီတုန်းက ဘုရားအလောင်း တော်ဟာ သက်တော် (၂၉) နှစ်အရွယ်သာရှိတော်မူပါ သေးတယ်။ ပျော်စရာအကောင်းဆုံးအရွယ်ပေါ့။ ဒါပေမယ့် အဲဒီလို ပျော်စရာအကောင်းဆုံးအချိန်မှာပဲ တို့ဘုရား

အလောင်းတော်ကတော့ ထီးနန်းစည်းစိမ်တွေနဲ့ ယသော်ဓရာအမျိုးရှိတဲ့ မိဖုရားအခြွေအရံတွေကို မငဲ့မကွက် ပယ်စွန့်ပြီး ရဟန်းပြုတော်မူခဲ့တာဟာ လွန်စွာအံ့ဩဖွယ် ကောင်းတဲ့အပြင် လွန်စွာကြည်ညိုဖို့လည်းကောင်းပါတယ်။

## အာဠာရရသေ့ကြီးထံ နည်းခံခြင်း

အဲဒီလို ရဟန်းပြုတော်မူခဲ့ပေမယ်လို့ ဘုရားအလောင်းတော်မှာ တရားကျင့်ဖို့နည်းလမ်းတော့ မရှိသေးဘူး။ ဒါ့ကြောင့် အဲဒီခေတ်က ထင်ရှားကျော်ကြားနေတဲ့ ကာလာမအနွယ်ဖြစ်တဲ့ အာဠာရရသေ့ကြီးထံသွားရောက်ခဲ့ပါတယ်။ အဲဒီရသေ့ကြီးဟာ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး။ ရူပဈာန် သမာပတ်လေးပါး၊ အရူပဈာန်သမာပတ်လေးပါး = အဲဒီဈာန်ရှစ်ပါးထဲက အာကိဉ္စညာယတနဈာန်အထိ ဈာန်သမာပတ်ခုနစ်ပါးကို ကိုယ်တိုင်ရရှိပြီး တပည့်များအား လက်တွေ့ညွှန်ကြားပြသနေတဲ့ ပုဂ္ဂိုလ်ထူးကြီးဖြစ်တယ်။ ဘုရားမပွင့်မီကဆိုလျှင် ဈာန်သမာပတ်တွေကို ကိုယ်တိုင်ရပြီး ဒီလိုလက်တွေ့ညွှန်ပြပေးနေတဲ့ ပုဂ္ဂိုလ်ဆိုတာ တကယ့်ကိုအားကိုးထိုက်တဲ့ပုဂ္ဂိုလ်ကြီးပါပဲ။ သူ့ခေတ်တုန်းက ဆိုလျှင် ဘုရားတစ်ဆူလို ထင်ရှားကျော်ကြားတဲ့ပုဂ္ဂိုလ်ကြီး ပေါ့။ အဲဒီရသေ့ကြီးဟာ ဘယ်မှာနေတယ်၊ တပည့်ပရိသတ် ဘယ်လောက်ရှိတယ်လို့ ထေရဝါဒပိဋကများမှာ ပြဆို

ထားတာမရှိဘူး။ လလိတဝိတ္ထာရခေါ် တဲ့ မြောက်ပိုင်းဗုဒ္ဓဝင်မှာတော့ အဲဒီရသေ့ကြီးဟာ ဝေသာလီပြည်နယ်ထဲမှာနေတယ်။ တပည့်ပရိသတ်သုံးရာရှိတယ်လို့ ပြဆိုထားကြောင်းကို မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဓမ္မစကြာတရားတော်ကြီးထဲမှာတွေ့တယ်။ ဒါလဲ ထေရဝါဒပိဋကလာမဟုတ်ပေမယ့် ဗဟုသုတအဖြစ် မှတ်ထားသင့်တဲ့အကြောင်းအရာပါပဲ။

ဘုရားအလောင်းတော်ဟာ ကာလာမအနွယ်ဖြစ်တဲ့ အာဠာရရသေ့ကြီးထံ သွားရောက်ပြီး "ငါ့ရှင်ကာလာမ ... သင်ဟောကြားနေတဲ့ အကျင့်မြတ်ကိုကျင့်လိုပါတယ်" လို့ ပြောကြားနည်းခံပါတယ်။ အဲဒီတော့ အာဠာရရသေ့ကြီးက "အရှင်ရဟန်း ဤဌာနမှာလာပြီးတော့နေလှည့်ပါ။ ကျွန်ုပ်ညွှန်ပြတဲ့တရားကို ဆရာညွှန်ပြတဲ့အတိုင်း အားထုတ်တဲ့ပညာရှိဟာ မကြာမီမှာပင် ဆရာသိတဲ့တရားကို မိမိကိုယ်တိုင်သိပြီးနေနိုင်ပါတယ်" လို့ မိမိကိုယ်တွေ့ဖြစ်တဲ့အကြောင်းကို အားပေးစကားပြောကြားပြီး ညွှန်ပြပေးပါတယ်။ အဲဒီတော့ ဘုရားအလောင်းတော်ဟာ "အာဠာရမှာသာ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ ရှိတာမဟုတ်ဘူး။ ငါ့မှာလည်း ရှိတာပဲ" လို့ ဆင်ခြင်ပြီးတော့ အာဠာရရထားတဲ့ တရားကို ကိုယ်တွေ့ရအောင် အားထုတ်လို့ မကြာမီမှာပဲ အာကိဉ္စညာယတနစျာန် သမာပတ်ကို

ရတော်မူပါတယ်။ အဲဒီအခါ ဘုရားအလောင်းတော်က အာဠာရရသေ့ကြီးထံသွားပြီးတော့ “ဆရာကြီး ကိုယ်ပိုင်ဉာဏ်ဖြင့် မျက်မှောက်တွေ့ပြီး ရောက်နေတယ်ဆိုတဲ့ တရားဟာ အကျွန်ုပ် ယခုတွေ့ထားတဲ့တရားအတိုင်းပဲ ဟုတ်ပါရဲ့လား” မေးမြန်းတော်မူပါတယ်။

အဲဒီတော့ အာဠာရရသေ့ကြီးက “ဟုတ်ပါတယ်။ ကျွန်ုပ်ကိုယ်ပိုင်ဉာဏ်ဖြင့်တွေ့ပြီး ရောက်နေတယ်ဆိုတဲ့ တရားဟာ ငါ့ရှင်ဂေါတမတွေ့ထားတဲ့တရားအတိုင်းပါပဲ၊ ကျွန်ုပ်လည်း ဒီလောက်သာတွေ့တာပါပဲ၊ ကျွန်ုပ် မျက်မှောက်တွေ့ပြီး သိတယ်ဆိုတဲ့တရားကို အရှင်ဂေါတမလည်း သိလာပါတယ်။ အရှင်ဂေါတမ သိလာတဲ့တရားကိုပဲ ကျွန်ုပ်လည်းသိပါတယ်။ ဒါ့ကြောင့် အရှင်ဂေါတမဟာ ကျွန်ုပ်နှင့် ဂုဏ်ရည်တူဖြစ်နေပါပြီ၊ ဒီဌာနမှာနေပြီး ဒီဂိုဏ်းဂဏက ပရိသတ်များကို အရှင်ဂေါတမနှင့် အကျွန်ုပ်တို့ တန်းတူဆရာကြီးများအဖြစ်ဖြင့် ညွှန်ကြားစောင့်ရှောက်သွားကြပါစို့” လို့ ပြောပြီးတော့ တပည့်ပရိသတ်တစ်ဝက်ကို ဘုရားလောင်းအား ညွှန်ကြားပြသဖို့ ခွဲပေးလိုက်ပါတယ်။

ဒါပေမယ့် ဘုရားအလောင်းတော်က အဲဒီဌာနမှာ အချိန်အနည်းငယ်သာနေပြီး “ဒီအာကိဉ္စညာယတနစျာန်ဟာ ကိလေသာငြိမ်းဖို့၊ ဆင်းရဲအားလုံးငြိမ်းဖို့

မဟုတ်ဘူး” လို့ ဆင်ခြင်ပြီးတော့ အဲဒီ အာဠာရရဲ့ ကမ္မဋ္ဌာန်း ဌာနက ထွက်ခွာခဲ့ပါတယ်။

## ဥဒကရသေ့ကြီးထံ နည်းခံခြင်း

အဲဒီကထွက်ခွာလာပြီးတော့ သေခြင်းကင်းတဲ့ အငြိမ်းဓာတ် အမြတ်နိဗ္ဗာန်ကို ရှာကြံလှည့်လည်နေရင်း ရာမ ဆရာကြီး၏သား (တပည့်) ဖြစ်တဲ့ ဥဒကရသေ့ကြီးထံ သွားရောက်ပြီးတော့ ရာမဆရာကြီး၏ တရားကျင့်နည်းကို မေးမြန်းခံယူပြန်ပါတယ်။ ရာမဆရာကြီးဟာ နေဝသညာ နာသညာယတနစျာန်အထိ သမာပတ်ရှစ်ပါးလုံးကိုရတဲ့ ရသေ့ကြီးဖြစ်ပါတယ်။ ဘုရားအလောင်းတော် ရောက် သွားတဲ့အချိန်မှာတော့ ရာမဆရာကြီးက မရှိတော့ပါဘူး။ ဒါ့ကြောင့် “ရာမဆရာကြီးဟာ အဘယ်မျှအထိ မျက်မှောက် တွေ့ပြီးသိနေတယ်လို့ ပြောကြားခဲ့ဖူးပါသလဲ” လို့ ဥဒက ရသေ့ကြီးကို ဘုရားအလောင်းက မေးတော်မူတယ်။ အဲဒီတော့ ဥဒကရသေ့ကြီးက ရာမဆရာကြီး၏ တရား အားထုတ်နည်းကို ပြောပြတယ်။ အဲဒီ ပြောပြတဲ့အတိုင်း အားထုတ်တဲ့အတွက် ဘုရားအလောင်းတော်ဟာ ရာမ ဆရာကြီး ကိုယ်တိုင်တွေ့သိထားတဲ့ နေဝသညာ နာသညာယတနစျာန်အထိ သမာပတ်ရှစ်ပါးလုံးကို မကြာခင်ဘဲ ကိုယ်တိုင် တွေ့သိတော်မူတယ်။

ဘုရားအလောင်းတော်နှင့် တွေ့စဉ်အခါတုန်းက ဥဒကရသေ့ကြီးဟာ နေဝသညာနာသညာယတနစျာန် အထိ မရသေးဘူး။ ရာမဆရာကြီးရထားတဲ့ တရားအနေနဲ့ သာပြောကြားခဲ့တယ်။ ဒါ့ကြောင့် ဘုရားအလောင်းကို မိမိထက် သာလွန်တဲ့အတွက် ဆရာအဖြစ်တင်မြှောက်ပြီး တပည့်အပေါင်းကို လွှဲအပ်ခဲ့ပါတယ်။ ဥဒကရသေ့ကြီးဟာ နောက်မှ ဘုရားအလောင်းတော်ကို အားကျပြီးအားထုတ်လို့ နေဝသညာနာသညာယတနစျာန်ကို ရရှိသွားပါတယ်။ အဲဒီ ဥဒကရသေ့ကြီးရဲ့ နေရာဒေသနှင့် တပည့်ပရိသတ်တို့ အကြောင်းအရာကို ထေရဝါဒပိဋကတ်တော်များမှာ ပြဆို ထားတာမရှိဘူး။ လလိတဝိတ္ထာရ ခေါ်တဲ့ မြောက်ပိုင်း ဗုဒ္ဓဝင်မှာတော့ ဥဒကရသေ့ကြီးဟာ ရာဇဂြိုဟ်မြို့နယ်ထဲ မှာနေတယ်။ တပည့်ပရိသတ် (၇၀၀) ရှိတယ်လို့ ပြဆိုကြောင်းကို မဟာစည်ဆရာတော်ဘုရားကြီး၏ ဓမ္မစကြာတရားတော်ကြီးမှာ တွေ့ရတယ်။ အဲဒါလည်း ထေရဝါဒ ပိဋကတ်လာမဟုတ်ပေမယ့် ဗဟုသုတအလို့ငှာ မှတ်သားသင့်တာပါပဲ။

ဘုရားအလောင်းတော်ဟာ အဲဒီကမ္မဋ္ဌာန်းဌာနမှာ အချိန်အနည်းငယ်သာ ဆရာကြီးအဖြစ်ဖြင့် ညွှန်ကြား ပြသနေခဲ့ပြီး "ဒီ နေဝသညာနာသညာယတနစျာန် ဟာလည်း ကိလေသာငြိမ်းဖို့၊ ဆင်းရဲအားလုံးငြိမ်းဖို့

မဟုတ်ဘူး” လို့ ဆင်ခြင်ပြီးတော့ အဲဒီဥဒကရသေ့ကြီးရဲ့ ကမ္မဋ္ဌာန်းဌာနက ထွက်ခွာခဲ့ပါတယ်။

## ဥရုဝေလတောသို့ ဒုက္ကရစရိယာ ကျင့်တော်မူပုံ

အဲဒီကထွက်ခွာခဲ့ပြီးတော့ သေခြင်းကင်းတဲ့ အငြိမ်းဓာတ် အမြိုက်နိဗ္ဗာန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် ရှာကြံနေရင်း မဂဓတိုင်း၊ သေနာနိဂုံးရွာကြီးအနီး ဥရုဝေလတောသို့ရောက်တော်မူသွားတယ်။ အဲဒီအရပ်မှာ ကြည်လင်အေးမြတဲ့ရေတွေ စီးသွားနေတဲ့ နေရဉ္ဇရာမြစ်ကိုလည်း တွေ့ရတယ်။ အနီးအပါးမှာ သေနာနိဂုံးဆိုတဲ့ ဆွမ်းခံဖို့ရွာကြီးကိုလည်းတွေ့ရတယ်။ အဲဒီလို မြေကောင်း၊ ရေကောင်း၊ တောတောင်ကောင်းများနှင့် ဆွမ်းခံရွာကို တွေ့ရတဲ့အတွက် “ဒီအရပ်ဟာ တရားအားထုတ်လိုသူတို့ တရားအားထုတ်ဖို့ရာ သင့်လျော်တဲ့အရပ်ပဲ” လို့ ဆင်ခြင်ပြီး အဲဒီ ဥရုဝေလတောအုပ်မှာပဲ နေခဲ့ပါတယ်။

အဲဒီတုန်းက ဘုရားအလောင်းတော်မှာ တရားအားထုတ်ဖို့ တိကျမှန်ကန်တဲ့ ကျင့်နည်းကမရှိသေးဘူး။ အပင်ပန်းခံပြီး တရားအားထုတ်တဲ့ အကျင့်ကတော့ အဲဒီတုန်းက အိန္ဒိယနယ်ပယ်တစ်ဝိုက်မှာ ခေတ်စားပြီး ပေါ်လွင်ထင်ရှားနေတဲ့အကျင့်ဖြစ်တယ်။ အဲဒီကျင့်နည်းကိုပဲ လူအများစုက မှန်ကန်တဲ့အကျင့်လို့ ထင်မြင်ယူဆနေတဲ့

အချိန်အခါဖြစ်တယ်။ အဲဒါကြောင့် ဘုရားအလောင်းတော်ဟာ ပြင်းပြင်းထန်ထန် ခဲခဲယဉ်းယဉ်းကျင့်တဲ့ ဒုက္ကရစရိယာအကျင့်ကို အားထုတ်တော်မူတယ်။

## ပဥ္စဝဂ္ဂီတို့ ပြုစုလုပ်ကျွေးခြင်း

အဲဒီလို ဘုရားအလောင်းတော်ဟာပြုကျင့်နိုင်ခဲတဲ့ ဒုက္ကရစရိယာအကျင့်ကို ကျင့်နေတဲ့အခါ ပဥ္စဝဂ္ဂီရဟန်းတို့က လာရောက်ပြီး ဝတ်ကြီးဝတ်ငယ် ပြုစုလုပ်ကျွေးကြတယ်။ ပဥ္စဝဂ္ဂီတွေဆိုတာ တခြားကမဟုတ်ဘူး။ ဘုရားအလောင်းတော်ဖွားမြင်ပြီးစအချိန်တုန်းက ဘုရားအလောင်းတော်လေးကို ဗေဒင်ဟောခဲ့ကြတဲ့ မင်းဆရာ ပုရောဟိတ်ပုဏ္ဏားတော်တွေပါပဲ။ အဲဒီတုန်းက ဗေဒင်ဟောနိမိတ်ဖတ်ကြတဲ့ ပုဏ္ဏားတော်တွေဟာ ရှစ်ယောက်ရှိတယ်။ အဲဒီရှစ်ယောက်ထဲမှာ (၇)ယောက်က လက်နှစ်ချောင်းထောင်ပြီး "စကြဝတေးမင်းရင်လည်းဖြစ်မယ်၊ ဘုရားရင်လည်းဖြစ်မယ်" လို့ နှစ်မျိုးဟောကြတယ်။ ကျန်တဲ့ ငါးယောက်ကတော့ လက်ညှိုးတစ်ချောင်းတည်းထောင်ပြီး "ဧကန်ဘုရားဖြစ်လိမ့်မယ်" လို့ ကျိန်းသေဟောကြတယ်။ အဲဒီလို ကျိန်းသေဟောကြတဲ့ ပုဏ္ဏားငါးယောက်က အိမ်ထောင်သံယောဇဉ်မရှိခင် တောထွက်ပြီး ရဟန်းပြုလာကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်လို့ မူလပဏ္ဏာသအဋ္ဌကထာ (၃-၉၂)

မှာ ပြဆိုထားတယ်။ ဗုဒ္ဓဝံသအဋ္ဌကထာ စသည်မှာတော့ ပုဏ္ဏား(၇)ယောက်က နှစ်မျိုးဟောကြတယ်။ အရှင်ကောဏ္ဍညအလောင်း အငယ်ဆုံးပုဏ္ဏားက လက်ညှိုးတစ်ချောင်းထောင်ပြီး ဘုရားဖြစ်လိမ့်မယ်လို့ ကျိန်းသေဟောတယ်။ အဲဒီကောဏ္ဍညပုဏ္ဏားက အခြားပုဏ္ဏားတော်လေးယောက်တို့၏ သားလေးယောက်နှင့်အတူ ရဟန်းပြုလာတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်လို့ ပြဆိုထားပါတယ်။

အဲဒီလို စောစောက ရဟန်းပြုနှင့်ကြပြီးတော့ ဘုရားအလောင်းတော် တောထွက်ရဟန်းပြုတာကို မျှော်လင့်စောင့်ဆိုင်းနေကြတယ်။ ဘုရားအလောင်းတော် ဥရုဝေလတောအုပ်မှာ ဒုက္ကရစရိယာအကျင့်ကို ကျင့်နေပြီလို့ ကြားသိရတဲ့အခါမှာ လာရောက်ကြပြီးတော့ "ဘုရားဖြစ်တဲ့အခါ ငါတို့အား ရှေးဦးစွာတရားဟောလိမ့်မယ်၊ ငါတို့ တရားဦးကို နာကြရမယ်" ဆိုတဲ့ ရည်ရွယ်ချက်နှင့် မျှော်လင့်ပြီး ဘုရားအလောင်းတော်အား ဝတ်ကြီးဝတ်ငယ်ပြုစု လုပ်ကျွေးနေကြတဲ့ ပုဏ္ဏားတော်များဖြစ်ကြတယ်။

## စိတ်ကိုစိတ်ဖြင့်နှိပ်တဲ့ ဒုက္ကရစရိယာအကျင့်

ဘုရားအလောင်းတော်ဟာ ဖြစ်ပေါ်လာတဲ့ ရှေ့စိတ်ကို နောက်စိတ်ဖြင့် ဖိနှိပ်ပြီးကျင့်တဲ့အကျင့်ကို ကျင့်ပါတယ်။ ဘုရားအလောင်းတော်ဟာ အဲဒီတုန်းက

အံသွားကြိတ်ပြီး စိတ်, စိတ်ချင်းအတင်းလိုက်ပြီး နှိပ်နေရတာဟာ အလွန်ပင်ပန်းပါသတဲ့။ ပင်ပန်းလွန်းလို့ ချိုင်းကြားက ချွေးတွေတောင်ယိုစီးထွက်ကျလာပါသတဲ့။ အဲဒီလို ပင်ပန်းအောင် အားထုတ်တဲ့အတွက် ဉာဏ်ထူး၊ တရားထူးကိုတော့ မရခဲ့သေးပါဘူး။

## အပ္ပါဏက ဒုက္ကရစရိယာအကျင့်

စိတ်, စိတ်ချင်းနှိပ်တဲ့နည်းဖြင့် ဉာဏ်ထူး၊ တရားထူးကို မရသေးတဲ့အတွက် ဘုရားအလောင်းတော်ဟာ ရှုတဲ့၊ ရှိုက်တဲ့ ဝင်လေ၊ ထွက်လေကို ထိန်းချုပ်ပြီး ပါးစပ်ကရော နှာခေါင်းကပါ အသက်ရှူ လေမထွက်နိုင်အောင် ထိန်းချုပ်ထားပါသတဲ့။ အဲဒီအခါ လေတွေက နားပေါက်မှ အတင်းတိုးပြီးထွက်တဲ့အသံဟာ ပန်းပဲဖိုက လေသံလိုပဲ မြည်နေပါသတဲ့။ အဲဒါကြောင့် ကိုယ်လည်းပင်ပန်းပါသတဲ့။ ဒါပေမယ့် ဘုရားအလောင်းတော်က အလျှော့မပေးဘူး။ ပါးစပ်ပေါက်၊ နှာခေါင်းပေါက်၊ နားပေါက်တွေမှရော မထွက်နိုင်အောင် လေတွေကိုပိတ်ပြီး ထားလိုက်ပြန်ပါသတဲ့။ အဲဒီအခါ ဦးခေါင်းကို သားရေကြိုးနဲ့ အတင်းရစ်ပတ်နေသလို နာကျင်ပါသတဲ့။ ဝမ်းဗိုက်ထဲက လေတွေကလည်း အတင်းတိုးကြတာဟာ သားလှီးဓားနဲ့ လှီးသလိုပဲ အလွန်နာကျင်ပါသတဲ့။ မီးကျီးပုံမှာအကင်ခံရသလို အလွန်

ပြင်းထန်စွာပူလောင်နေပါသတဲ့။ အဲဒီလို ပူလောင်ပင်ပန်းနေတဲ့အတွက် ဘုရားအလောင်းတော်ဟာ လဲကျပြီး မလှုပ်မယှက်နိုင်အောင်ဖြစ်နေရှာတယ်တဲ့။ အဲဒီလို အပင်ပန်းခံပြီးအားထုတ်ပေမယ့် ဉာဏ်ထူး၊ တရားထူးကိုတော့ မရခဲ့သေးပါဘူး။

## အစာမစားတဲ့ ဒုက္ကရစရိယာအကျင့်

ဒါ့ကြောင့် ဘုရားအလောင်းတော်ဟာ အစာအာဟာရကို လျှော့ပြီး သုံးဆောင်တော်မူပါတယ်။ ဘယ်လောက်အထိလျှော့သလဲဆိုရင် ပဲပြုတ်ရည်ကလေး တစ်လက်ဆွန်းမျှအထိလျှော့ပြီး သုံးဆောင်ပါသတဲ့။ အဲဒီလို အစာအာဟာရလျှော့ပြီး သုံးဆောင်တော့ ဘုရားအလောင်းတော်ရဲ့ ကိုယ်ဟာ အသားအရေတွေလျှော့ပါးပြီး ပိန်ချုံးကျသွားတယ်။ အရေ၊ အကြော၊ အရိုးမျှသာကျန်တော့တယ်။ ကျောဆစ်ရိုးတွေဟာ နိမ့်လိုက်မြင့်လိုက်နဲ့ အဖုအဆစ်အထစ်ထစ်တွေဖြစ်ပေါ်နေပါတယ်။ နံရိုးတွေလည်း ကျိုးတိုးကျဲတဲဖြစ်နေပါသတဲ့။ မျက်လုံးများကလည်း ချိုင့်ဝင်ပြီး ရေတွင်းထဲကရေကို မြင်ရသလိုပါပဲတဲ့။ ဦးခေါင်းရေကလည်း ဗူးသီးနုနုကိုခူးပြီး နေလှမ်းထားသလို ရှုံ့တွနေပါသတဲ့။ ဝမ်းဗိုက်ကိုလက်နဲ့စမ်းကြည့်ရင် ကျောရိုးကိုတွေ့ရပါသတဲ့။ ကျောကိုစမ်းကြည့်ရင်လည်း ဝမ်းရေကို

တွေ့ရပါသတဲ့။ အဲဒီလို ပိန်ချုံးကျသွားတာဟာ အစာအာဟာရနည်းလွန်းလို့ပါပဲ။ ကျင်ကြီးကျင်ငယ် စွန့်ရန်အားစိုက်လိုက်တဲ့အခါမှာလည်း အလွန်ပင်ပန်းပြီးမှောက်ရက်လဲကျသွားပါသတဲ့။ ပကတိဝါဝင်းပြီး အလွန်သန့်ရှင်းတဲ့ အရေအဆင်းများ ပျက်စီးသွားပါတယ်တဲ့။ အဲဒါဟာ ကိုယ်ပင်ပန်းအောင်ကျင့်ခြင်းဖြင့် အသွေးအသားတွေခြောက်ခန်းပြီး စိတ်ကြည်လင်ကာ သတိ၊ သမာဓိ၊ ပညာတွေ ဖြစ်လိမ့်မယ်လို့ထင်ပြီး အားထုတ်တာပါပဲ။

## မှန်သောဆင်ခြင်ဉာဏ်ဖြစ်ပေါ်လာ

ဒါပေမယ့် ဒုက္ကရစရိယာအကျင့်ကိုကျင့်လို့ခြောက်နှစ်ကြာတဲ့အခါကျတော့ ဘုရားအလောင်းတော်မှာ ဒီလိုစဉ်စားဆင်ခြင်ဉာဏ်ဖြစ်ပေါ်လာတယ်။ “ရှေးအတိတ်ကာလကသမဏ, ဗြဟ္မဏဆိုတဲ့ ရဟန်းသူမြတ်တွေ ကိုယ့်ကိုယ်ကိုပင်ပန်းအောင်ပြုလုပ်ပြီး အလွန်အခံခက်တဲ့ ဆင်းရဲဒုက္ခဝေဒနာတွေကို ခံစားကြတယ်ဆိုတာလည်း ငါယခု ခံစားရသလောက်ရှိမှာပဲ။ နောင်အနာဂတ်ကာလမှာ ရဟန်းသူမြတ်တွေ ကိုယ့်ကိုယ်ကိုပင်ပန်းအောင်လုပ်ပြီး အလွန်အခံခက်တဲ့ဆင်းရဲဒုက္ခဝေဒနာတွေကို ခံစားကြလိမ့်မယ်ဆိုတာလည်း ငါယခုခံစားရသလောက်ရှိမှာပဲ။ ယခု ပစ္စုပ္ပန်ကာလ၌ ရဟန်းသူမြတ်တွေ ကိုယ့်ကိုယ်ကို ပင်ပန်းအောင်

လုပ်ပြီး အလွန်အခံခက်တဲ့ဆင်းရဲ ဒုက္ခဝေဒနာတွေကို ခံစားနေကြတယ်ဆိုတာလည်း ငါယခုခံစားသလောက် ရှိမှာပဲ။ ဒါ့ထက်တော့မပိုနိုင်ဘူး။ ဒါပေမယ့် ငါဟာ အလွန် အခံခက်တဲ့၊ ပြုကျင့်နိုင်ခဲတဲ့ ဒီဒုက္ကရစရိယာအကျင့်ဖြင့် ကိလေသာတို့ကို ပယ်စွမ်းနိုင်တဲ့ အရိယာဉာဏ်အမြင်ထူးကို မရပါတကား။ ကိုယ်ပင်ပန်းအောင်ကျင့်တဲ့ ဒီဒုက္ကရစရိယမှ တပါးသော အကျင့်လမ်းသည်သာလျှင် အမှန်ကိုသိရန် ဖြစ်လေသလား။ အမှန်ကိုသိရန် အခြားအကျင့်လမ်း ရှိသေးသလား"လို့ ဘုရားအလောင်းတော်မှာ အကြံဉာဏ် ဖြစ်ပေါ်လာတယ်။

အဲဒီလို အကြံဉာဏ်ဖြစ်ပေါ်လာပြီးတော့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာပြုစဉ်အခါ သပြေပင် အောက်မှာ ပထမဈာန်ကိုရပြီး ဝင်စားနေခဲ့ဖူးတာကို ပြန်လည်အမှတ်ရလာတယ်။ အဲဒီပထမဈာန် အကျင့်ဟာ အမှန်ကိုသိရန်ဖြစ်လေသလားလို့လည်း ဆင်ခြင်မိတယ်။

## သူငယ်ဘဝက ဈာန်ရခဲ့ပုံ

ဘုရားအလောင်းတော်က ကဆုန်လပြည့်နေ့မှာ ဖွားမြင်တော်မူခဲ့တယ်။ နယုန်လ၊ ဝါဆိုလလောက်မှာ သုဒ္ဓေါဒနမင်းကြီးက လယ်ထွန်မင်္ဂလာပွဲကျင်းပဟန် တူပါတယ်။ အဲဒီလယ်ထွန်မင်္ဂလာပွဲကျင်းပနေတုန်းက

သပြေပင်ရိပ်မှာ ကောင်းမြတ်တဲ့အခင်းအကျင်းများ၊ အကာအရံများဖြင့် လုံခြုံစွာဘုရားအလောင်းတော် ကလေးကို သိပ်ထားတယ်။ အထိန်းတော်တွေကလည်း ရှိရှိသေသေစောင့်ရှောက်နေကြတယ်။ ဒါပေမယ့် ဘုရင် ကိုယ်တိုင်ကျင်းပတဲ့ အင်မတန်ခမ်းနားကြီးကျယ်တဲ့ လယ်ထွန်မင်္ဂလာပွဲကြီးဖြစ်တဲ့အတွက် အထိန်းတော် တွေကလည်း မင်းသားကလေး အိပ်ပျော်နေတယ်ထင်ပြီး ခဏတဖြုတ်အနေနဲ့ လယ်ထွန်မင်္ဂလာပွဲကို သွားရောက် ကြည့်ရှုကြတယ်။

အဲဒီအချိန်မှာ ဘုရားအလောင်းတော် မင်းသား ကလေးဟာ အထိန်းတော်တွေမရှိကြောင်း သိတာနဲ့ အိပ်ရာ မှထပြီး တင်ပလ္လင်ခွေထိုင်ကာ ဘဝပေါင်းများစွာက ပါရမီ အထုံပါလာတဲ့အတွက် နှာခေါင်းမှ ဝင်လေ၊ ထွက်လေကို ရှုမှတ်နေတယ်။ တစ်ခဏလေးအတွင်းမှာပဲ အင်္ဂါငါးပါးရှိတဲ့ ပထမစျာန်ကို ရောက်ပြီးဝင်စားနေတယ်။ အထိန်းတော် တွေဟာ ခဏလောက်ရည်ရွယ်ပြီးသွားပေမယ့် အမှတ်တမဲ့ နဲ့ အချိန်ကုန်မှန်းမသိကုန်သွားပြီး အတော်ကြာသွားတယ်။ သူတို့ပြန်လာတော့ သစ်ပင်ရိပ်တွေတောင် တခြားဘက် ရောက်ကုန်ပြီတဲ့။ ဘုရားအလောင်းတော်ကလေး ထိုင်နေတဲ့ သစ်ပင်ရိပ်ကတော့ မရွေ့မပြောင်းဘဲတည်နေသတဲ့။

ဘုရားအလောင်းတော်လေးဟာလည်း ငြိမ်သက်စွာ ဈာန်ဝင်စားနေပါတယ်။ အဲဒါကို တွေ့မြင်ကြရတော့ သုဒ္ဓေါဒနမင်းကြီးထံ သံတော်ဦးတင်ကြတယ်။ သုဒ္ဓေါဒနမင်းကြီးကလည်း သစ်ပင်ရိပ်မရွှေ့မပြောင်းဘဲ တည်နေတာနဲ့ သားတော်ကလေးငြိမ်သက်စွာထိုင်နေတာကိုမြင်ရတော့ အလွန်အံ့ဩပြီး သားတော်ကလေးကိုရှိခိုးပါသတဲ့။

အဲဒီလယ်ထွန်မင်္ဂလာပွဲစဉ် သူငယ်ဘဝကရခဲ့တဲ့ အာနာပါနဈာန်ကို ခုတင်ကပြောခဲ့တဲ့အတိုင်းပြန်ပြီး သတိရလာတာပဲ။ အဲဒီလိုသတိရပြီးတော့ အဲဒီအာနာပါနဈာန်အကျင့်သည်သာ တရားမှန်ကိုသိရန် လမ်းမှန်ဖြစ်တယ်လို့ ဆုံးဖြတ်ချက်ချလိုက်တယ်။ ဆုံးဖြတ်ချက်ချပြီးတော့ "အလွန်ပိန်ချုံးပြီးအားမရှိတဲ့ ဒီကိုယ်မျိုးနဲ့တော့ အဲဒီအာနာပါနဈာန်ရအောင် အားထုတ်နိုင်မှာမဟုတ်ဘူး။ စားသုံးနေကျ ဆွမ်းဘောဇဉ်အာဟာရကြမ်းများကို သုံးဆောင်ပြီး အားအင်ပြည့်လာတော့မှပဲ အာနာပါနဈာန်ကိုရအောင်အားထုတ်နိုင်မယ်" လို့ ဆင်ခြင်တော်မူပြီး ရှေးက သုံးဆောင်နေကျ ဆွမ်းဘောဇဉ်အာဟာရကြမ်းများကို ပြန်လည်သုံးဆောင်တော်မူပါတယ်။

## ပဉ္စဝဂ္ဂီတို့ စွန့်ခွာထွက်သွားကြခြင်း

အဲဒီလို အစာအာဟာရကြမ်းများကို ပြန်ပြီး သုံးဆောင်တော်မူတဲ့အခါ ပဉ္စဝဂ္ဂီရဟန်းများက “တို့ဆရာဟာ ပဲပြုတ်ရည်ကလေး တစ်လက်ဆွန်းလောက်အထိ လျှော့ပြီး အာဟာရကိုသုံးဆောင်ကာ (၆)နှစ်ပတ်လုံး ဆင်းဆင်း ရဲရဲကျင့်တာတောင် ဉာဏ်ထူး၊ တရားထူးကို မရခဲ့ဘူး။ ယခု အစာအာဟာရကြမ်းတွေကို စားသုံးမြဲ စားသုံးနေလျှင်တော့ ဉာဏ်ထူး တရားထူးကို ရနိုင်တော့မှာ မဟုတ်တော့ဘူး။ တို့ဆရာဟာ အပြင်းအထန်အားထုတ်တဲ့ ပဓာနအလုပ်ကထွက်ပြီး လာဘ်ပေါ်အောင်၊ ဘုန်းကြီးအောင်ပြုလုပ်နေပြီ” လို့ အထင်လွဲကာ ဘုရားအလောင်းတော်ကို စွန့်ခွာထွက်သွားကြပြီးတော့ ဗာရာဏသီပြည်နယ်ထဲက မိဂဒါဝုန်တောမှာ သွားပြီးနေကြသတဲ့။

## ဘုရားအဖြစ်သို့ရောက်ရန် အစိတ္တာန်

အဲဒီလို ပဉ္စဝဂ္ဂီတွေထွက်ခွာသွားတာဟာ ဘုရားအလောင်းတော်အတွက် လူသူမရှိဘဲ ဆိတ်ငြိမ်ခြင်းဆိုတဲ့ ကာယဝိဝေကရသွားတဲ့ ကောင်းမြတ်တဲ့အကြောင်းတစ်ခုလို့ ဆိုရမှာပဲ။

အဲဒီအခါမှာ ဘုရားအလောင်းတော်ဟာ သက်တော် (၃၅)နှစ်အရွယ်ပဲရှိသေးတယ်။ အရွယ်ကလည်း

နုပျိုတုန်း ကျန်းမာရေးကလည်း အတော်ကောင်းနေတဲ့ အတွက် (၁၅)ရက်လောက်အတွင်းမှာ ဆွမ်းဘောဇဉ်များကို သုံးဆောင်ပြီး မူလကလိုပင် အသားအရေတွေ ပြန်ပြီး ပြည့်ဝလာတယ်။ လက္ခဏာတော်ကြီးငယ်တွေလည်း ထင်ရှားပေါ်လာတယ်။ အဲဒီလို ဆွမ်းဘောဇဉ်အာဟာရကို သုံးဆောင်လို့ အားအင်ပြည့်ဝလာတဲ့အခါမှာ ဘုရား အလောင်းတော်ဟာ အာနာပါနခေါ်တဲ့ ဝင်လေ၊ ထွက်လေ ကိုရှုပြီးတော့ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဆိုတဲ့ အင်္ဂါ(၅)ပါးရှိတဲ့ ပထမဈာန်ကို ဝင်စားပြီး ဈာန်ချမ်းသာ ဖြင့်နေတော်မူခဲ့တယ်။ ပီတိ, သုခ, ဧကဂ္ဂတာ ဆိုတဲ့ ဈာန်အင်္ဂါ (၃)ပါးရှိတဲ့ ဒုတိယဈာန်၊ သုခ, ဧကဂ္ဂတာဆိုတဲ့ အင်္ဂါ (၂)ပါးရှိတဲ့ တတိယဈာန်၊ ဥပေက္ခာ, ဧကဂ္ဂတာဆိုတဲ့ အင်္ဂါ (၂)ပါးရှိတဲ့ စတုတ္ထဈာန်တို့ကိုလည်းဝင်စားပြီး ဈာန်ချမ်းသာဖြင့် နေတော်မူခဲ့တယ်။ အဲဒီလို ဈာန် (၄)ပါးကို ဝင်စားလျက် ဈာန်ချမ်းသာဖြင့်နေခဲ့ပြီးနောက် မဟာ သက္ကရာဇ် ၁၀၃-ခုနှစ်၊ (ယခု ၁၃၇၁-ခုနှစ်က ပြန်ပြီး ရေတွက်လျှင် ၂၅၉၈-ခုနှစ်က) ကဆုန်လပြည့်နေ့ နံနက် စောစောအချိန် သေနာနိဂုံးရွာကြီးအနီး ပညောင်ပင် အောက်၌ ဆွမ်းခံသွားရန် အချိန်ကိုစောင့်ဆိုင်းနေရင်း ထိုင်နေတော်မူခဲ့တယ်။ အဲဒီအချိန်မှာ သေနာနိဂုံး ရွာကြီးထဲက သူဌေးသမီးသုဇာတာဟာ ယနာန္ဒိဆွမ်းကို

တစ်သိန်းတန်ရွှေခွက်ထဲမှာထည့်ပြီး ရွှေခွက်ဖြင့်ပင် ဖုံးအုပ်ကာ ယူလာပြီးတော့ တစ်သိန်းတန်ရွှေခွက်ပါ ဘုရားအလောင်းတော်အား ဆက်ကပ်လှူဒါန်းလိုက်တယ်။ "အကျွန်၏ နှလုံးအလို ပြည့်ဝပြီးမြောက်သလို အရှင့်အား လည်း ပြည့်ဝပြီးမြောက်ပါစေ" လို့ ဆုတောင်းပြီးပြန်သွား တယ်။ သူ့အလိုပြည့်တယ်ဆိုတာကတော့ "အဲဒီ ညောင်ပင်မှာ သူအပျိုစင်ဘဝတုန်းက အမျိုးဇာတ်တူတဲ့ အမျိုးသားနဲ့အိမ်ထောင်ကျပြီး သားဦးရတနာဖွားမြင်ရပါစေ၊ အဲဒီဆုတောင်းပြည့်လျှင် နှစ်စဉ်ပူဇော်ပါမယ်" လို့ ဆုတောင်းခဲ့တယ်။ တိုက်တိုက်ဆိုင်ဆိုင် သူ့ဆုတောင်း ပြည့်တဲ့အတွက် ညောင်ပင်ကနတ်ကိုရည်ရွယ်ပြီး ပူဇော်တာ ပါပဲ။ ဘုရားအလောင်းတော်ဟာ နေရဉ္ဇရာမြစ်သို့ ကြွ၍ရေချိုးပြီး သုဇာတာလှူလိုက်တဲ့ ဃနာနို့ဆွမ်းကို ၄၉-လုတ် ဘုဉ်းပေးတော်မူတယ်။ ဘုဉ်းပေးပြီးတော့ "ယနေ့ပင် ငါဘုရားအဖြစ်သို့ရောက်မည်ဖြစ်လျှင် ဤရွှေခွက်ဟာ ရေစီးချောင်းအထက် ဆန်တက်သွားပါစေ" လို့ အဓိဋ္ဌာန် ပြုပြီး ရွှေခွက်ကို မျှောလိုက်ပါတယ်။ ရွှေခွက်ဟာ ရေစီးချောင်းကို အတော်ကြာအောင်ဆန်တက်သွားပြီး ကာလနဂါးမင်း၏နေရာသို့ နစ်မြုပ်ဝင်သွားကာ ရှေးဘုရား သုံးဆူတို့၏ ရွှေခွက်များအောက်မှာ ဆင့်လျက်တည်နေ ပါသတဲ့။

ဘုရားအလောင်းတော်ဟာ အဲဒီနေ့တစ်နေ့လုံး အဲဒီတောအရပ်မှာပဲ နေ့သန့်စင်ပြီးတော့ ညနေချမ်းအချိန်မှာ ဗောဓိညောင်ပင်ကြီးရှိရာအရပ်သို့ ကြွတော်မူတယ်။ အဲဒီလိုကြွတော်မူတဲ့လမ်းမှာ သောတ္ထိယဆိုတဲ့ မြက်ရိတ်သမားက မြက်ရှစ်ဆုပ်ကိုကပ်လှူလိုက်တယ်။ အိန္ဒိယက ရသေ့ရဟန်းတွေဟာ မြက်ကိုခင်းပြီး ထိုင်လေ့အိပ်လေ့ ရှိကြတယ်။ အဲဒီလို ခင်းထိုင်ဖို့လှူလိုက်တာပါပဲ။ ဗောဓိညောင်ပင်ကြီးအောက်ရောက်တဲ့အခါ ဗောဓိပင်၏ အရှေ့မျက်နှာ အရပ်မှာ မြက်ရှစ်ဆုပ်ကိုဖြန့်ပြီးခင်းလိုက်တယ်။ အဲဒီအခါ ရတနာပလ္လင်ပေါ်ပေါက်လာတယ်လို့ အချို့ကျမ်းများမှာ ဆိုတယ်။ အချို့ကျမ်းမှာတော့ "မြေပေါ်စွင့်စွင့်၊ ပေါ်မမြင့်တည်း" လို့ ဆိုကြတယ်။ အလောင်းတော်ဟာ အဲဒီလို ခင်းပြီးတော့ အရှေ့အရပ်သို့ မျက်နှာတော်မူကာ "အရေမျှကျန်လိုလျှင် ကျန်ပစေ၊ အကြောမျှကျန်လိုလျှင်ကျန်ပစေ၊ အရိုးမျှကျန်လိုလျှင် ကျန်ပစေ၊ ငါ့တစ်ကိုယ်လုံး အသားအသွေးအားလုံးတို့ ခန်းခြောက်သွားလျှင်သွားပစေ၊ ငါသည် ဘုရားမဖြစ်သမျှ ယခုဖွဲ့ခွေထားသော တင်ပလ္လင်ကို ဘယ်နည်းနှင့်မျှ မဖျက်တော့ဘူး" လို့ အင်္ဂါလေးပါးရှိတဲ့ ဝီရိယဖြင့် ဆောက်တည်တော်မူလျက် ရတနာပလ္လင်တော်ပေါ်မှာ တင်ပလ္လင်ခွေထိုင်နေတော်မူပါတယ်။

အဲဒီအခါ သိကြားမင်းက ဝိဇယုတ္တရခရုသင်းကို မှုတ်လို့၊ ပဉ္စသိခနတ်သားက ဗေဠုဝစောင်းကို တီးလို့၊ သုယာမနတ်မင်းက သားမြီးယပ်ကိုခပ်လို့၊ သန္တုသိတ နတ်မင်းက ပတ္တမြားယပ်ဝန်းကိုခပ်လို့၊ သဟမ္ပတိ ဗြဟ္မာ မင်းက သုံးယူဇနာရှိတဲ့ ထီးဖြူကြီးကိုဆောင်းမိုးလို့ ပူဇော်ကြ တယ်။ ကာလနဂါးမင်းကလည်း နဂါးမကချေသည်အပေါင်း ခြံရံပြီးတော့ ထောမနာဂါထာ ရာပေါင်းများစွာ ရွတ်ဆိုလို့ ပူဇော်လာတယ်။ စကြဝဠာပေါင်း တိုက်တစ်သောင်းမှာ ရှိကြတဲ့ နတ်၊ ဗြဟ္မာအပေါင်းတို့ကလည်း အလွန်မွှေးကြိုင် လှပတဲ့ ပန်းနံ့သာ၊ နံ့သာမှုန့် အခိုးအထုံတွေနဲ့ ပူဇော်လာ ကြတယ်။

## မာရ်နတ်လာရောက်တိုက်ခိုက်ခြင်း

အဲဒီအခါ ဝသဝတ္တီနတ်ပြည်မှ မာရ်နတ်သားက ယူဇနာ (၁၅၀)ရှိတဲ့ ဂိရိမေခလာ ဆင်ကြီးကိုစီးလျက် လက်ရုံးတစ်ထောင်ဖန်ဆင်းပြီး လက်နက်အမျိုးမျိုး ကိုင်ဆောင်ကာ ရှေ့ဘက်က ၁၂-ယူဇနာ၊ လက်ယာ ဘက်က ၁၂-ယူဇနာ၊ လက်ဝဲဘက်က ၁၂-ယူဇနာ၊ အထက် ဘက်က ၉-ယူဇနာ၊ နောက်ဘက်က စကြဝဠာတိုက် အစွန်းထိ များပြားလှတဲ့ စစ်တပ်ကြီးဖြင့် လာရောက် တိုက်ခိုက်ပါတယ်။ မာရ်နတ်ရဲ့စစ်တပ်ကြီးချီတက်လာတဲ့

အခါ စောစောက ဘုရားအလောင်းကို ပူဇော်နေကြတဲ့ သိကြားမင်းနှင့် နတ်ပြဟ္မာတွေဟာ တစ်ဦးတလေမျှ မနေဝံ့ ကြတော့ဘဲ ထွက်ပြေး တိမ်းရှောင်ကြပြီး "ဘယ်သူနိုင်လို့ ဘယ်သူရှုံးမည်လဲ" လို့ အဝေးကသာကြည့်ရှုနေကြတယ်။

ဘုရားအလောင်းတော်လည်း မာရ်နတ်သား စစ်ချီလာတာကိုမြင်တဲ့အခါ ပါရမီဆယ်ပါးကိုသာ ဆင်ခြင်တော်မူနေပါတယ်။ မာရ်နတ်နှင့်မာရ်နတ်ရဲ့ စစ်သည်တွေဟာ ဘုရားအလောင်းတော်ကို လက်နက် အမျိုးမျိုးဖြင့် ပစ်ခတ်တိုက်ခိုက်ကြတယ်။ သူတို့ ပစ်ခတ် လိုက်တဲ့ လက်နက်တွေဟာ ဘုရားအလောင်းတော်ရဲ့ ခြေရင်းရောက်တဲ့အခါ ပန်းပေါက်ပေါက်၊ နံ့သာမှုန့်တွေ ဖြစ်ကုန်ကြရတယ်။ အဲဒီလိုလက်နက်ဖြင့် တိုက်ခိုက်လို့ မရတော့ မာရ်နတ်က "အို - သိဒ္ဓတ္ထ . . . သင်သည် ငါ၏ ဥစ္စာ ဤအပရာဇိတပလ္လင်တော်နေရာ၌ အဘယ့်ကြောင့် နေထိုင်ဘိသနည်း။ ငါ၏ဥစ္စာရတနာပလ္လင်မှ ယခုပင် ဆင်းလော့။ ဤပလ္လင်သည် ငါ၏ဥစ္စာဖြစ်ကြောင်း ဟောဒီ စစ်သည်ဗိုလ်ပါအပေါင်းတို့သည် ငါ၏သက်သေဖြစ်တယ်" လို့ ပြောလိုက်တဲ့အခါ မာရ်နတ်မင်းရဲ့ ပရိသတ်ကြီးက တစ်ပြိုင်နက်ထပြီး သက်သေခံကြတဲ့ အသံကြီးဟာ မြေကြီးပြိုမတတ် ဆူညံသွားပါသတဲ့။

## မာရ်နတ်သားကို အောင်မြင်တော်မူခြင်း

အဲဒီအခါ ဘုရားအလောင်းတော်က -

**ပလ္လင်္က မမဘာဝါယ၊**
**ကိမတ္ထညေန သက္ခိနာ။**
**ကမ္ပိတာ မဒ္ဒိယာ ဒါနာ၊**
**သက္ခိ ဟောတိ အယံ မဟီ။ (ဇိနာလင်္ကာရဋီကာ)**

"ဟယ် - မာရ်နတ် . . . ငါသည် ဤအပရာဇိတပလ္လင်ကို လိုလားတောင့်တသဖြင့် ဘဝများစွာ ကမ္ဘာဘဝတို့၌ မလှူခဲ့ဘူးသော ဒါနဟူ၍မရှိ။ မစောင့်ထိန်းခဲ့ဘူးသော သီလဟူ၍မရှိ။ မကျင့်ခဲ့ဘူးသော ဒုက္ကရ အကျင့်ဟူ၍မရှိ။ ဟယ် - မာရ်နတ် . . . ဘဝများစွာ အတိတ်ဖြစ်သော ကမ္ဘာဘဝက လှူဒါန်းခဲ့သော ဒါနပါရမီ စသည်တို့ကို ထားလိုက်ဦးတော့။ ဝေဿန္တရာဘဝတစ်ခုတည်းမှာပင် မဒ္ဒီမိဖုရားကိုလှူခြင်းစသော အလှူကြီးများကို ပေးလှူတဲ့ အခါ မဟာပထဝီ ဤမြေကြီးသည် ၇-ကြိမ်တိုင်တိုင် တုန်လှုပ်ခဲ့လေပြီ။ ဟယ် - မာရ်နတ် . . . စိတ်စေတနာ မရှိသော မဟာပထဝီ ဤမြေကြီးသည်ပင် ငါ၏သက်သေ ဖြစ်ပေသည်" လို့ မိန့်တော်မူကာ လက်ယာလက်တော်ဖြင့် မဟာပထဝီမြေကြီးကို ရှေးရှုညွှန်ပြတော်မူလိုက်တဲ့အခါ မဟာပထဝီမြေကြီးဟာ အိုးထိန်းစက်လို သွက်သွက်လည်ပြီး ကြောက်မက်ဖွယ်အသံကြီးမြည်ဟည်းလာတယ်။ တောင်စဉ်

၇-သွယ်နှင့် ဟိမဝန္တာစတဲ့ တောင်တွေဟာလဲ ပြင်းပြင်း ထန်ထန်ကြောက်မက်ဖွယ် မြည်ဟည်းလာကြတယ်။ ဝါးတောကြီးမီးလောင်တဲ့အခါမှာ တဖြောင်းဖြောင်း တဖြန်းဖြန်းမြည်ဟည်းနေသလို စကြဝဠာတိုက်ကြီး တစ်တိုက်လုံး ကြောက်ခမန်း၊ လန့်ခမန်း ကြမ်းတမ်း ပြင်းထန်တဲ့ အသံကြီးတွေ မြည်ဟီးနေတယ်။ ကောင်းကင် တစ်ပြင်လုံးလဲ မိုးတိမ်မရှိဘဲ ကြောက်မက်ဖွယ် ထစ်ချုန်းပြီး ရဲရဲပြောင်ပြောင်တောက်လောင်နေတဲ့ မီးကျီးတွေလို၊ မီးပေါက်မီးပွားတွေကလဲ မိုးရွာသလို တဖွားဖွားကျ၊ မိုးကြိုးတွေကလဲ တဖြုန်းဖြုန်းတအုန်းအုန်းကျလာတော့ မာရ်နတ်ကြီးဟာ အလွန်အမင်းကြောက်လန့်ပြီး လက်နက် တွေကို စွန့်ပစ်လို့ ဂိရိမေခလာဆင်ကြီးကိုတောင် ပြန်မကြည့် နိုင်ဘဲ ခြေဦးတည့်ရာထွက်ပြေးပါတော့တယ်။ မာရ်နတ်ကြီး ထွက်ပြေးလျှင်ပင် သူ့ရဲ့စစ်တပ်ကြီးလည်း ဖရိုဖရဲ ပြိုကွဲ ပျက်စီးကာ ခြေဦးတည့်ရာထွက်ပြေးပြီး ဝသဝတ္တီနတ်ပြည်သို့ ပြန်သွားကြတယ်။

မာရ်နတ်ကြီးနှင့် သူ့စစ်တပ်ကြီး ကစဉ့်ကရဲ ထွက်ပြေးတဲ့အခါ စောစောကတိမ်းရှောင်နေကြတဲ့ နဂါး၊ ဂဠုန်၊ နတ်၊ ဗြဟ္မာတွေဟာ -

ဇယော ဟိ ဗုဒ္ဓဿ သိရိမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။

(အပ-ဋ္ဌ၊ ၁၊ ၈၉) (ဇာ-ဋ္ဌ၊ ၁၊ ၈၇)

"ကျက်သရေရှင် ဘုရားသခင်က အောင်မြင်ပြီဟော့၊ မာရ်နတ်မိစ္ဆာ အယုတ်တမာကား ရှုံးပြီဟေ့" လို့ ကြွေးကြော်ကာ ပန်းနံ့သာ စသည်လက်စွဲလို့ ဘုရားအလောင်းတော်ရှိရာ မဟာဗောဓိပလ္လင်တော်သို့ တညီတညွတ်တည်း စည်းဝေးရောက်လာကြတယ်။

## မာရ်နတ်ကြီး ဘာ့ကြောင့် လာပြီးတိုက်ခိုက်ရသလဲ

"ဂေါတမဘုရားအလောင်းဟာ ထီးနန်းစည်းစိမ်စသည်များကိုပင် စွန့်ပစ်ပြီး ရဟန်းပြုခဲ့သေးတာပဲ။ ဒီပလ္လင်ကလေးကျမှ ဘာ့ကြောင့်နှမျောတွယ်တာနေရသေးသလဲ" လို့ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်တွေကပြောတတ်ပါတယ်။ ဒါဟာ အသိဉာဏ်ကင်းမဲ့လို့ပြောတာပါပဲ။ မာရ်နတ်သားဟာ ပလ္လင်ကိုတကယ်လိုချင်လို့လာပြီး လုယက်တိုက်ခိုက်တာ မဟုတ်ပါဘူး။ ဘုရားအလောင်းတော်အမိဋ္ဌာန်ပျက်ပြီး ဘုရားအဖြစ်မရောက်နိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုယက်တိုက်ခိုက်တာဖြစ်တယ်။ ဒီပလ္လင်နေရာက ဖယ်ပေးလိုက်လျှင် အမိဋ္ဌာန်လည်းပျက်သွားမယ်၊ ဒီနေရာက ဖယ်ပေးလိုက်ပြီး နောက်တစ်နေရာပြောင်းရွှေ့ပြန်ရင်လည်း အဲဒီနောက်တစ်နေရာကိုလည်း လာပြီးလုယက်တိုက်ခိုက်ဦးမှာပဲ။ ဒီလိုချည်းသာ ဖယ်ပေးနေရရင် ဘယ်မှာ ဘုရားအဖြစ်ရောက်တော့မလဲ။ ဒါ့ကြောင့် ခုတင်က ပြောခဲ့တဲ့

အပြစ်တင်စကားဟာ အသိဉာဏ်ကင်းမဲ့သူတို့ရဲ့ စကား ဖြစ်တယ်လို့ မှတ်ထားကြရမယ်။

## သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူခြင်း

ခုတင်ကဖော်ပြခဲ့တဲ့အတိုင်း ဘုရားအလောင်းတော်ဟာ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့ နေမဝင်မီအချိန်မှာ ဒေဝပုတ္တမာရ်ခေါ်တဲ့ မာရ်နတ်သားကို အောင်တော်မူပြီးနောက် ဈာန်ဘာဝနာ၏အစွမ်းဖြင့် ညဥ့်ဦးယံမှာ ရှေးရှေးဘဝတွေက နေခဲ့ဖူး၊ တွေ့ကြုံခဲ့ဖူးတဲ့ အကြောင်းအရာများကို အောက်မေ့သိမြင်တဲ့ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူတယ်။ သန်းခေါင်ယံမှာ အလွန်သေးငယ်တဲ့ ရူပါရုံ၊ အလွန်ဝေးကွာတဲ့ ရူပါရုံ၊ တစ်စုံတစ်ခုဖြင့် ကာကွယ်ဖုံးအုပ်နေတဲ့ ရူပါရုံ စသည်ကို မြင်နိုင်သော၊ နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဉာဏ်ကိုရတော်မူတယ်။ အဲဒီဉာဏ်ဖြင့် ဘဝတစ်ခုမှ စုတေ၍ ဘဝတစ်ခု၌ ပဋိသန္ဓေနေတဲ့ သတ္တဝါတွေကိုလည်းမြင်နိုင်တယ်။ မိုးသောက်ယံ၌ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တော်မူပြီးနောက် ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို ရှုမြင်တဲ့ ဝိပဿနာဉာဏ်ကို ပွားစေခြင်းဖြင့် အရိယာမဂ်ဉာဏ်လေးပါးကို အစဉ်အတိုင်း ရတော်မူတယ်။ အဲဒီအရိယာမဂ်ဉာဏ်လေးပါးထဲက နောက်ဆုံးအရဟတ္တမဂ်ဉာဏ်ကို အာသဝေါတရားတို့ကို ကုန်ခန်းစေနိုင်သောကြောင့် အာသဝက္ခယဉာဏ်လို့

ခေါ်တယ်။ အဲဒီ အာသဝက္ခယဉာဏ်ကိုလည်း ရတော်မူတယ်။ အဲဒီ ပု, ဒိ, အာ ဆိုတဲ့ ဝိဇ္ဇာသုံးပါးကို အစဉ်အတိုင်း ရတော်မူပြီးတဲ့ အခြားမဲ့မှာ အရဟတ္တဖိုလ်သို့ရောက်တော်မူလျှင်ပင် အလွန်စင်ကြယ်သောစိတ်ရှိတော်မူလျက် ပဋိသမ္ဘိဒါဉာဏ်တော် (၄)ပါး၊ အသာဓာရဏဉာဏ်တော် (၆)ပါး၊ ဗုဒ္ဓဉာဏ်တော် (၁၄)ပါး၊ အာဝေဏိကဉာဏ်တော် (၁၈)ပါး၊ ဝေသာရဇ္ဇ ဉာဏ်တော် (၄)ပါး အစရှိတဲ့ ဘုရားရှင်တို့ရဲ့ ဂုဏ်ကျေးဇူးတော်တို့နှင့်တကွ တရားအလုံးစုံကို သိမြင်နိုင်တဲ့ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူကာ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရားရှင်အဖြစ်သို့ ရောက်တော်မူပါတယ်။

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် အဲဒီ ဗောဓိပင်ပလ္လင်တော်ဌာနနှင့်တကွ ခုနှစ်ဌာနတို့၌ (၇)ရက်စီ သီတင်းသုံးတော်မူလျက် အရဟတ္တဖိုလ်သမာပတ် ချမ်းသာကို ခံစားခြင်း၊ တရားတော်ကို ဆင်ခြင်တော်မူခြင်းတို့ဖြင့် (၄၉)ရက်ကို ကုန်လွန်စေခဲ့ပါတယ်။

## တရားဦးဟောရန် ဆင်ခြင်တော်မူခြင်း

ခုနစ်ဌာနမှာ ၇-ရက်စီ ၄၉-ရက် စံတော်မူပြီးနောက် ရက် ၅၀-မြောက် (ဝါဆိုလဆန်း ၆-ရက်နေ့) မှာ အဇပါလ ညောင်ပင်အောက်သို့ ကြွတော်မူပြီး ထိုင်နေတော်မူလျက် "ဘယ်သူ့အား တရားဦးဟောရပါမည်လဲ၊ ဘယ်သူဟာ

ဒီတရားကို လျင်မြန်စွာသိနိုင်ပါလိမ့်မည်လဲ” လို့ တရားဟော ဖို့ ဆင်ခြင်တော်မူတယ်။ အဲဒီလို ဆင်ခြင်တော်မူ လိုက်တဲ့အခါ “ကာလာမအနွယ်ဖြစ်တဲ့ အာဠာရရသေ့ဟာ ပညာရှိတယ်၊ အသိဉာဏ်ထက်မြက်တယ်၊ ပညာမျက်စိမှာ ကိလေသာမြူမှုန်နည်းပါးနေတာကြာပြီ။ အဲဒီ အာဠာရ ရသေ့အား ရှေးဦးစွာတရားဟောရရင်ကောင်းမှာပဲ၊ သူဟာ ဒီတရားကို လျင်မြန်စွာသိနိုင်လိမ့်မယ်” လို့ စိတ်ကူးထဲမှာ ပေါ်လာပါသတဲ့။ အဲဒီလိုဆင်ခြင်တာကလည်း ပကတိ စိတ်နဲ့ဆင်ခြင်တာပါပဲ။ အဘိညာဉ်ဖြင့် ဆင်ခြင်တာမဟုတ် ဘူး။ ဒါ့ကြောင့် အဲဒီအချိန်မှာ အာဠာရ ရှိ, မရှိ ကိုတော့ ဉာဏ်ဖြင့် မဆင်ခြင်မိသေးဘူး။ အဲဒီအခါ မြတ်စွာဘုရားရဲ့ စိတ်အကြံကိုသိတဲ့ နတ်သားတစ်ယောက်က “အာဠာရ ကွယ်လွန်သွားတာ ခုနစ်ရက်ရှိပါပြီဘုရား” လို့ လျှောက် တယ်။ ဒီတော့ မြတ်စွာဘုရားကလည်း ဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်တဲ့အခါ အာဠာရဟာ လွန်ခဲ့တဲ့ခုနစ်ရက်က ကွယ်လွန်သွားပြီး သူရထားတဲ့ အာကိဉ္စညာယတန ဈာန်ကုသိုလ်၏အစွမ်းဖြင့် အာကိဉ္စညာယတနဆိုတဲ့ အရူပဘုံရောက်နေတာကို သိမြင်တော်မူတဲ့အတွက် “ကာလာမအနွယ် အာဠာရရသေ့ဟာ တရားတော်ကို သိမြင်နိုင်တဲ့အရည်အချင်းရှိပါလျက် ခုနစ်ရက် အသေ စောသွားတဲ့အတွက် အများကြီးဆုံးရှုံးသွားရှာပြီ ”လို့

ညည်းညူတော်မူပါတယ်။ အဲဒီကနောက် ရာမဆရာကြီး၏ သား (တပည့်) ဥဒကရသေ့အား တရားဦးဟောဖို့ မြတ်စွာ ဘုရားက ဆင်ခြင်တော်မူပြန်တယ်။ အဲဒီအခါ နတ်သား တစ်ယောက်က "ဥဒကရသေ့ဟာ ညဉ့်ဦးယံက ကွယ်လွန် သွားပါပြီဘုရား" လို့ လျှောက်တယ်။ မြတ်စွာဘုရားက ဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူတဲ့အခါ ဥဒကရသေ့ဟာ ညဉ့်ဦးယံက ကွယ်လွန်သွားပြီး သူရထားတဲ့ နေဝသညာနာ သညာယတနစျာန်ကုသိုလ် အစွမ်းဖြင့် နေဝသညာနာ သညာယတနဘုံသို့ ရောက်နေတာကိုမြင်တော်မူတယ်။ ဒါ့ကြောင့် မြတ်စွာဘုရားက" ရာမဆရာကြီး၏သား (တပည့်) ဥဒကရသေ့ဟာ ဒီတရားကိုနာရလျှင် သိမြင် နိုင်တဲ့၊ ထူးခြားတဲ့ အရည်အချင်း ရှိနေပါလျက် တစ်ညဉ့်မျှ အသေစောသွားတဲ့အတွက် အများကြီးဆုံးရှုံးသွားရှာပြီ "လို့ ညည်းညူတော်မူပါတယ်။

ဒီလိုညည်းညူတော်မူတာလည်း အာကိဉ္စညာယတနဘုံ၊ နေဝသညာနာသညာယတနဘုံ ဆိုတဲ့ အရူပဘုံတွေဟာ ရုပ်မရှိဘူး။ စိတ်၊ စေတသိက်နာမ် တရားသာရှိတယ်။ ရုပ်မရှိတော့ ကြားနာနိုင်တဲ့ နားလည်း မရှိဘူး။ ဒါ့ကြောင့် သူတို့ထံသွားပြီး တရားဟောလို့လည်း မဖြစ်ဘူး။ အသက်တမ်းကုန်လို့စုတေတဲ့အခါ လူ့ဘဝ၊ နတ်ဘဝကို ပြန်ရောက်လာမယ်။ အဲဒီအခါမှာလည်း

ဗုဒ္ဓတရားတော်ကို ကြားနာရမှာမဟုတ်တော့ဘူး။ ဒါ့ကြောင့် သူတို့ဟာ ပုထုဇဉ်အဖြစ်နဲ့ပဲ သံသရာထဲမှာ ကံအားလျော်စွာ ကျင်လည်နေရမယ်။ အပါယ်လေးပါးရောက်ပြီးတော့လည်း ဘဝပေါင်းများစွာ ဆင်းရဲဒုက္ခတွေခံစားရဦးမယ်။ ဒါ့ကြောင့် မြတ်စွာဘုရားက အာဠာရဟာ ခုနစ်ရက်အသေစော သွားတဲ့အတွက်၊ ဥဒကဟာ တစ်ညဉ့်မျှအသေစောသွားတဲ့ အတွက် အများကြီးဆုံးရှုံးသွားကြပြီလို့ ညည်းညူတော် မူတာဖြစ်ပါတယ်။ ယခုအခါမှာလည်း ဝိပဿနာတရား တော်ကို မကြားမနာရလို့ပဲဖြစ်စေ၊ ကြားနာရပေမယ့် အားမထုတ်လို့ဖြစ်စေ သေသွားကြတဲ့လူတွေထဲမှာ ဒီလို တရားထူးတွေကို ရသင့်,ရထိုက်ပါလျက် ဆုံးရှုံးသွားကြတဲ့ သူတွေအများကြီးရှိမှာပဲ။ ဒါ့ကြောင့် သူတော်ကောင်း တွေဟာ အဲဒီလိုမဆုံးရှုံးရအောင် သတိထားပြီး သဒ္ဓါတရား ထက်ထက်သန်သန်နဲ့ တရားအားထုတ်ကြဖို့ အထူး တိုက်တွန်းလိုက်ပါတယ်။

အဲဒီနောက် မြတ်စွာဘုရားက ဘယ်သူ့အားတရားဦး ဟောရမလဲလို့ ဆင်ခြင်တော်မူပြန်တဲ့အခါ ပဉ္စဝဂ္ဂီရဟန်း (၅)ပါးအား တရားဦးဟောဖို့ ဆင်ခြင်တော်မူမိတယ်။ သူတို့နေတဲ့အရပ်ကို ဉာဏ်ဖြင့် ဆင်ခြင်ကြည့်လိုက်တဲ့အခါ ဗာရာဏသီမြို့နယ်ထဲက မိဂဒါဝုန်တောမှာ နေကြတာကို မြင်တော်မူတယ်။

## ပဉ္စဝဂ္ဂီတို့ထံ ကြွချီတော်မူခြင်း

အဲဒီလိုမြင်တော်မူတဲ့အခါ ဗာရာဏသီမြို့နယ်ထဲက မိဂဒါဝုန်တောသို့ ကြွချီတော်မူပါတယ်။ အဲဒီလို ဘုရားရှင်ကြွလာတာကို ပဉ္စဝဂ္ဂီတို့က ခပ်လှမ်းလှမ်းကမြင်ကြရတော့ သူတို့က "ငါ့ရှင်တို့ . . . ဟိုမှာ ရဟန်းဂေါတမ လာနေတယ်။ သူဟာ အစာအာဟာရဖြတ်ပြီး ပြင်းပြင်းထန်ထန် အားထုတ်တဲ့ ပဓာနအကျင့်မှထွက်ပြီး လာဘ်လာဘ ပေါမျာအောင်အားထုတ်နေတယ်။ ဒါ့ကြောင့်သူ့ကို ရှိမခိုးကြစတမ်း။ ခရီးဦးမကြိုဆိုကြစတမ်း။ သူ့သပိတ်၊ သင်္ကန်းကိုလည်း လှမ်းမယူကြစတမ်း။ ဒါပေမယ့် သူက အမျိုးမြတ်တဲ့အတွက် နေရာတော့ အသင့်ခင်းပေးကြမယ်။ သူထိုင်ချင်ရင်လည်း ထိုင်လိမ့်မယ်" လို့ ကတိကဝတ်ပြုထားကြတယ်။

ဒါပေမယ့် မြတ်စွာဘုရား သူတို့အနီးရောက်လာတဲ့အခါကျတော့ မြတ်စွာဘုရားတန်ခိုးတော်ကြောင့် ပဉ္စဝဂ္ဂီတွေဟာ သူတို့ရဲ့ကတိကဝတ်မှာ မတည်နိုင်ကြတော့ဘူး။ ခရီးဦးကြိုဆိုပြီး တစ်ပါးက သပိတ်၊ သင်္ကန်းကို လှမ်းယူတယ်။ တစ်ပါးကနေရာခင်းပေးတယ်။ တစ်ပါးက ခြေဆေးရေတည်ပေးတယ်။ တစ်ပါးကခြေဆေးခုံ ပြင်ပေးတယ်။ တစ်ပါးက ခြေပွတ်အိုးခြမ်းထားပေးတယ်။ ဒါပေမယ့် သူတို့

က မြတ်စွာဘုရားကို တန်းတူအနေဖြင့် "ဂေါတမ" ဆိုတဲ့ အမည်နဲ့ပဲ ခေါ်ဝေါ်နေကြတယ်။ " အာဝုသော = ငါ့ရှင် " လို့ မရိုသေလည်း ပြောဆိုနေကြတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက သူတို့ခင်းပေးတဲ့နေရာမှာ ထိုင်ပြီးတော့ ဒီလိုမိန့်မြွက်တော်မူပါတယ်။

## တရားနာကြရန် တိုက်တွန်းတော်မူခြင်း

" ရဟန်းတို့ . . . ရှေးဘုရားတို့နှင့်အတူ ဖြစ်တော်မူလာတဲ့ ငါဘုရားကို 'ဂေါတမ' ဆိုတဲ့အမည်ဖြင့် မခေါ်ကြနဲ့၊ 'အာဝုသော = ငါ့ရှင်'လို့လည်းမပြောကြနဲ့။ ရဟန်းတို့ . . . ငါဟာ ပူဇော်အထူးကိုခံတော်မူထိုက်တဲ့ ဘုရားဖြစ်တော်မူလာပြီ၊ ရှေးဘုရားတို့နဲ့အတူ ဖြစ်တော်မူလာပြီ၊ မိမိကိုယ်တိုင်သိစွမ်းနိုင်တဲ့ ဘုရားဖြစ်လာပြီ။ ရဟန်းတို့ . . . နားထောင်ကြ၊ သေခြင်းကင်းတဲ့ အမြိုက်နိဗ္ဗာန်တရားကို ငါသိတော်မူလာပြီ၊ ငါတရားဟောတော်မူမယ်၊ နည်းပေးညွှန်ပြမယ်၊ ငါညွှန်ပြတဲ့အတိုင်း ကျင့်ကြလျှင် အမျိုးကောင်းသားတို့ ရဟန်းပြုစဉ်က ရည်ရွယ်ရင်းအကျိုးဖြစ်တဲ့ အကျင့်မြတ်၏ အဆုံးလည်းဖြစ်တဲ့ အမြတ်ဆုံး အရဟတ္တဖိုလ် (နိဗ္ဗာန်)ကို ယခုမျက်မှောက်ဘဝ၌ မကြာမီပင် ကိုယ်ပိုင်ဉာဏ်အထူးဖြင့် မျက်မှောက်ပြုပြီး ရောက်၍၊ ရ၍

နေနိုင်ကြလိမ့်မယ် ”လို့ ရဲရဲတင်းတင်းကြီး ဝန်ခံမိန့်ကြားတော်မူပါတယ်။

အဲဒီလိုမိန့်ကြားတော်မူတဲ့အခါ ပဥ္စဝဂ္ဂီရဟန်းများက ဘုရားရှင့်စကားတော်ကို မယုံကြည်ကြသေးတဲ့အတွက်ကြောင့် ဒီလိုပြန်ပြီးချေပပြောဆိုကြတယ်။ “ ငါ့ရှင်ဂေါတမ. . . သင်ဟာ ဟိုတုန်းက အစာအာဟာရကြမ်းများကို ဖြတ်လျက် ပဲပြုတ်ရည်ကလေး တစ်လက်ဆွန်းမျှလောက်သာသောက်ပြီး ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း(၆)နှစ်တိုင်အောင် ကျင့်တာတောင်မှ သာမန်လူများ ရနိုင်, သိနိုင်တဲ့၊ ကုသိုလ်တရားထက်သာလွန်မြင့်မြတ်တဲ့၊ ကိလေသာကိုပယ်နိုင်တဲ့ အရိယဉာဏ်အမြင်ထူးကို မရခဲ့ဘူးမဟုတ်လား။ အဲဒီ ဒုက္ကရစရိယာအကျင့်မှထွက်ပြီး ပစ္စည်းလာဘ် လာဘပေါများအောင် အားထုတ်နေတဲ့သင်ဟာ ယခုအခါကျမှ အဲဒီ တရားထူး၊ တရားမြတ်ကို ဘယ်မှာရနိုင်ပါတော့မလဲ” လို့ ပြန်လည်ချေပပြောဆိုကြတယ်။

ဒါလည်း စဉ်းစားစရာ အလွန်ကောင်းတာပဲ။ အဲဒီ ပဥ္စဝဂ္ဂီရဟန်းတွေဟာ ဘုရားအလောင်းတော် ဖွားမြင်ပြီးခါစကတည်းက ဧကန်ဘုရားဖြစ်လိမ့်မယ်လို့ နိမိတ်ဖတ်ဟောကြားခဲ့ကြတယ်။ အစာကြမ်းတွေကိုဖြတ်ပြီး ခဲခဲယဉ်းယဉ်းကျင့်တဲ့ ဒုက္ကရစရိယာအကျင့်မှထွက်ပြီး အစာကြမ်းတွေကိုပြန်စားတာနဲ့ ဘုရားမဖြစ်နိုင်တော့ဘူးလို့

သူတို့ အယူအဆလွဲမှားလာကြတယ်။ ယခုမြတ်စွာဘုရား ကိုယ်တော်တိုင်က အမြိုက်တရားရလာပြီ၊ သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်လာပြီ လို့ အတိအလင်းပြောဆိုဝန်ခံတာတောင်မှ သူတို့မယုံကြည်နိုင်ပဲဖြစ်နေကြတယ်။ ဒါဟာ ဘာကြောင့်လဲ ဆိုရင် သူတို့က ဒုက္ကရစရိယာအကျင့်ကို အကျင့်မှန်၊ အကျင့်ကောင်းအနေနဲ့ ယုံကြည်စွဲလမ်းထားကြလို့ပါပဲ။ အဲဒီလိုပဲ ယခုကာလမှာလည်း အလွဲအမှားတွေကို ယုံကြည်စွဲလမ်း ထားမိရင် အစစ်အမှန်ကို ဘယ်လိုပြောပြော မယုံကြည်နိုင်ဘဲ ဖြစ်နေတတ်ကြတယ်။ အစစ်အမှန်ပြောတဲ့သူကိုလည်း အထင်သေးပြီး ပြစ်မှားပြောဆိုမိတတ်ကြတယ်။ ဒါကို အရေးတကြီး သတိပြုရမည့်အချက်ဖြစ်လို့ ဖော်ပြရခြင်း ဖြစ်ပါတယ်။

အဲဒီလို ပဥ္စဝဂ္ဂီတွေက ချေပပြောဆိုနေတဲ့အခါ မြတ်စွာဘုရားက အလွန်သနားတော်မူလှသော ကရုဏာ တော်ဖြင့် "ရဟန်းတို့ . . . ရှေးဘုရားရှင်တို့နှင့်အတူ ဖြစ်လာတဲ့ ငါဘုရားဟာ ပစ္စည်းလာဘ်လာဘပေါအောင် အားထုတ်နေတာလည်းမဟုတ်ဘူး။ ကိလေသာကို ငြိမ်းစေ နိုင်တဲ့၊ တကယ်စစ်မှန်တဲ့ ပဓာနအလုပ်က ထွက်လာတာ လည်း မဟုတ်ဘူး" လို့ မိန့်တော်မူပြီး ခုတင်ကပြောခဲ့တဲ့ အတိုင်း "ငါဟာ အရဟံ၊ သမ္မာသမ္ဗုဒ္ဓဖြစ်လာပြီ၊ သင်တို့ နားထောင်ကြ" စသည်ဖြင့် ဒုတိယအကြိမ်ထပ်ပြီး မိန့်တော်

မူတဲ့အခါမှာလည်း ပဉ္စဝဂ္ဂီတို့ကထပ်မံပြီး ချေပပြောဆိုနေကြ ပြန်တယ်။ ဒီတော့ မြတ်စွာဘုရားက ပဉ္စဝဂ္ဂီတွေဟာ မသိရှာကြလို့၊ မပြောသင့်တာတွေကို ပြောဆိုနေကြတာပဲလို့ ဆင်ခြင်တော်မူပြီး တတိယအကြိမ် ထပ်မံပြီး မိန့်တော်မူပြန်တယ်။ အဲဒါကိုလည်း ပဉ္စဝဂ္ဂီတွေက ပြန်လည်ချေပ ငြင်းဆန်နေကြပြန်တယ်။

အဲဒီတော့ မြတ်စွာဘုရားက တစ်မျိုးပြောင်းပြီး မိန့်တော်မူတယ်။ "ရဟန်းတို့ . . . သင်တို့စဉ်းစားကြစမ်း၊ ငါနှင့်သင်တို့ဟာ ယခုမှတွေ့ကြရတာမဟုတ်ပါဘူး။ ငါ ဒုက္ကရစရိယာအကျင့်ကို ကျင့်နေတုန်းက သင်တို့ဟာ ဝတ်ကြီးဝတ်ငယ်ပြုပြီး ငါနှင့်အတူနေခဲ့ကြတာပဲ၊ အဲဒီအခါတုန်းက ငါကသင်တို့အား ယခုပြောတဲ့စကားမျိုး ပြောခဲ့ဖူးသလား" လို့ မေးတော်မူတယ်။ အဲဒီတော့မှ ပဉ္စဝဂ္ဂီတွေဟာ စဉ်းစားဆင်ခြင်မိလာကြတယ်။ " ဟိုတုန်းက ဒီစကားမျိုးကို တစ်ခါမှမပြောခဲ့ဖူးဘူး။ ဟိုတုန်းက တရားထူးကိုမတွေ့ရ၊ မသိရသေးလို့ မပြောတာဖြစ်မှာပဲ။ ယခုပြောတာကတော့ တကယ့်ကို တရားထူးကို တွေ့ရ၊ သိရလို့ ပြောတာဖြစ်မှာပဲ " လို့ စဉ်းစားဆင်ခြင်ပြီး သက်ဝင်ယုံကြည်လာကြတယ်။ ပဉ္စဝဂ္ဂီတွေဟာ အဲဒီလို သက်ဝင်ယုံကြည်လာတဲ့ အတွက်ကြောင့် "ဟိုရှေးတုန်းက ဒီလိုမပြောခဲ့ဘူးပါဘုရား" လို့ ရိုသေစွာလျှောက်ထားကြတယ်။

အဲဒီအခါ မြတ်စွာဘုရားက "ရဟန်းတို့ ... ငါဟာ ပူဇော်အထူးကိုခံထိုက်တဲ့ဘုရားဖြစ်လာပြီ၊ မဖောက်မပြန် အမှန်ကိုယ်တိုင်သိတော်မူတဲ့ သမ္မာသမ္ဗုဒ္ဓဖြစ်လာပြီ၊ ငါနည်းပေးညွှန်ပြမယ်၊ ငါညွှန်ပြတဲ့အတိုင်း ကျင့်ကြလျှင် သင်တို့ဟာမကြာမီမှာပင် အရဟတ္တဖိုလ်နိဗ္ဗာန်ကို ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍၊ ရ၍ နေကြရလိမ့်မယ်" စသည်ဖြင့် ပထမကလိုပဲ ထပ်မံမိန့်ကြားတော်မူပါတယ်။ ပဉ္စဝဂ္ဂီရဟန်းတွေကလည်း မြတ်စွာဘုရားဟောတော်မူမည့် တရားကို နာယူလိုစိတ်ထက်ထက်သန်သန်ဖြင့် ရိုသေစွာ နာယူနေကြပါတယ်။

*(ယခုဖော်ပြခဲ့တဲ့စကားရပ်များကတော့ အဝိဒူရေနိဒါန်းထဲက သင့်လျော်သလောက်ကို ထုတ်ပြီး ဖော်ပြခဲ့တာပါပဲ )*

## သန္တိကေနိဒါန်း

အဲဒီလို ပဉ္စဝဂ္ဂီတို့က ရိုသေစွာနာယူနေတဲ့အခါ မြတ်စွာဘုရားရှင်က ဓမ္မစကြာသုတ်ကို ဟောကြားတော်မူပုံကို မဟာဝဂ္ဂသံယုတ်ပါဠိတော်မှာ ဒီလိုသံဂါယနာတင်တော်မူခဲ့ကြတယ်။

**ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ ။ တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ။**

အဲဒီပါဠိတော်ကတော့ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် လေးလထဲရောက်ပြီးတဲ့အခါကစပြီး ပဌမသံဂါယနာတင်တော်မူစဉ်ကာလမှာ အရှင်မဟာကဿ မထေရ်မြတ်က “ငါ့ရှင် အာနန္ဒာ . . . ဓမ္မစက္ကပဝတ္တန သုတ်ခေါ်တဲ့ ဓမ္မစကြာတရားတော်ကို အဘယ်အရပ်၌၊ အဘယ်ပုဂ္ဂိုလ်က၊ အဘယ်ပုဂ္ဂိုလ်တို့အား၊ အဘယ်သို့ ဟောအပ်ပါသနည်း” လို့ မေးတဲ့အခါ အရှင်အာနန္ဒာက ဖြေဆိုလျှောက်ထားတဲ့ သန္တိကေနိဒါန်းပါပဲ။

အနက် ။ ။ **ဘန္တေ** ၊ အရှင်မဟာကဿဘုရား။ **မေ** ၊ တပည့်တော် အာနန္ဒာသည်။ **ဧဝံ** ၊ ဤသို့ ဤပုံ။ **သုတံ** ၊ ကြားနာမှတ်သားဆောင်ထားအပ်ပါသည်။ **ဧကံသမယံ** ၊ အခါတစ်ပါး၌။ **ဘဂဝါ** ၊ မြတ်စွာဘုရားသည်။ **ဗာရာဏသိယံ** ၊ ဗာရာဏသီပြည်၌ (ဗာရာဏသီပြည်နယ်ထဲက)။ **ဣသိပတနေ**၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ ကောင်းကင်မှသက်ဆင်းကျရောက်ရာဖြစ်ခြင်းကြောင့် ဣသိပတနအမည်ရသော။ **မိဂဒါယေ** ၊ သားကောင်တို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန်တော၌။ **ဝိဟရတိ** ၊ သီတင်းသုံးနေတော်မူ၏။ **တတြ** ၊ ထိုသို့နေတော်မူသောအခါ၌။ **ဘဂဝါ** ၊ မြတ်စွာဘုရားသည်။ **ပဉ္စဝဂ္ဂိယေ** ၊ ငါးပါးအစုဖြစ်သောကြောင့် ပဉ္စဝဂ္ဂီမည်သော ရဟန်းတို့ကို။ **အာမန္တေသိ** ၊ မိန့်မြွက်ဟောကြားတော်မူခဲ့ပါသည်ဘုရား။

အစိပ္ပါယ်ကတော့-အရှင်မဟာကဿပဘုရား . . . တပည့်တော်အာနန္ဒာသည် ဤသို့ဤပုံ ကြားနာဖူးပါသည်။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီပြည်နယ် ထဲက ပဉ္စဝဂ္ဂီတို့ သက်ဆင်းကျရောက်ရာဖြစ်သော ကြောင့် ဣသိပတနမည်တဲ့ သားကောင်တို့အား ဘေးမဲ့ ပေးရာ မိဂဒါဝုန်တောမှာ သီတင်းသုံးနေတော်မူပါတယ်။ ထိုအခါ မြတ်စွာဘုရားရှင်သည် ငါးပါးအစုဖြစ်တဲ့ ပဉ္စဝဂ္ဂီ ရဟန်းတို့ကို ဟောကြားတော်မူပါသည်တဲ့။

## ဓမ္မစကြာဟောရာကာလ

အဲဒီ အရှင်အာနန္ဒာ လျှောက်ထားတဲ့ နိဒါန်းစကား ထဲမှာ ဓမ္မစကြာတရားတော် ဟောရာကာလကို (ဧကံ သမယံ = အခါတစ်ပါးမှာလို့) သာမညပြထားတယ်။ အခြားသုတ်တွေမှာလည်း ဒီလိုပဲ အခါတစ်ပါးမှာလို့ချည်း သာမည ပြဆိုထားတာပါပဲ။ မည်သည့်သုတ်ကို မည်သည့် ခုနှစ်၊ မည်သည့်လ၊ မည်သည့်ရက်မှာ ဟောတော်မူတယ်လို့ တိတိကျကျပြထားလျှင် အာဂုံကျက်မှတ်ထားဖို့ မလွယ် ပါဘူး။ ဒါ့ကြောင့် သုတ်တိုင်းသုတ်တိုင်းမှာ (ဧကံ သမယံ= အခါတစ်ပါးမှာ) လို့ချည်း သာမညပြထားတာဖြစ်ပါတယ်။ ဒါပေမယ့် ဒီဓမ္မစကြာသုတ်ကတော့ မြတ်စွာဘုရားအစ အဦးဆုံးဟောတဲ့သုတ်လည်းဖြစ်တယ်။ ဝိနည်းမဟာဝါ

ပါဠိတော်နှင့် အခြားသုတ်တော်တွေမှာလည်း ပြဆိုထားတာ ရှိတယ်။ အဲဒါကြောင့် ဟောရာကာလကို တိတိကျကျ သိနိုင်ပါတယ်။

**"ကောဇာတည်လစ်၊ တစ်တစ်ရှစ်၊ နှစ်ကိုရောလေပါ။**
**မြတ်စွာဗုဒ္ဓ၊ လွန်ပြီးမှ၊ ရောက်ထသာသနာ။**
**ဝါလေးဆယ့်ငါး ရောတုံအား ဘုရားပွင့်သည့်ခါ"**

ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ယခု ကောဇာသက္ကရာဇ် (၁၃၇၁) ခုနှစ်ထဲမှာ (၁၁၈၂) ကိုရောလျှင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံပြီးနောက် သာသနာတော် (၂၅၅၃)နှစ် ဖြစ်တယ်။ ပရိနိဗ္ဗာန်မဝင်စံမီက (၄၅)နှစ်ထပ်ပေါင်းလျှင် (၂၅၉၈)နှစ်ဖြစ်တယ်။ မြတ်စွာဘုရားဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၉၈)နှစ်ကပွင့်ခဲ့တယ်။ အဲဒီနှစ်ဟာ မဟာသက္ကရာဇ် (၁၀၃)နှစ်၊ ကဆုန်လပြည့်နေ့ဖြစ်တယ်။ အဲဒီနောက် ဝါဆိုလပြည့်နေ့မှာ ဓမ္မစကြာတရားတော်ကို ဟောတော်မူတယ်။ ယခု ကောဇာသက္ကရာဇ် (၁၃၇၁) ခုနှစ်မှ ပြန်ရေတွက်လျှင် လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၉၈) နှစ်၊ ဝါဆိုလပြည့်နေ့ ညနေချမ်း အချိန်ဖြစ်ပါတယ်။ အနောက်လောကဓာတ်မှာ နေမင်းကြီး က ဝင်လုခါနီး နီနီရဲရဲ အဝန်းကြီးအနေနဲ့ ရှိနေသေးတယ်။ အရှေ့လောကဓာတ်မှာ လမင်းကြီးကလည်း ဝါဝါဝင်းဝင်းကြီး ထွက်ပေါ်လာခါစ ဖြစ်တယ်။ အဲဒီလို နေရော၊ လရော

နှစ်ခုလုံးထင်ရှားရှိနေတဲ့အချိန်မှာ ဒီဓမ္မစကြာသုတ်တော်ကို ဟောတော်မူတယ်လို့ မှတ်ကြ။

တရားနာပရိသတ်ကတော့ လူပုဂ္ဂိုလ်ထဲက ပဉ္စဝဂ္ဂီ ရဟန်းငါးပါးပဲရှိပါတယ်။ ဗြဟ္မာတွေက (၁၈)ကုဋေ၊ နတ်တွေကတော့ မရေမတွက်နိုင်အောင်များပါတယ်။ အဲဒီလို တရားနာထိုက်တဲ့ နတ်ဗြဟ္မာတွေနှင့်တကွ ပဉ္စဝဂ္ဂီ ရဟန်းငါးပါးတို့က ရိုရိုသေသေ နားစွင့်နေကြတဲ့အခါ ဗုဒ္ဓမြတ်စွာဘုရားက -

**"ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ"**

စသည်ဖြင့် ဓမ္မစကြာသုတ်တရားတော်ကို စတင်ဟောကြားတော်မူပါတယ်။

**ဘိက္ခဝေ** ၊ ရဟန်းတို့။ **ပဗ္ဗဇိတေန** ၊ ရှင်ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည်။ **ဣမေ ဒွေ အန္တာ** ၊ နှစ်ပါးကုန်သော ဤအဖို့အစွန်းတို့ကို။ **နသေဝိတဗ္ဗာ** ၊ မမှီဝဲအပ်ကုန် (မမှီဝဲသင့်၊ မမှီဝဲထိုက်ကုန်)။

## ရှင်ရဟန်းတို့ မမှီဝဲထိုက်သော အဖို့အစွန်းနှစ်ပါး

ရဟန်းတို့ . . . ရှင်ရဟန်းဖြစ်သောပုဂ္ဂိုလ်သည် ယခုဟောပြမည့် နှစ်ပါးသော အဖို့အစွန်းတို့ကို (အစွန်းနှစ်ဖက် ရောက်သောသဘောတရားတို့ကို) မမှီဝဲသင့်ဘူးတဲ့။

(ဤပါဠိတော်မှာ အန္တသဒ္ဒါက အဖို့ဆိုတဲ့အနက် ရှိတယ်လို့ အဋ္ဌကထာဖွင့်တယ်။ ဒါ့ကြောင့် အဖို့လို့ မြန်မာပြန်တယ်။ နောက်မှာဟောမည့် မဇ္ဈိမပဋိပဒါ = အလယ်အလတ် အကျင့်ဆိုတာကို ထောက်ဆကြည့်ရင် အစွန်းနှစ်ဖက်ဆိုတဲ့ အနက်လည်းသင့်တယ်။ အဖို့ အစွန်းပေမယ့် ဟိုဘက် အစွန်း ဒီဘက်အစွန်းဆိုတဲ့ အဖို့ကို ဆိုတယ်လို့ယူရင် သာပြီး ပေါ်လွင်တယ်။ ဒါ့ကြောင့် အဖို့အစွန်းလို့ အနက်ပြန်လိုက်တယ်။ သီဟိုဠ်မူ အဋ္ဌကထာမှာတော့ ယုတ်သောအဖို့အစုလို့ ဖွင့်တယ်။ အဲဒါဟာ ရှေးကအနက်ပြန်ကြတဲ့ အယုတ်တရား ဆိုတာနဲ့ ညီညွတ်နေပါတယ်။)

ရှင်ရဟန်းတို့ မမှီဝဲထိုက်သော အဖို့အစွန်းနှစ်ပါး ဆိုတာဘာလဲဆိုတာကို မြတ်စွာဘုရားက ဒီလိုဟောတော်မူတယ်။

**ကတမေ ဒွေ၊ ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊ ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော**-တဲ့

ကတမေဒွေ ၊ အဘယ်အဖို့အစွန်း နှစ်ပါးတို့နည်း ဟူမူ။ ကာမေသု ၊ လိုချင်နှစ်သက်ဖွယ်အာရုံ ကာမဂုဏ်တို့၌။ ကာမသုခလ္လိကာနုယောဂေါ ၊ နှစ်သက်သာယာ လျက် ချမ်းသာသည့်ကာမသုခကို အားထုတ်ခြင်း၊ ခံစားခြင်း

ဟူသော။ **ယောစ အယံ အန္တော** ၊ အကြင်အဖို့အစွန်းသည်လည်း။ **ဟီနော** ၊ ယုတ်ညံ့၏၊ **ဂမ္မော** ၊ ရွာသူရွာသား, မြို့သူမြို့သားတို့၏ အလေ့အကျင့်ဥစ္စာဖြစ်၏။ **ပေါထုဇ္ဇနိကော**၊ ပုထုဇဉ်လူများစုတို့၏ အလေ့အကျင့်ဥစ္စာဖြစ်၏။ **အနရိယော**၊ အရိယာအရှင်မြတ်တို့၏ အကျင့်မဟုတ်။ ဝါ ၊ မစင်ကြယ် မကောင်းမြတ်။ **အနတ္ထသံဟိတော** ၊ လိုလားအပ်သည့် အကျိုးစီးပွားနှင့်မစပ်ဆိုင်။ **သော စ**၊ ထို ကာမသုခလ္လိကာနုယောဂအကျင့်လည်းကောင်း။ **အတ္တကိလမထာနုယောဂေါ** ၊ မိမိကိုယ်ကိုပင်ပန်းအောင် အားထုတ်ပြုလုပ်ခြင်းဟူသော။ **ယော စ အန္တော**၊ အကြင်အဖို့အစွန်းသည်လည်း။ **ဒုက္ခော**၊ ဆင်းရဲသာတည်း (ဆင်းရဲရုံမျှသာတည်း)။ **အနရိယော**၊ အရိယာအရှင်မြတ်တို့၏ အကျင့်မဟုတ်။ ဝါ ၊ မစင်ကြယ်, မကောင်းမြတ်။ **အနတ္ထသံဟိတော**၊ လိုလားအပ်သောအကျိုးစီးပွားနှင့် မစပ်ဆိုင်။ **သောစ**၊ ထိုအတ္တကိလမထာနုယောဂအကျင့်လည်းကောင်း။ **ဣမေ**၊ ဤနှစ်ပါးတို့ပေတည်း။

ရှင်ရဟန်းတို့မမှီဝဲသင့်၊ မမှီဝဲထိုက်သော အဖို့အစွန်းနှစ်ပါးဆိုတာ -

(၁) ကာမသုခလ္လိကာနုယောဂ

(၂) အတ္တကိလမထာနုယောဂ အကျင့် နှစ်ပါးပင်ဖြစ်တယ်။

## (၁) ကာမသုခလ္လိကာနုယောဂ

**ကာမသုခလ္လိကာနုယောဂ** ဆိုတာ လိုချင်နှစ်သက်စရာကောင်းတဲ့ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိဆိုတဲ့ ဝတ္ထုအာရုံကာမဂုဏ်တွေကို နှစ်သက်သာယာပြီး ကောင်းတယ်လို့ထင်နေတာကို "ကာမသုခ = ကာမချမ်းသာ" ခေါ်တယ်။ အဲဒီကာမချမ်းသာဖြစ်အောင် ပြုလုပ်အားထုတ်နေတာ၊ ခံစားနေတာကို ကာမသုခလ္လိကာနုယောဂ ခေါ်တယ်။ တိုတိုပြောရရင် ကာမဂုဏ်အာရုံတွေကို သာယာတပ်မက် နှစ်သက်ခံစားနေတာကို ခေါ်တာပါပဲ။

လှပတင့်တယ်တယ်လို့ထင်ရတဲ့ အဆင်းအာရုံတွေကို နှစ်သက်သာယာပြီးကြည့်ရှုခံစားနေတာဟာ ကာမသုခလ္လိကာနုယောဂအကျင့်ပဲ။ အဲဒီနေရာမှာ အဆင်းအာရုံဆိုပေမယ့် မျက်စိနဲ့မြင်ရတဲ့ အဆင်းသက်သက်သာ မကဘူး။ အဲဒီအဆင်းရဲ့တည်ရာ မိန်းမ, ယောကျ်ား စသည် ခေါ်ရတဲ့ အာရုံဝတ္ထုတွေပါအကုန်လုံးကို အဆင်းအာရုံကာမဂုဏ်လို့ခေါ်တယ်။ အသံ၊ အနံ့၊ အတွေ့အထိအာရုံတွေမှာလည်း ဒီနည်းအတိုင်းပဲ။ အသံ၏တည်ရာ၊

အနံ့၏တည်ရာ၊ အတွေ့အထိ၏တည်ရာ မိန်းမ, ယောကျ်ား, တူရိယာ စတဲ့ အကုန်လုံးကို အသံအာရုံ၊ အနံ့အာရုံ၊ အတွေ့အထိအာရုံကာမဂုဏ်တွေလို့ပဲ ဆိုလိုတယ်။ အရသာကျပြန်တော့ အရသာ၏တည်ရာ ထမင်း, ဟင်း, မုန့် စသည်တွေရော၊ ချက်ပြုတ်ပြုပြင်ပေးတဲ့ မိန်းမ, ယောကျ်ား ပုဂ္ဂိုလ်တွေရော အဲဒါတွေကို အရသာအာရုံ ကာမဂုဏ်တွေလို့ဆိုတယ်။ သာယာတဲ့အသံကလေးကို နားထောင်လို့၊ မွှေးတဲ့အနံ့လေးကိုနမ်းရှုလို့၊ အရသာကောင်းတွေကို စားသောက်လို့၊ နူးညံ့တဲ့အိပ်ရာနေရာ၊ မိန်းမ၏ အတွေ့၊ ယောကျ်ား၏အတွေ့တွေနဲ့ တွေ့ထိပြီး သာယာ ခံစားနေတာဟာ ကာမသုခလ္လိကာနုယောဂအကျင့်ပဲ။

အဲဒီကာမဂုဏ်ချမ်းသာတွေကို နှစ်သက်သာယာပြီး ခံစားနေတာဟာ "ဟီနော=ယုတ်ညံ့တယ်"တဲ့။ ဘာ့ကြောင့် လဲဆိုရင် အဲဒီကာမဂုဏ်တွေကို သုံးဆောင်တဲ့အခါမှာ တပ်မက်တွယ်တာသာယာတဲ့ ကာမရာဂ၊ ကာမတဏှာတွေ ဖြစ်တယ်။ ငါသာ ဒီလိုအကောင်းတွေကို ခံစားနေရတယ် ဆိုတဲ့အနေနဲ့ မာနလည်းဖြစ်တယ်။ မိမိပိုင်တဲ့ ကာမ ဂုဏ်တွေကို နှမြောမှု၊ ဝန်တိုမှု = ဣဿာ၊ မစ္ဆရိယတွေလည်း ဖြစ်တယ်။ ပြိုင်ဘက်ဆိုင်ဘက် ရန်သူထင်ရတဲ့ ပုဂ္ဂိုလ်တွေကို မကောင်းထင်တဲ့ ဒေါသလည်းဖြစ်တယ်။ အဲဒီလို ယုတ်ညံ့တဲ့ ကိလေသာတွေကို ဖြစ်ပွားစေတတ်တဲ့အတွက်

ကာမသုခလ္လိကာနုယောဂအကျင့်ဟာ ယုတ်ညံ့တယ်။ ဒီကာမချမ်းသာကို ယုတ်ညံ့တဲ့ တိရစ္ဆာန်၊ ပြိတ္တာ စတဲ့ သတ္တဝါတွေလည်း ခံစားကြတာပဲ။ အောက်ထစ်ဆုံး မစင်တွင်းထဲက ပိုးလောက်တွေကလည်း သုံးဆောင်ခံစား နေကြတာပဲ။ အဲဒီလို ယုတ်ညံ့တဲ့ သတ္တဝါတွေနဲ့ တန်းတူ ခံစားနေရတဲ့အကျင့်မျိုးဖြစ်လို့ ယုတ်ညံ့တယ်။ အဲဒီ ကာမသုခလ္လိကာနုယောဂအကျင့်ကို ရှင်ရဟန်းများ မမှီဝဲသင့်ဘူးတဲ့။

ဒီကာမချမ်းသာခံစားတာဟာ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေကြတဲ့ လူဝတ်ကြောင်တို့ရဲ့အလုပ်သာ ဖြစ်တယ်။ ဒါ့ကြောင့် "ဂမ္မော=ရွာသူရွာသား၊ မြို့သူမြို့သား တို့၏ အကျင့်သာဖြစ်တယ်"လို့ ဟောပါတယ်။ ဟုတ်တယ်၊ ရှင်ရဟန်းမဟုတ်တဲ့ လူဝတ်ကြောင်တွေမှာတော့ ဒီကာမ ချမ်းသာဟာ အကောင်းဆုံး၊ အမြတ်ဆုံးလိုဖြစ်နေတာပဲ။ ကာမဂုဏ်တွေများများ ခံစားနိုင်လေ ကောင်းလေလေလို့ ထင်နေကြတယ်။ ဒါမှလည်း ဂုဏ်ရှိတယ်လို့ထင်ကြတယ်။ အထက်တန်းကျတဲ့ အစိုးရတွေ၊ သူဌေးသူကြွယ်တွေလည်း ခံစားကြတာပဲ။ ပစ္စည်းမဲ့ လူတန်းစားတွေလည်း ခံစားကြ တာပဲ။ အမျိုးသား၊ အမျိုးသမီးလေးများ လူလားမြောက်လို့ အရွယ်ရောက်လာရင် အိမ်ထောင်ပြုပြီး ကာမချမ်းသာ ခံစားဖို့ ကြံစည်နေကြတာပဲ။ ဒါ့ကြောင့် ကာမချမ်းသာဟာ

ရွာသူရွာသား၊ မြို့သူမြို့သားတွေရဲ့ အကျင့်ဖြစ်တယ်။ ရှင်ရဟန်းများ မမှီဝဲ၊ မသုံးဆောင်ထိုက်ဘူးလို့ မြတ်စွာဘုရား ဟောတော်မူတယ်။

နောက်တစ်မျိုးကတော့ 'ပေါထုဇ္ဇနိကော' တဲ့။ ဒီကာမသုခလ္လိကာနုယောဂအကျင့်ဟာ ပုထုဇဉ်လူအများစုရဲ့ အကျင့်သာဖြစ်တယ်တဲ့။ လောကမှာ လူတွေဆိုတာ တရားသဘောသိတဲ့လူ၊ အကျင့်မြတ်ကို ကျင့်နိုင်တဲ့လူဆိုတာက အနည်းသားပဲ။ စားဝတ်နေရေး၊ ကာမဂုဏ်ခံစားရေးလောက်သာသိတဲ့ လူညံ့တွေကသာများတယ်။ အဲဒီလို လူညံ့တွေ၊ လူများစုတွေရဲ့ အလေ့အကျင့်ဖြစ်တဲ့အတွက်လည်း ဒီကာမဂုဏ်ချမ်းသာကို ရှင်ရဟန်းများ မမှီဝဲသင့်ဘူး။

နောက်တစ်မျိုးကတော့ 'အနရိယော' တဲ့။ ကာမသုခလ္လိကာနုယောဂအကျင့်ဟာ အရိယာသူတော်သူမြတ်တွေရဲ့ အကျင့်လည်းမဟုတ်ဘူး။ သန့်ရှင်းစင်ကြယ်တဲ့ အကျင့်လည်းမဟုတ်ဘူး။ ဒါ့ကြောင့် ရှင်ရဟန်းများ မမှီဝဲထိုက်ဘူးတဲ့။ ဒီလိုဆိုရင် အရိယာဖြစ်ကြတဲ့ ဝိသာခါ၊ အနာထပိဏ်တို့၊ သိကြားမင်းတို့ဟာ ဘာ့ကြောင့် ကာမချမ်းသာကို ခံစားနေကြပါသလဲလို့ မေးစရာရှိတယ်။ အဖြေကတော့ ကာမချမ်းသာခံစားတာဟာ အရိယာတို့ရဲ့ ထူးခြားတဲ့ ဂုဏ်ကို ဖြစ်စေနိုင်တဲ့အကျင့်တော့မဟုတ်ဘူး။ ဒါပေမယ့်

သောတာပန်များမှာ ကာမရာဂမကင်းသေးတဲ့အတွက် ကာမရာဂ၏ ပူလောင်နှိပ်စက်မှုကြောင့် ကောင်းတယ်၊ ချမ်းသာတယ်ထင်ပြီး ကာမချမ်းသာကို ခံစားနေကြတာဖြစ်ပါတယ်။ ဥပမာအားဖြင့်ဆိုရင် အလွန်အသန့်အပြန့်ကြိုက်တဲ့လူဖြစ်ပေမယ့် မုန့်ယစ်နေတဲ့ဆင်ကြီးက အတင်းလိုက်လာရင် ကြောက်လန့်တဲ့အတွက် မစင်တွေရှိရာအရပ်ကို ချဉ်းကပ်တိမ်းရှောင်ရသလိုပါပဲတဲ့။

နောက်တစ်မျိုးကတော့ 'အနတ္ထသံဟိတော' တဲ့။ ကာမသုခလ္လိကာနုယောဂအကျင့်ဟာ အလိုရှိသင့်၊ အလိုရှိထိုက်တဲ့ အကျိုးစီးပွားနဲ့မစပ်ဆိုင်ဘူးတဲ့။ လောကဘက်က နေကြည့်မယ်ဆိုရင်တော့ ကာမအာရုံတွေကို ရှာကြံနေရတာလည်း လောကအကျိုးစီးပွားနဲ့ စပ်ဆိုင်တယ်လို့ ထင်စရာပဲ။ ဒါပေမယ့် တကယ်အလိုရှိအပ်တဲ့ အကျိုးစီးပွားတော့ မဟုတ်ဘူး။ တကယ်အလိုရှိအပ်တဲ့ အကျိုးစီးပွားဆိုတာက ဘာတွေလဲဆိုရင် သတ္တဝါတွေဟာ မအိုချင်ကြဘူး၊ မနာချင်ကြဘူး၊ မသေချင်ကြဘူး။ ဆင်းရဲခပ်သိမ်းငြိမ်းချင်ကြတယ်။ အဲဒီ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းတာ၊ ဆင်းရဲခပ်သိမ်းငြိမ်းတာဟာ သတ္တဝါတွေ တကယ်အလိုရှိအပ်တဲ့ အကျိုးစီးပွားပဲ။ အဲဒီဆင်းရဲခပ်သိမ်းငြိမ်းတဲ့ အကျိုးစီးပွားကို သီလ၊ သမာဓိ၊ ပညာအကျင့်တွေဖြင့်သာ

ရနိုင်တယ်။ အဲဒီ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ အကျင့်တွေလည်း တကယ်အလိုရှိအပ်တဲ့ အကျိုးစီးပွားတွေပဲ။ ကာမဂုဏ်ခံစားနေရုံနဲ့ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းတဲ့ အစီးအပွား၊ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ အစီးအပွား၊ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ အစီးအပွားတွေကို ဘယ်မှာရနိုင်ပါမလဲ။ ဒါ့ကြောင့် ကာမဂုဏ်ခံစားတဲ့ အကျင့်ဟာ အကျိုးစီးပွားနဲ့ မစပ်ဆိုင်ဘူးလို့ မြတ်စွာဘုရားဟောခဲ့တယ်။

အတိုချုပ်ပြန်ပြောရရင် ကာမချမ်းသာခံစားမှုဟာ ယုတ်ညံ့တဲ့အကျင့်လည်းဖြစ်တယ်။ ရွာသူရွာသား၊ မြို့သူမြို့သားတို့ရဲ့အကျင့်လည်းဖြစ်တယ်။ ပုထုဇဉ်လူအများစုရဲ့ အကျင့်လည်းဖြစ်တယ်။ အရိယာအရှင်မြတ်တို့အကျင့်လည်း မဟုတ်ဘူး။ စင်ကြယ်တဲ့အကျင့်လည်းမဟုတ်ဘူး။ တကယ်အလိုရှိအပ်တဲ့အကျိုးစီးပွားနဲ့လည်း မစပ်ဆိုင်ဘူး။ ဒါ့ကြောင့် ကာမသုခလ္လိကာနုယောဂအကျင့်ကို ရှင်ရဟန်းများ မမှီဝဲသင့်ဘူးလို့ မြတ်စွာဘုရားဟောတော်မူပါတယ်။

## လူများတော့ မှီဝဲသင့်သလား

ဓမ္မစကြာပါဠိတော်မှာ "ပဗ္ဗဇိတေန နသေဝိတဗ္ဗာ= ရှင်ရဟန်းဖြစ်သူသည် မမှီဝဲသင့်ဘူး"လို့ဆိုထားတဲ့အတွက် လူပုဂ္ဂိုလ်တွေတော့ မှီဝဲသင့်တယ်လို့ အဓိပ္ပါယ်ရောက်နေ

တယ်။ လူပုဂ္ဂိုလ်တွေတော့ အလိုရှိတိုင်း မှီဝဲနိုင်သလားလို့ မေးစရာရှိနေတယ်။ "ဂမ္မော = ရွာသူရွာသား၊ မြို့သူမြို့သား တို့၏ ဥစ္စာဖြစ်တယ်" လို့ ဟောတော်မူတဲ့အတိုင်း သာမန် လူပုဂ္ဂိုလ်တွေရဲ့ အကျင့်ဖြစ်နေတဲ့အတွက် သာမန်လူပုဂ္ဂိုလ် တွေ မမှီဝဲသင့်ဘူးလို့တော့ မပြောသင့်ဘူး။ ဒါ့ကြောင့် **"ပဗ္ဗဇိတေန နသေဝိတဗ္ဗာ = ရှင်ရဟန်းများ မမှီဝဲသင့်ဘူး"** လို့သာ ဟောတော်မူတာဖြစ်ပါတယ်။ ဒါပေမယ့် သူတော်ကောင်း တရားကျင့်သုံးလိုတဲ့သူဆိုရင်တော့ သူတော်ကောင်းတရား ကျင့်သုံးနေတဲ့ကာလမှာ ကာမဂုဏ်ကို ရှောင်ကြဉ်နိုင်သမျှ ရှောင်ကြဉ်ရတယ်။

ငါးပါးသီလစောင့်သုံးနေသူဆိုရင် ကာမေသုမိစ္ဆာ စာရမှ ရှောင်ရတယ်။ သတ်မှု၊ ခိုးမှု၊ လိမ်လည်မှု စသည်ဖြင့် မတရားစီးပွားရှာပြီး ကာမချမ်းသာခံစားတာကို ရှောင်ရတာ ပဲ။ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ စောင့်သုံးနေသူများလည်း ဝိကာလဘောဇန၊ နစ္စ၊ ဂီတ စတဲ့ သိက္ခာပုဒ်နှင့်ဆိုင်တဲ့ ကာမဂုဏ်တွေကို ရှောင်ရတာပဲ။ သမထဝိပဿနာ အားထုတ်နေသူတွေမှာတော့ အားထုတ်နေတဲ့ကာလမှာ ကာမသုခခံစားမှုတွေကို ရဟန်းတော်များလိုပဲ ရှောင်ရ တယ်။ မရှောင်လျှင် သီလ၊ သမာဓိ၊ ပညာတွေ ဘယ်မှာ ဖြစ်နိုင်ပါတော့မလဲ။

## (၂) အတ္တကိလမထာနုယောဂ

အတ္တကိလမထာနုယောဂဆိုတာ မိမိကိုယ်ကို ပင်ပန်းအောင် အားထုတ်ပြုလုပ်တဲ့အကျင့်ပါပဲ။ ဘာ့ကြောင့် ဒီအကျင့်ကို ကျင့်ကြသလဲဆိုရင် မိမိကိုယ်ကို ကာမဂုဏ် တွေနဲ့ပြုစုထားလျှင် ကာမဂုဏ်တွေကို တပ်မက်လိုချင်တဲ့ ကိလေသာတွေ တိုးပွားလာလိမ့်မယ်။ အစား၊ အဝတ်စတဲ့ ကာမဂုဏ်တွေကို မစားသောက်၊ မသုံးဆောင်ဘဲ ဆင်းရဲ အောင်ပြုလုပ်မှ တပ်မက်လိုချင်တဲ့ ကိလေသာတွေ ကင်းငြိမ်းသွားမယ်။ ကိလေသာတွေကင်းငြိမ်းမှ အိုခြင်း၊ နာခြင်း၊ သေခြင်းစတဲ့ ဆင်းရဲအားလုံး ကင်းငြိမ်းသွား လိမ့်မယ်လို့ ထင်မြင်ယူဆပြီး အဲဒီလို ကိုယ်ပင်ပန်းအောင် ကျင့်တဲ့ အကျင့်ကို ကျင့်ကြတာပါပဲ။

ကျင့်ပုံကတော့ အဝတ်မဝတ်ဘဲ ကိုယ်တုံးလုံးနေပြီး အပင်ပန်းခံတယ်။ အလွန်အေးတဲ့အခါမှာ အလွန်အေးတဲ့ ရေထဲစိမ်နေတယ်။ အလွန်ပူတဲ့အခါမှာ အပေါ်က နေပူနဲ့ အရပ်လေးမျက်နှာက မီးဖိုကြီးလေးခုဖိုပြီး အလယ်မှာဝင်၍ အပူခံနေတယ်။ အဲဒါကို ပဉ္စာတပအကျင့်ခေါ်တယ်။ အိပ်ရာနေရာနဲ့ မအိပ်မနေဘဲ မြေပြင်ပေါ်မှာပဲအိပ်တယ်၊ နေတယ်။ အချို့က ဆူးပေါ်မှာအိပ်တယ်။ ရက်ပေါင်းများစွာ အဆင်းရဲခံပြီးထိုင်နေတယ်။ မတ်တပ်ရပ်နေတယ်။

အစာရေစာဖြတ်ပြီး ကျင့်သူလည်းရှိတယ်။ အချို့က တစ်ရက်ခြား၊ နှစ်ရက်ခြား၊ တစ်ပတ်ခြား၊ နှစ်ပတ်ခြား အစာဖြတ်ပြီး ကျင့်တာလည်း ရှိတယ်။ ထမင်းတစ်လုပ်အထိ လျှော့စားတာလည်းရှိတယ်။ သစ်ရွက်စိမ်းတို့၊ မြက်တို့၊ နွားချေးတို့ကို စားနေတာလည်းရှိတယ်။ အဲဒီလို ကိုယ်ပင်ပန်းအောင်ကျင့်တာကို အတ္တကိလမထာနုယောဂ အကျင့်ခေါ်တယ်။ ဟိုတုန်းကတော့ ဒီအကျင့်ကိုပဲ အကျင့်ကောင်း၊ အကျင့်မှန်လို့ ယုံကြည်ယူဆနေကြတယ်။ ဒါ့ကြောင့် ဘုရားအလောင်းတော်ဟာ ဒုက္ကရစရိယာအကျင့်ကို ကျင့်နေရာမှ အစာကြမ်းတွေကို ပြန်စားတဲ့အခါ "ငါတို့ကတော့ ပိုပြီးတော့ ဒီဂိုဏ်းရဲ့အကျင့်မှာ... 

"ဧကန်ဘုရားဖြစ်လိမ့်မယ်" လို့ သူတို့ကိုယ်တိုင်ဟောခဲ့တဲ့ ပဉ္စဝဂ္ဂီတွေကတောင် ဘုရားအလောင်းတော်ကို "ပဓာနဝိဗ္ဘန္တ = ပဓာနအကျင့်မှထွက်သူ (ကမ္မဋ္ဌာန်းလူထွက်)၊ ဘုရားမဖြစ်နိုင်တော့ဘူး "လို့ အထင်လွဲခဲ့ကြသေးတာပေါ့။ ယခုခေတ်မှာလည်း အိန္ဒိယနိုင်ငံမှာ အဲဒီဒုက္ကရစရိယာ အကျင့်ကို ကျင့်နေသူတွေ များစွာရှိသေးတယ်။

## အတ္တကိလမထာနုယောဂ အကျင့်ဟာ ဆင်းရဲရုံမျှပဲ

မြတ်စွာဘုရားကတော့ အဲဒီ အတ္တကိလမထာနုယောဂ အကျင့်ဟာ "ဒုက္ခော=ကိုယ်ဆင်းရဲရုံမျှပဲ"လို့

ဟောတော်မူတယ်။ ဒါပေမယ့် အဲဒီ အတ္တကိလမထာ နုယောဂအကျင့်ကို နိဂဏ္ဌနာဋပုတ္တ အစရှိတဲ့ ရသေ့ ရဟန်းများက အကျင့်ကောင်း၊ အကျင့်မြတ်လို့ ယုံကြည်ယူဆထားကြတဲ့အတွက် သူတို့ကို မထိခိုက်အောင် "ဟီနော=ယုတ်ညံ့တယ်"လို့လည်း မဟောခဲ့ဘူး။ ရွာသူ ရွာသား၊ မြို့သူမြို့သားတွေ အများအားဖြင့် ကျင့်နိုင်တာ မဟုတ်တဲ့အတွက် "ဂမ္မော" လို့လည်း မဟောခဲ့ဘူး။ လူအများစုရဲ့အကျင့်မဟုတ်တဲ့အတွက် "ပေါထုဇ္ဇနိကော" လို့လည်း မဟောခဲ့ဘူး။

ဤ အတ္တကိလမထာနုယောဂအကျင့်ဟာ "အနရိယော = အရိယာသူတော်သူမြတ်တို့အကျင့်လည်း မဟုတ်ဘူး။ စင်ကြယ်ကောင်းမြတ်တဲ့ အကျင့်လည်းမဟုတ် ဘူး"တဲ့။ ဒါကတော့ ထင်ရှားနေပါပြီ။ နောက်တစ်ခုကတော့ 'အနတ္ထသံဟိတော' တဲ့။ ဒီ အတ္တကိလမထာနုယောဂ အကျင့်ဟာ အလိုရှိအပ်၊ အလိုရှိထိုက်တဲ့ အကျိုးစီးပွားနှင့် လည်း မစပ်ဆိုင်ဘူး။ လောကုတ္တရာအကျိုးစီးပွားများနှင့် မစပ်ဆိုင်ရုံမျှမက လောကီအကျိုးစီးပွားနှင့်တောင် မစပ်ဆိုင်ဘူး။ သူ့အကျိုးကတော့ ကိုယ်ပင်ပန်းရုံ၊ ဆင်းရဲရုံမျှ သက်သက်ပဲ။ ဒါ့ကြောင့် ရှင်ရဟန်းဖြစ်တဲ့ ပုဂ္ဂိုလ်တို့ မမှီဝဲသင့်ဘူးလို့ ဟောတော်မူခဲ့တယ်။

## ဘာဝနာအားထုတ်တာ
## အတ္တကိလမထာနုယောဂမဖြစ်

တချို့က အတ္တကိလမထာနုယောဂအကျင့်ကို ဘုရားအလိုတော်နှင့်ဆန့်ကျင်ပြီး ယူဆပြောဟောနေကြတယ်။ သူတို့က အပင်ပန်းခံပြီး တရားအားထုတ်တာလည်း အတ္တကိလမထာနုယောဂဖြစ်တယ်လို့ ပြောကြတယ်။ ဒါကတော့ မြတ်စွာဘုရားအလိုတော်နှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတာပဲ။ မြတ်စွာဘုရားက "အရေ, အကြော, အရိုးမျှသာ ကျန်ချင်လည်း ကျန်ပစေ၊ အသားအသွေးတွေ ခြောက်ခန်းသွားချင်လည်း ခြောက်ခန်းသွားပစေ၊ မဂ်ဖိုလ်တရားထူးကို မရမချင်း မရပ်မနား အားထုတ်သွားမယ်" လို့ အဓိဋ္ဌာန်ပြုပြီး ထက်ထက်သန်သန် အားထုတ်ဖို့ တိုက်တွန်းတော်မူခဲ့ပါတယ်။ ဒါ့ကြောင့် သမာဓိ၊ ပညာဖြစ်စေရန် ဘာဝနာအလုပ်အားထုတ်တာကို အတ္တကိလမထာနုယောဂလို့ မဆိုရဘူး။ အခုဖော်ပြခဲ့တာဟာ အဖို့အစွန်းနှစ်ပါးပါပဲ။ လျော့လွန်းတဲ့ ကာမသုခလ္လိကာနုယောဂအကျင့်က တစ်ဖက်စွန်း၊ တင်းလွန်းတဲ့ အတ္တကိလမထာနုယောဂအကျင့်က တစ်ဖက်စွန်း၊ ဒီလို အစွန်းနှစ်ဖက်ရောက်တဲ့ အကျင့်လို့ဆိုလိုတယ်။ အဲဒီအစွန်းနှစ်ဖက်ကို ပယ်ပြီးတော့ မဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်လမ်းအကျင့်ဖြင့် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူခဲ့တဲ့ အကြောင်းကို ဒီလိုဆက်ပြီးဟောတော်မူခဲ့ပါတယ်။

## မဇ္ဈိမပဋိပဒါအကျင့်နှင့်အကျိုး

တေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ ။

ဘိက္ခဝေ ၊ ရဟန်းတို့။ **တေ ခေါ ဥဘော အန္တေ၊** ဤအဖို့အစွန်း နှစ်ပါးတို့သို့။ **အနုပဂမ္မ** ၊ မကပ်ရောက်မူ၍။ **တထာဂတေန** ၊ ငါဘုရားသည်။ **မဇ္ဈိမာပဋိပဒါ** ၊ အလယ် လမ်းဖြစ်သောအကျင့်ကို။ **အဘိသမ္ဗုဒ္ဓါ** ၊ ထိုးထွင်း၍ သိအပ်ပြီ။ **အဘိသမ္ဗုဒ္ဓါ** ၊ ထိုးထွင်း၍ သိလာခဲ့သော။ **မဇ္ဈိမာပဋိပဒါ** ၊ အလယ်လမ်းအကျင့်သည်။ **စက္ခုကရဏီ** ၊ ပညာမျက်စိကိုပြုနိုင်၏။ **ဉာဏကရဏီ** ၊ အသိဉာဏ်ကို ပြုနိုင်၏။ **ဥပသမာယ** ၊ ကိလေသာငြိမ်းခြင်းငှါ။ ဝါ ၊ သဉပါဒိသေသ နိဗ္ဗာန်အကျိုးငှါ။ **အဘိညာယ** ၊ သစ္စာ လေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။ **သမ္ဗောဓာယ** ၊ သစ္စာလေးပါးကို ထိုးထွင်း၍ ကောင်းစွာသိမြင်ခြင်းငှါ။ **နိဗ္ဗာနာယ** ၊ ဒုက္ခခပ်သိမ်းငြိမ်းခြင်းငှါ။ ဝါ ၊ အနုပါဒိသေသ နိဗ္ဗာန်အကျိုးငှါ။ **သံဝတ္တတိ** ၊ ဖြစ်၏။

ဒီစကားတော်ဖြင့် ကာမချမ်းသာကို ခံစားမှုဆိုတဲ့ လျှော့လွန်းသော အဖို့အစွန်းနှင့် သုံးဆောင်သင့်တာကို မသုံးဆောင်ဘဲ ကိုယ်ပင်ပန်းဆင်းရဲအောင်ကျင့်တဲ့

တင်းလွန်းသောအဖို့အစွန်း၊ ဒီအစွန်းရောက်တရားနှစ်ပါးကို စွန့်ပယ်ပြီးကျင့်ရတဲ့ အလယ်လမ်းအကျင့်ကို ငါဘုရား သိလာပြီ။ အဲဒီအလယ်လမ်းအကျင့်သည် ပညာမျက်စိကို ပြုတတ်တယ်၊ ဖြစ်စေတတ်တယ်။ အသိဉာဏ်ကိုလည်း ပြုတတ်တယ်၊ ဖြစ်စေတတ်တယ်။ ကိလေသာငြိမ်းခြင်း ဟူသော သဉပါဒိသေသ နိဗ္ဗာန်အကျိုးငှာလည်းဖြစ်တယ်။ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့်သိရန်လည်းဖြစ်တယ်။ သစ္စာလေးပါးကိုထိုးထွင်း၍ သိရန်လည်းဖြစ်တယ်။ ဒုက္ခ ခပ်သိမ်းငြိမ်းခြင်းဟူသော အနုပါဒိသေသနိဗ္ဗာန်ကို မျက်မှောက်ပြုရန်လည်းဖြစ်တယ်လို့ ပြတော်မူတယ်။

ဘုရားအလောင်းတော်ဟာ ၁၆-နှစ်အရွယ်မှ ၂၉-နှစ်အရွယ်ထိတိုင်အောင် ၁၃-နှစ်ပတ်လုံး ကာမချမ်းသာကိုခံစားမှုဆိုတဲ့ လျော့လွန်းသောအကျင့်ကိုလိုက်ခဲ့တယ်။ ၂၉-နှစ်အရွယ်မှာတောထွက်ပြီး ရဟန်းပြုကာ အဲဒီ လျော့လွန်းသော ကာမသုခလ္လိကာနုယောဂအကျင့်လမ်းကို ပယ်စွန့်ခဲ့တယ်။ အဲဒီလိုပယ်စွန့်ပြီးတော့ ၆-နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကိုကျင့်ခြင်းဖြင့် ကိုယ်ကိုညှဉ်းဆဲတဲ့ အတ္တကိလမထာနုယောဂအကျင့်လမ်းကို လိုက်ခဲ့ပြန်တယ်။ ၆-နှစ်ကြာတော့ အဲဒီ အတ္တကိလမထာနုယောဂအကျင့်ဖြင့် ဉာဏ်ထူး၊ တရားထူး တစ်စုံတစ်ခုကိုမျှ မရလို့ လမ်းမှားမှန်း

သိပြီး အဲဒီအကျင့်ကိုလည်း ပယ်စွန့်ခဲ့တယ်။ အဲဒီနောက် အာနာပါနစျာန်ကို ရအောင်အားထုတ်ဖို့ ခွန်အားပြည့်ဝရေး အတွက် အစာအာဟာရအကြမ်းများကို ပြန်ပြီးမှီဝဲခဲ့တယ်။ အဲဒါကတော့ မဇ္ဈိမပဋိပဒါထဲမှာ အပါအဝင်ဖြစ်တဲ့ အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်နိုင်ဖို့ ရည်ရွယ်ကာ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်ပြီး သုံးဆောင်တာ ဖြစ်တဲ့အတွက် ကာမသုခလ္လိကာနုယောဂလို့လည်း မဆိုရဘူး။ မသုံးဆောင်ဘဲ ကိုယ်ကို ညှဉ်းဆဲတာမဟုတ်တဲ့ အတွက် အတ္တကိလမထာနုယောဂလည်းမဟုတ်ဘူး။ အဲဒီအဖို့အစွန်းနှစ်ပါးမှလွတ်တဲ့ မဇ္ဈိမပဋိပဒါလမ်းသာ ဖြစ်တယ်။ အဲဒီလို သုံးဆောင်သင့်တာကိုသုံးဆောင်လို့ ခွန်အားပြည့်ဝလာတဲ့အခါ အာနာပါနခေါ်တဲ့ ဝင်လေ၊ ထွက်လေကို ရှုမှတ်ပြီး ဈာန်လေးပါးကို ရတော်မူခဲ့တယ်။ အဲဒီဈာန်သမာဓိကတော့ အရိယာမဂ်၏ ရှေ့အဖို့မှာဖြစ်တဲ့ ဝိပဿနာမဂ်၏ အခြေခံဖြစ်တဲ့အတွက် မဇ္ဈိမပဋိပဒါခေါ်တဲ့ မဂ္ဂင်ရှစ်ပါးထဲမှာပါဝင်တဲ့ သမာဓိမဂ္ဂင်ဖြစ်တယ်။ အဲဒီ သမာဓိမဂ္ဂင်ကို အခြေခံပြုပြီးတော့ ဝိပဿနာ သမ္မာဒိဋ္ဌိ မဂ္ဂင်ကို ဖြစ်ပွားစေတယ်။ အဲဒီလို ဖြစ်ပွားစေခြင်းဖြင့် အရိယာမဂ်လေးပါးဆိုတဲ့ အရိယမဂ္ဂင်ရှစ်ပါးတရားထူး၊ တရားမြတ်တွေကို ကိုယ်တိုင်တွေ့၊ ကိုယ်တိုင်သိ ရရှိတော်

မူခဲ့တယ်။ အဲဒီလိုရရှိတာဟာ ကာမသုခလ္လိကာနုယောဂ အကျင့်ဖြင့် ရတာလည်းမဟုတ်ဘူး။ ဒုက္ကရစရိယာ အကျင့်ဖြင့်ရတာလည်းမဟုတ်ဘူး။ အဲဒီအကျင့်နှစ်ပါးကို ပယ်စွန့်ပြီး အလယ်လမ်းအကျင့်ဖြင့်ရလာတာဖြစ်တယ်။ ဒါ့ကြောင့် "ရဟန်းတို့ . . . ဤအဖို့ အစွန်းနှစ်ပါးတို့သို့ မကပ်ရောက်ဘဲ ငါဘုရားသည် အလယ်လမ်းအကျင့်ကို ထိုးထွင်း၍သိခဲ့ပြီ" လို့ ဟောတော်မူပါတယ်။

အဲဒီ မဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်လမ်းအကျင့်ဟာ ကျင့်တဲ့ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ပညာမျက်စိကို ပြုတတ်၊ ဖြစ်စေတတ်တယ်။ အသိဉာဏ်ကိုလည်း ပြုတတ်၊ဖြစ်စေတတ်တယ်။ ပညာမျက်စိဆိုတာနဲ့ အသိဉာဏ်ဆိုတာဟာ စကား ပရိယာယ်မျှသာ ကွဲပါတယ်။ သဘောကတော့ အတူတူ ပါပဲ။ ဉာဏ်ကိုပင် မျက်စိဖြင့် မြင်ရသလို မြင်နိုင်တဲ့အတွက် မျက်စိလို့ ဆိုရပါတယ်။ အဲဒီပညာမျက်စိကိုပဲ သိတတ်သော သဘောကြောင့် ဉာဏ်လို့ဆိုရပါတယ်။

## ပညာမျက်စိ အသိဉာဏ်ဖြစ်အောင်ကျင့်ပုံ

အဲဒီ ပညာမျက်စိအသိဉာဏ်ကို ကာမဂုဏ်ချမ်းသာ ကို ခံစားနေခြင်းဖြင့်လည်း မဖြစ်စေနိုင်ဘူး။ ကိုယ်ပင်ပန်း

ဆင်းရဲအောင်ကျင့်ခြင်းဖြင့်လည်း မဖြစ်စေနိုင်ဘူး။ မဇ္ဈိမ ပဋိပဒါခေါ်တဲ့ အလယ်လမ်းအကျင့်ဖြင့်သာ ဖြစ်စေနိုင်တယ်။ အဲဒီမဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်လမ်းအကျင့်ဆိုတာ မဂ္ဂင်ရှစ်ပါးပဲလို့ နောက်နားရောက်တော့ ဟောတော်မူလိမ့်မယ်။ အဲဒီမဂ္ဂင်ရှစ်ပါးဖြစ်ပွားစေချင်လျှင် ဖြစ်ခိုက်၊ ဖြစ်ခိုက် နာမ်ရုပ်တွေကို မပြတ်ရှုမှတ်နေရတယ်။ အဲဒီလို မပြတ်ရှုမှတ်နေရင်တော့ ပညာမျက်စိအသိဉာဏ်ဖြစ်ပေါ် လာမှာပါပဲ။ ပဌမရှုခါစပုဂ္ဂိုလ်မှာတော့ မြင်တယ်၊ ကြားတယ်၊ နံတယ်၊ စားသိတယ်၊ ထိသိတယ်၊ ကြံသိတယ်၊ သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ်၊ ကွေးတယ်၊ ဆန့်တယ် စသည်ဖြင့် ရှုမှတ်နေပေမယ်လို့ သမာဓိကောင်းကောင်း မဖြစ်သေးခင်မှာတော့ ဘာမှထူးထူးခြားခြားမသိသေးဘူး။ ရှုမှတ်လို့ ၃ - ၄ - ၅ ရက်၊ တစ်ပတ်၊ တစ်လ စသည်ကြာတဲ့ အခါကျတော့ စိတ်တည်ငြိမ်မှု သမာဓိကောင်းလာပြီး အခြားအာရုံများဆီသို့ စိတ်ကမသွားတော့ဘဲ ဖြစ်ခိုက်၊ ဖြစ်ခိုက် နာမ်ရုပ်ပေါ်မှာသာ ကပ်ကပ်ပြီးတည်နေတယ်။ အဲဒီအခါ သိမှတ်ရတဲ့ရုပ်ကတခြား၊ သိမှတ်နေတဲ့ နာမ်ကတခြားလို့ မျက်စိဖြင့် မြင်ရသလို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား သိရ၊ မြင်ရတယ်။ အဲဒီရုပ်နာမ်တွေ အသစ်အသစ်ဖြစ်ပေါ်လာပုံ၊ ပျက်ပျက်သွားပုံကိုလည်း တကယ်ဖြစ်ပျက်နေတဲ့အတိုင်း ရှင်းရှင်းလင်းလင်း

ပြတ်ပြတ်သားသား သိရ၊ မြင်ရတယ်။ အဲဒီလိုဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာကို သိရ၊ မြင်ရတော့ "အနိစ္စ = မမြဲဘူး"လို့ ကိုယ်တိုင်သိလာတယ်။ အဲဒီလို အဖြစ်အပျက်တွေက အမြဲတမ်းနှိပ်စက်ခံနေရတဲ့အတွက် မကောင်းဆိုးရွား ကြောက်စရာတရားတွေပဲ၊ ဒုက္ခ = ဆင်းရဲတွေပဲလို့လည်း သိရ၊ မြင်ရတယ်။ အဲဒီလိုဖြစ်ပျက်နေတဲ့ ရုပ်တရား၊ နာမ်တရားတွေဟာ အနတ္တ=အတ္တကောင်လည်းမဟုတ်ဘူး။ အသက်ကောင်လည်းမဟုတ်ဘူး၊ အစိုးမရတဲ့သဘောတွေ လို့လဲ သိရ၊ မြင်ရတယ်။ အဲဒီ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အသိဉာဏ်တွေရင့်သန်ပြည့်စုံလာတဲ့အခါမှာ ရုပ်နာမ်သင်္ခါရ ဆင်းရဲခပ်သိမ်းအကုန်ငြိမ်းတဲ့ နိဗ္ဗာန်ကိုလည်း အရိယ မဂ်ဉာဏ်ဖြင့် ဆိုက်ရောက်ပြီး သိရ၊ မြင်ရတယ်။ အဲဒီလို သိရ၊ မြင်ရတာတွေဟာ ပညာမျက်စိ အသိဉာဏ်တွေဖြစ်တာ ပါပဲ။

## ကိလေသာကို ငြိမ်းစေပုံ

နောက်တစ်ပုဒ်က ဒီအလယ်လမ်းအကျင့်ဟာ "ဥပသမာယ သံဝတ္တတိ=ကိလေသာငြိမ်းခြင်းအကျိုးငှါလည်း ဖြစ်တယ်"တဲ့။ ကိလေသာငြိမ်းပုံကတော့ ဒွါရ ၆-ပါးက ထင်ရှားစွာဖြစ်ပေါ်နေတဲ့ နာမ်တရား၊ ရုပ်တရားတွေကို မပြတ်ရှုမှတ်နေလျှင် ရှုမိတဲ့အာရုံကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ

သဘောမျှပဲလို့ သိလာတယ်။ အဲဒီလို သိလာတော့ မြဲတဲ့အနေ၊ ချမ်းသာတဲ့အနေ၊ အသက်ကောင်၊ အတ္တကောင် အနေဖြင့် စွဲလမ်းပြီးဖြစ်ပေါ်မည့် ကိလေသာတွေဟာ မဖြစ်နိုင်တော့ဘဲ ငြိမ်းသွားတယ်။ အဲဒါဟာ မရှုမှတ်မိလို့ အမှန်အတိုင်းမသိရင် အဲဒီအာရုံတွေမှာ ဖြစ်ခွင့်ရှိတဲ့ ကိလေသာတွေကို ဝိပဿနာဉာဏ်က တဒင်္ဂပဟာန် အားဖြင့် ပယ်တာပါပဲ။ တဒင်္ဂပဟာန်ဆိုတာ အပေါင်း ဖြစ်သော ဝိပဿနာ၏ အစိတ်ဖြစ်သော ထိုးထွင်းဉာဏ် တစ်စိတ်ဖြင့် ပယ်သင့်တဲ့ကိလေသာတွေကိုပယ်ခြင်းကို ဆိုတာပါပဲ။ အဲဒါဟာ မရှုမိရင်ဖြစ်ခွင့်ရှိတဲ့ အာရမ္မဏာ နုသယ = အာရုံပေါ်မှာကိန်းတဲ့ကိလေသာကို ရှုမှတ်မှု ဝိပဿနာဉာဏ်တစ်စိတ်ဖြင့် ပယ်တာ၊ ငြိမ်းစေတာပါပဲ။ အဲဒီလို ရှုမှတ်မိတဲ့ အာရုံမှာဖြစ်ခွင့်ရှိတဲ့ အာရမ္မဏာနုသယ ကိလေသာကို ဝိပဿနာမဂ္ဂင်တွေက တဒင်္ဂအားဖြင့် ပယ်ပြီးတဲ့နောက် ပုဂ္ဂိုလ်ရဲ့သန္တာန်မှာဖြစ်ထိုက်တဲ့ သန္တာနာနုသယ ကိလေသာတွေကို အရိယမဂ္ဂင်တွေက တဒင်္ဂ=တစ်စိတ်တစ်ပိုင်းအားဖြင့်ဖြစ်စေ၊ သမုစ္ဆေဒ = အမြစ်ပြတ်အားဖြင့်ဖြစ်စေ ပယ်တယ်၊ ငြိမ်းစေတယ်။ ဒါ့ကြောင့် မြတ်စွာဘုရားက “ဥပသမာယ သံဝတ္တတိ= ကိလေသာငြိမ်းခြင်းအကျိုးငှါလည်းဖြစ်တယ်”လို့ ဟောတော် မူခဲ့ပါတယ်။

## ထူးသောဉာဏ်ဖြင့်သိပုံ

နောက်တစ်ခုက 'အဘိညာယ သံဝတ္တတိ' တဲ့။ အဲဒီ မဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်လမ်းအကျင့်ဟာ ထူးသော ဉာဏ်ဖြင့်သိခြင်းငှါလည်း ဖြစ်တယ်တဲ့။ သစ္စာလေးပါး အမှန်တရားတွေကို ထူးသောဝိပဿနာဉာဏ်၊ အရိယ မဂ်ဉာဏ်တို့ဖြင့် သိတာကိုဆိုတာပါပဲ။ ရှေးရှေးခဏ၊ ရှေးရှေးကာလက ဖြစ်ပွားစေခဲ့တဲ့ ဝိပဿနာမဂ္ဂင်တရား တွေရဲ့ အထောက်အပံ့ဖြင့် နောက်နောက်၌ဖြစ်ပွားလာတဲ့ ဝိပဿနာဉာဏ်က သစ္စာလေးပါး အမှန်တရားတွေကို သိသိသွားတယ်။ အဲဒီလိုသိတာကလည်း တိုက်ရိုက်အားဖြင့် ရှုမိတဲ့အာရုံကိုသာ သိတာပါပဲ။ အဲဒါဟာ ထူးသော ဝိပဿနာဉာဏ်ဖြင့်သိပုံပါပဲ။ အဲဒီနောက် ထူးသောအရိယမဂ် ဉာဏ်ဖြင့်လည်း သိရန်အလို့ငှာဖြစ်တယ်တဲ့။ ဝိပဿနာမဂ္ဂင် တွေက ရင့်သန်ပြည့်စုံလာတဲ့အခါ အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသိသွားတယ်။ ဒါဟာ ထူးသော အရိယမဂ်ဉာဏ်ဖြင့် သိပုံပါပဲ။ အဲဒီလိုသိတာကိုရည်ရွယ် ပြီးတော့ "အဘိညာယ သံဝတ္တတိ = ထူးသောဉာဏ်ဖြင့် သိခြင်းငှါလည်းဖြစ်တယ်"လို့ ဟောတော်မူခဲ့ပါတယ်။

## ထိုးထွင်း၍သိပုံ

နောက်တစ်ခုကတော့ အဲဒီမဇ္ဈိမပဋိပဒါ အလယ်လမ်းအကျင့်ဟာ "သမ္ဗောဓာယ သံဝတ္တတိ = သစ္စာလေးပါးကိုထိုးထွင်း၍ သိခြင်းငှါလည်း ဖြစ်တယ်"တဲ့။ ထိုးထွင်း၍သိတယ်ဆိုတာကလည်း ရှေးကမသိနိုင်၊ မမြင်နိုင်တာတွေကို ဖောက်ထွင်းပြီး သိမြင်တယ်လို့ ဆိုတာပါပဲ။ ဥပမာအားဖြင့် ကန့်လန့်ကာကြီးကွယ်နေလို့၊ နံရံကြီးကွယ်နေလို့ ဟိုတစ်ဘက်က အရာဝတ္ထုတွေကို မမြင်နိုင်ဘူးဆိုပါတော့။ အဲဒီလိုမမြင်နိုင်ရာမှာ ကန့်လန့်ကာကြီး၊ နံရံကြီးကို ဖောက်ခွဲလိုက်ရင် ဟိုတစ်ဘက်က အရာဝတ္ထုတွေကိုမြင်ရတယ်။ အဲဒီလိုပါပဲ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားသိတိုင်း၊ တွေ့ထိတိုင်း၊ ကြံသိတိုင်း၊ အလွဲကိုချည်းသိသိနေအောင် အဝိဇ္ဇာက အမှန်ကိုဖုံးကွယ်ထားတယ်။ ဒါ့ကြောင့် သစ္စာလေးပါးကို အမှန်မသိဘဲ ဖြစ်နေကြတယ်။ အဲဒီလိုဖြစ်နေရာမှာ မဂ္ဂင်ရှစ်ပါးကို ပွားလိုက်တော့ ရှေးကမသိနိုင်ခဲ့တဲ့အမှန်တရားတွေကို ဝိပဿနာဉာဏ်၊ အရိယမဂ်ဉာဏ်တို့ဖြင့် သိရတယ်။ အဲဒါဟာ အဝိဇ္ဇာအကွယ်အကာကို ဖောက်ထွင်းပြီးသိတာပါပဲ။ ထိုးထွင်းသိတယ်ဆိုတာ ဒီလိုသိတာကို ဆိုလိုတယ်။ ဒါ့ကြောင့် မဇ္ဈိမပဋိပတ်အကျင့်မြတ်ဟာ သစ္စာလေးပါးကို ထိုးထွင်းပြီးသိရန်အလို့ငှာလည်း ဖြစ်တယ်လို့ ဟောတော်မူခဲ့ပါတယ်။

## နိဗ္ဗာန်သို့ ဆိုက်ရောက်ပုံ

နောက်တစ်ပုဒ်ကတော့ 'နိဗ္ဗာနာယ သံဝတ္တတိ' တဲ့။ အလယ်လမ်းအကျင့်ဖြစ်တဲ့ မဇ္ဈိမပဋိပတ်အကျင့်မြတ်ဟာ ဆင်းရဲခပ်သိမ်းငြိမ်းခြင်းငှါလည်းဖြစ်တယ်။ (ဝါ) အနုပါဒိသေသနိဗ္ဗာန်အကျိုးငှါလည်းဖြစ်တယ်တဲ့။ သမ္ဗောဓာယ-အရ အရဟတ္တမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို ထိုးထွင်းသိလျှင် နိဗ္ဗာနာယ-အရ အရဟတ္တဖိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကိစ္စလည်းပြီးတော့တာပါပဲ။ ဒါပေမယ့် နိဗ္ဗာန်ဆိုတာ 'သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ' လို့ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုသူတို့ အတွက် အမြင့်မြတ်ဆုံး နောက်ဆုံးပန်းတိုင်ဖြစ်တဲ့အတွက် ထပ်ပြီး ဟောတော်မူတာပါပဲ။ မဇ္ဈိမပဋိပတ်အကျင့်မြတ်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးကို ပွားများလျှင်၊ အရဟတ္တမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို ထိုးထွင်းသိမြင်တယ်။ အရဟတ္တမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို ထိုးထွင်းသိမြင်လျှင် အရဟတ္တဖိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသိမြင်တယ်၊ ရဟန္တာဖြစ်တယ်ပေါ့။ အဲဒီ ရဟန္တာရဲ့ နောက်ဆုံးဖြစ်တဲ့ ပရိနိဗ္ဗာန်စုတိမှနောက်၌ ဘဝသစ် ရုပ်နာမ်ခန္ဓာအသစ်တွေမဖြစ်လာတော့ဘဲ ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းသွားတယ်။ အဲဒီလို ဆင်းရဲခပ်သိမ်း ငြိမ်းခြင်းငှါ (ဝါ) အနုပါဒိသေသ နိဗ္ဗာန်အကျိုးငှါလည်း ဖြစ်တာကို ရည်ရွယ်ပြီး 'နိဗ္ဗာနာယ သံဝတ္တတိ' လို့ ဟောတော်မူပါတယ်။

## မဇ္ဈိမပဋိပဒါ၏ သရုပ်

**ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။**

**ဘိက္ခဝေ** ၊ ရဟန်းတို့။ **တထာဂတေန** ၊ သင်တို့ဆရာ ငါဘုရားသည်။ **အဘိသမ္ဗုဒ္ဓါ** ၊ ထိုးထွင်း၍ သိတော်မူအပ်ပြီးသော။ **ယာ မဇ္ဈိမာ ပဋိပဒါ** ၊ အကြင်အလယ်လမ်းအကျင့်သည်။ **စက္ခုကရဏီ** ၊ ပညာမျက်စိကို ပြုတတ်, ဖြစ်စေတတ်၏။ **ဉာဏကရဏီ**၊ အသိဉာဏ်ကို ပြုတတ်, ဖြစ်စေတတ်၏။ **ဥပသမာယ** ၊ ကိလေသာငြိမ်းခြင်းငှါ။ ဝါ ၊ သဥပါဒိသေသနိဗ္ဗာန်အကျိုးငှါ။ **အဘိညာယ**၊ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။ **သမ္ဗောဓာယ** ၊ သစ္စာလေးပါးကို ထိုးထွင်း၍သိခြင်းငှါ။ **နိဗ္ဗာနာယ** ၊ ဆင်းရဲခပ်သိမ်းငြိမ်းခြင်းငှါ။ ဝါ ၊ အနုပါဒိသေသနိဗ္ဗာန်အကျိုးငှါ။ **သံဝတ္တတိ** ၊ ဖြစ်၏။ **သာ မဇ္ဈိမာပဋိပဒါ**၊ ထိုအလယ်လမ်းအကျင့်သည်။ **ကတမာ စ** ၊ အဘယ်ပါနည်း။

ရဟန်းတို့ . . . သင်တို့ဆရာ ငါဘုရား သိလာပြီဖြစ်သော ပညာမျက်စိအသိဉာဏ်ကို ပြုတတ်၊ ဖြစ်စေတတ်သော၊ ကိလေသာငြိမ်းရန်၊ သစ္စာလေးပါးကို ထူးသော

ဉာဏ်ဖြင့်သိရန်၊ ထိုးထွင်း၍သိရန်၊ ဆင်းရဲခပ်သိမ်းငြိမ်းရန် (ဝါ) အနုပါဒိသေသ နိဗ္ဗာန်အကျိုးငှါဖြစ်သော အလယ်လမ်း အကျင့်ဆိုတာ ဘယ်ဟာပါလဲတဲ့။ ဒီစကားတော်ကတော့ မဇ္ဈိမပဋိပတ်အကျင့်မြတ်ကို သရုပ်ထုတ်ပြဖို့ မေးတော်မူတဲ့ မေးခွန်းပါပဲ။ အဲဒီမေးခွန်းရဲ့အဖြေကတော့ -

**အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ - တဲ့ ။**

အရိယော ၊ ကိလေသာတို့မှဝေးကွာသော။ ဝါ ၊ ကိလေသာတို့မှ ဝေးကွာသဖြင့် ဖြူစင်သန့်ရှင်းသော။ **အဋ္ဌင်္ဂိကော** ၊ ရှစ်ပါးသောအင်္ဂါရှိသော။ **အယမေဝ မဂ္ဂေါ**၊ ဤမဂ်သာတည်း (ဤအရိယအဋ္ဌင်္ဂိကမဂ်သာတည်း)။ **သေယျထိဒံ** ၊ ဤအရိယအဋ္ဌင်္ဂိကမဂ်ဟူသည်အဘယ်နည်း။ **သမ္မာဒိဋ္ဌိ** ၊ မှန်စွာသိမြင်မှုလည်းကောင်း။ **သမ္မာသင်္ကပ္ပေါ** ၊ မှန်စွာကြံစည်မှုလည်းကောင်း။ **သမ္မာဝါစာ** ၊ မှန်စွာပြောဆိုမှုလည်းကောင်း။ **သမ္မာကမ္မန္တော**၊ မှန်စွာပြုလုပ်မှုလည်းကောင်း။ **သမ္မာအာဇီဝေါ**၊ မှန်စွာအသက်မွေးမှုလည်းကောင်း။ **သမ္မာဝါယာမော**၊ မှန်စွာ အားထုတ်မှုလည်းကောင်း။ **သမ္မာသတိ**၊ မှန်စွာအောက်မေ့မှု (အမှတ်

ရမှု) လည်းကောင်း။ သမ္မာသမာဓိ ၊ မှန်စွာတည်ကြည်မှု လည်းကောင်း။ အယံ ခေါ ၊ ဤအရိယအဋ္ဌင်္ဂိကမဂ် ပင်တည်း။

ဆိုလိုရင်းအဓိပ္ပါယ်ကတော့-မဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်လမ်းအကျင့်ဆိုတာ ဤအရိယမဂ္ဂင်ရှစ်ပါးပါပဲတဲ့။

## အရိယမဂ္ဂင်ရှစ်ပါး

မဂ္ဂင်ရှစ်ပါးသရုပ်ကတော့ -

၁။ သမ္မာဒိဋ္ဌိ - မှန်စွာသိမြင်မှု
၂။ သမ္မာသင်္ကပ္ပ - မှန်စွာကြံစည်မှု
၃။ သမ္မာဝါစာ - မှန်စွာပြောဆိုမှု
၄။ သမ္မာကမ္မန္တ - မှန်စွာပြုလုပ်မှု
၅။ သမ္မာအာဇီဝ - မှန်စွာအသက်မွေးမှု
၆။ သမ္မာဝါယာမ - မှန်စွာအားထုတ်မှု
၇။ သမ္မာသတိ - မှန်စွာအောက်မေ့မှု (အမှတ်ရမှု)
၈။ သမ္မာသမာဓိ - မှန်စွာတည်ကြည်မှုများ ဖြစ်ပါတယ်။

အဲဒါဟာ မဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်လမ်းအကျင့် မဂ္ဂင်ရှစ်ပါးပါပဲ။ အဲဒီမဂ္ဂင်ရှစ်ပါးဟာ အကျဉ်းချုပ်အားဖြင့် တော့ သီလ၊ သမာဓိ၊ ပညာ ဆိုတဲ့ သိက္ခာသုံးပါးပါပဲ။

မဂ္ဂင်ရှစ်ပါးထဲက သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဒီမဂ္ဂင်သုံးပါးဟာ သီလမဂ္ဂင်တွေဖြစ်တယ်။ အဲဒီမဂ္ဂင်သုံးပါးနှင့်ပြည့်စုံအောင် အားထုတ်လျှင် သီလပြည့်စုံတယ်။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဒီမဂ္ဂင်သုံးပါးဟာ သမာဓိမဂ္ဂင်တွေဖြစ်တယ်။ အဲဒီမဂ္ဂင်သုံးပါးနှင့် ပြည့်စုံအောင်အားထုတ်လျှင် သမာဓိပြည့်စုံတယ်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဒီမဂ္ဂင်နှစ်ပါးဟာ ပညာမဂ္ဂင်တွေဖြစ်တယ်။ အဲဒီပညာမဂ္ဂင်တွေဖြစ်ပွားအောင် အားထုတ်လျှင် ဝိပဿနာပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာဆိုတဲ့ လောကီ၊ လောကုတ္တရာပညာတွေ ပြည့်စုံတယ်။ ဒါ့ကြောင့် မဂ္ဂင်ရှစ်ပါးကို အစဉ်အတိုင်းမဖော်ပြဘဲ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ကျင့်စဉ်အတိုင်း ရှင်းလင်းဖော်ပြသွားမယ်။

## သီလမဂ္ဂင်သုံးပါး

### သမ္မာဝါစာမဂ္ဂင်

သီလမဂ္ဂင်သုံးပါးထဲက သမ္မာဝါစာမဂ္ဂင်ဆိုတာ -

၁။ မုသာဝါဒဝိရတီ - မဟုတ်မမှန်သော စကားကို လိမ်လည်ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊

၂။ ပိသုဏာဝါစာဝိရတီ - ကုန်းချော (ကုန်းတိုက်) စကားကို ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊

၃။ ဖရုသဝါစာဝိရတီ - ဆဲရေးခြင်း၊ ကြိမ်းမောင်းခြင်း စသော ကြမ်းတမ်းသောစကားကို ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊

၄။ သမ္ဖပ္ပလာပဝိရတီ - စပါးပိန်စပါးဖျင်းလို အနှစ်မရှိသောစကားကို ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း-

ဆိုတဲ့ လေးပါးတို့ဖြစ်တယ်။

အဲဒီ မုသာဝါဒအစရှိတဲ့ ဒုစရိုက်လေးပါးမှ ရှောင်ကြဉ်လျှင် "သမ္မာဝါစာသီလမဂ္ဂင်" ဖြစ်တယ်။ အဲဒီလို သမ္မာဝါစာမဂ္ဂင်ကို သီလဆောက်တည်ခြင်းဖြင့်လည်း ပြည့်စုံအောင်အားထုတ်ကြရမယ်။ ငါးပါးသီလဆောက်တည် ကျင့်သုံးတဲ့ပုဂ္ဂိုလ်ဟာ မုသာဝါဒတစ်မျိုးတည်း ရှောင်ကြဉ်ရုံနဲ့ မပြည့်စုံသေးဘူး။ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ ဆိုတဲ့ ဝစီဒုစရိုက်သုံးမျိုးမှလည်း ရှောင်ကြဉ်ရတယ်။ ဒါမှပြည့်စုံတယ်။ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ ဆောက်တည် ကျင့်သုံးသူများလည်း ထို့အတူပဲ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ကြရတယ်။

မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားသိတိုင်း၊ ထိသိတိုင်း၊ ကြံသိတိုင်း၊ သွားတိုင်း၊ ရပ်တိုင်း၊ ထိုင်တိုင်း၊ လျောင်းတိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း စသည်ပြုတဲ့အခါတိုင်း ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်အာရုံတွေကို မပြတ်ရှုမှတ် ပွားများ

လျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောမျှပဲလို့ အမှန်အတိုင်း သိလာတယ်။ အဲဒီလိုသိလာလျှင် အဲဒီအမှန်အတိုင်း သိရတဲ့ အာရုံနှင့်စပ်ပြီး မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဆိုတဲ့ မိစ္ဆာဝါစာတွေကို ဖြစ်စေနိုင်မယ့် ကိလေသာတွေ ဖြစ်ခွင့်မရှိတော့ဘူး။ ဝိပဿနာဉာဏ်ဖြင့် မိစ္ဆာဝါစာကို တဒင်္ဂပဟာန်ဖြင့် ပယ်ပြီးဖြစ်သွားတယ်။

ဝိပဿနာဉာဏ်ရင့်သန်ပြည့်စုံတဲ့အခါကျတော့ အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုသွားတယ်။ အရိယမဂ်လေးပါးပြည့်စုံတဲ့အခါကျတော့ မုသာဝါဒ အစရှိသော မိစ္ဆာဝါစာများကို အကြွင်းမဲ့ပယ်သွားတယ်။ အဲဒီလို သမ္မာဝါစာမဂ္ဂင်ကို သီလဆောက်တည်ကျင့်သုံးခြင်း၊ ဝိပဿနာကိုပွားစေခြင်း၊ အရိယမဂ်လေးပါးဖြစ်သည်အထိ ပွားစေခြင်းအားဖြင့် ပြည့်စုံအောင်အားထုတ်ရမယ်။

## သမ္မာကမ္မန္တမဂ္ဂင်

၁။ ပါဏာတိပါတဝိရတီ -

သတ္တဝါအသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

၂။ အဒိန္နာဒါနဝိရတီ -

ပိုင်ရှင်မပေးအပ်သော သူတပါးဥစ္စာကို ခိုးယူတိုက်ခိုက်လုယက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

၃။ ကာမေသုမိစ္ဆာစာရဝိရတိ -
မပိုင်မဆိုင်သော ကာမဂုဏ်တို့၌ စည်းပျက်ကမ်းပျက် ပြုကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

အဲဒီသုံးပါးကို "သမ္မာကမ္မန္တမဂ္ဂင်" ခေါ်တယ်။ ပါဏာတိပါတ၊ အဒိန္နာဒါနတို့မှ ရှောင်ကြဉ်ခြင်းကတော့ သိလောက်ပါပြီ။ ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ခြင်း ကတော့ နည်းနည်းအသိခက်တယ်။ ယောကျ်ားများက မကျူးလွန်ကောင်းတဲ့ မိန်းမမျိုး (၂၀)ရှိတယ်။ အကျဉ်းချုပ် အားဖြင့်တော့ မိဘ, အစ်ကို, မောင်, အစ်မ, ညီမ, အအုပ် အထိန်းရှိသူ၊ ဆွေမျိုးအုပ်ထိန်းသူ၊ အနွယ်အုပ်ထိန်းသူ၊ တရားကျင့်ဖော် (ဓမ္မမိတ်ဆွေ) အုပ်ထိန်းသူ၊ စေ့စပ် ကြောင်းလမ်းထားပြီးသူ၊ လင်ရှိမိန်းမ အဲဒီလိုမိန်းမများ၌ လွန်ကျူးလျှင် ယောကျ်ားများမှာ ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်။ လင်ရှိမိန်းမ၊ စေ့စပ်ကြောင်းလမ်းထားပြီးသော မိန်းမများမှာ တခြားယောကျ်ားများနှင့် ကျူးလွန်လျှင် ကာမေသုမိစ္ဆာစာရကံထိုက်တယ်။ အဲဒီသမ္မာကမ္မန္တမဂ္ဂင်ကို သီလဆောက်တည်ကျင့်သုံးခြင်း၊ ဝိပဿနာကို ပွားစေခြင်း၊ အရိယမဂ်လေးပါးအထိ ပွားစေခြင်းဖြင့် ပြည့်စုံစေရ မယ်။

## သမ္မာအာဇီဝမဂ္ဂင်

စားဝတ်နေရေး အသက်မွေးဝမ်းကျောင်းမှုအတွက် ပြုလုပ်တဲ့ကာယဒုစရိုက်သုံးပါးနှင့် ဝစီဒုစရိုက်လေးပါးကို မှားယွင်းသောအသက်မွေးခြင်း "မိစ္ဆာအာဇီဝ" ခေါ်တယ်။ အဲဒီ မိစ္ဆာအာဇီဝမှ ရှောင်ကြဉ်မှုကို "သမ္မာအာဇီဝ" ခေါ်တယ်။ မိစ္ဆာအာဇီဝဆိုတာ မတရားတဲ့နည်းဖြင့် စီးပွားရှာပြီး မိမိကိုယ်ကို အသက်မွေးဝမ်းကျောင်းမှု ပြုတာပါပဲ။

ကာယဒုစရိုက်သုံးပါးနှင့် ဝစီဒုစရိုက်လေးပါးတို့ဟာ အသက်မွေးဝမ်းကျောင်းနှင့် မစပ်ဆိုင်တဲ့ ကာယဒုစရိုက်၊ ဝစီဒုစရိုက်လည်းရှိတယ်။ အသက်မွေးဝမ်းကျောင်းနှင့် စပ်ဆိုင်တဲ့ ကာယဒုစရိုက်၊ ဝစီဒုစရိုက်လည်းရှိတယ်။ သက်မွေးဝမ်းကျောင်းနှင့်မစပ်ဆိုင်တဲ့ ကာယ ဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးကိုတော့ "မိစ္ဆာကမ္မန္တ၊ မိစ္ဆာဝါစာ" လို့သာခေါ်ရတယ်။ "မိစ္ဆာအာဇီဝ" လို့တော့ မခေါ်ရဘူး။ အသက်မွေးဝမ်းကျောင်း စီးပွားရေးအတွက် ပြုလုပ်ပြောဆိုတဲ့ ကာယဒုစရိုက်၊ ဝစီဒုစရိုက်တွေကိုသာ "မိစ္ဆာအာဇီဝ" လို့ခေါ်တယ်။ အဲဒီ မိစ္ဆာအာဇီဝမှ ရှောင်ကြဉ်ပြီးသူတော်ကောင်းတို့၏ ကိုယ်ကျင့်တရားနှင့် အညီ တရားသဖြင့် ပစ္စည်းရှာပြီး အသက်မွေးတာဟာ

"သမ္မာအာဇီဝ" ပဲ။ အဲဒီသမ္မာအာဇီဝမဂ္ဂင်ကို သီလ ဆောက်တည်ကျင့်သုံးခြင်း၊ ဝိပဿနာရှုခြင်း၊ အရိယမဂ်ကို ပြည့်စုံစေခြင်းအထိ ပွားစေရမယ်။

## သမာဓိမဂ္ဂင်သုံးပါး

### သမ္မာဝါယာမမဂ္ဂင်

သမာဓိမဂ္ဂင်သုံးပါးထဲက သမ္မာဝါယာမမဂ္ဂင် ဆိုတာ -

(၁) မိမိမှာမဖြစ်ဘူးသေးတဲ့ အကုသိုလ်တွေကို မဖြစ်အောင်အားထုတ်မှု၊

(၂) မိမိမှာ ဖြစ်ဖူးတဲ့ အကုသိုလ်တွေကို ပယ်နိုင်အောင်အားထုတ်မှု၊

(၃) မိမိမှာ မဖြစ်ဘူးသေးတဲ့ ကုသိုလ်တွေကို ဖြစ်အောင်အားထုတ်မှု၊

(၄) မိမိမှာဖြစ်ဖူးတဲ့ ကုသိုလ်တွေကို ပွားများပြည့်စုံအောင်အားထုတ်မှု။

အဲဒီလေးပါးတို့ဖြစ်တယ် ။

(၁) သူတပါးတွေ အသက်သတ်နေတာ၊ ခိုးယူလုယက်နေတာ၊ ကာမဖောက်ပြန်နေတာ၊ လိမ်လည်ပြောဆိုနေတာ

စသည်တို့ကို တွေ့မြင်ကြားသိရလျှင် အဲဒီအကုသိုလ်မျိုးတွေ မိမိမှာမဖြစ်အောင် အားထုတ်ရမယ်။

(၂) မိမိမှာဖြစ်ဖူးတဲ့ အကုသိုလ်တွေကို ပယ်နိုင်အောင် အားထုတ်ရမယ်ဆိုတာကတော့ ဖြစ်ဖူးတဲ့အကုသိုလ်က နှစ်မျိုးရှိတယ်။ တကယ်ဖြစ်ဖူးတဲ့အသက်သတ်ခြင်း၊ ခိုးယူလုယက်ခြင်း၊ ကာမဖောက်ပြန်ခြင်း၊ လိမ်လည်ပြောဆိုခြင်း အစရှိတဲ့ ကာယကံမြောက်၊ ဝစီကံမြောက် လွန်ကျူးတဲ့ ' ဝီတိက္ကမ 'အကုသိုလ်နှင့် ကာမဂုဏ်ကို ကြံစည်မှုအစရှိတဲ့ စိတ်ထဲမှာဖြစ်ပေါ်ထကြွနေတဲ့ ' ပရိယုဋ္ဌာန 'အကုသိုလ်က တစ်မျိုး၊ တကယ်မဖြစ်ပေါ်သော်လည်း အကြောင်းညီညွတ်လျှင် အချိန်အခါမရွေးဖြစ်ခွင့်ရှိတဲ့အတွက် ကိန်းနေတယ်၊ ရှိနေတယ်လို့ ဆိုရတဲ့ ' အနုသယ 'အကုသိုလ်က တစ်မျိုး ဒီနှစ်မျိုးပါပဲ။ အဲဒီနှစ်မျိုးထဲက ကာယကံမြောက်၊ ဝစီကံမြောက်လွန်ကျူးတဲ့ ဝီတိက္ကမအကုသိုလ်ကိုတော့ သီလဖြင့် ပယ်ရတယ်။ သီလကိုမကျိုးမပေါက် မပြောက်မကျားအောင် ထိန်းသိမ်းစောင့်ရှောက်နေလျှင် အဲဒီကိုယ်နှုတ်ဖြင့် လွန်ကျူးတဲ့ ဝီတိက္ကမအကုသိုလ်ဟာ ပယ်ပြီးသားဖြစ်နေတယ်။ ကာမဂုဏ်ကြံစည်မှုစသော စိတ်ထဲမှာ ထကြွဖြစ်ပေါ်နေတဲ့ ပရိယုဋ္ဌာနအကုသိုလ်ကိုတော့ သမထဝိပဿနာကို မပြတ်မလပ်ပွားနေခြင်းဖြင့် ပယ်ရတယ်။

အနုသယအကုသိုလ်ကိုတော့ ဝိပဿနာရှုပြီးတော့ တဒင်္ဂအားဖြင့် ပယ်ရတယ်။ အရိယမဂ်ဉာဏ်ဖြစ်ပေါ်တဲ့ အခါကျတော့ အဲဒီအနုသယအကုသိုလ်ကို အမြစ်ပြတ်ပယ်နိုင်တယ်။

(၃) မဖြစ်ဘူးသေးတဲ့ ကုသိုလ်တွေဖြစ်အောင် အားထုတ်ရမယ်ဆိုတာကတော့ ဒါနကုသိုလ်ဖြစ်ဖြစ်၊ သီလကုသိုလ်ဖြစ်ဖြစ်၊ သမထဘာဝနာကုသိုလ်ဖြစ်ဖြစ်၊ ဝိပဿနာဘာဝနာကုသိုလ်ဖြစ်ဖြစ်၊ ဘယ်ကုသိုလ်မဆို စွမ်းနိုင်လျှင် အဲဒီမဖြစ်ဘူးသေးတဲ့ကုသိုလ်တွေကို မိမိမှာဖြစ်အောင် အားထုတ်ဖို့ပါပဲ။

တချို့ပုဂ္ဂိုလ်တွေက ဒါန၊ သီလအစရှိတဲ့ ကုသိုလ်တွေကိုပြုလျှင် သံသရာရှည်တယ်။ ကုသိုလ်ဆိုတာ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ သင်္ခါရပဲ။ ဒါ့ကြောင့် "သင်္ခါရပစ္စယာဝိညာဏံ" ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ကုသိုလ်သင်္ခါရက ဘဝသစ် ဝိညာဏ်အကျိုးကိုဖြစ်စေတယ်။ ဒါ့ကြောင့် ကုသိုလ်ကိုလည်း ပယ်ရမယ်စသည်ဖြင့် အလွဲအမှားတွေကို ဟောပြောနေကြတယ်။ ဒါဟာ ဘုရားအလိုတော်နှင့် ဆန့်ကျင်တာပဲ။ သံသရာရှည်တာက ကုသိုလ်ကြောင့် ရှည်တာမဟုတ်ဘူး။ အဝိဇ္ဇာ၊ တဏှာအစရှိတဲ့ ကိလေသာတွေကြောင့် ရှည်တာပဲ။ ဒါ့ကြောင့် မဖြစ်ဘူးသေးတဲ့

ကုသိုလ်ဟူသမျှကို အားထုတ်ရတယ်။ အထူးအားဖြင့်တော့ အရိယမဂ်ကုသိုလ်ဖြစ်အောင် ဝိပဿနာကုသိုလ်ကို ဖြစ်ပွားစေရတယ်။ အဲဒီလိုဖြစ်ပွားအောင် အားထုတ်တိုင်း အားထုတ်တိုင်း သမ္မာဝါယာမမဂ္ဂင်ဖြစ်တယ်။

(၄) မိမိမှာဖြစ်ဖူးတဲ့ ကုသိုလ်ကို ပွားများပြည့်စုံအောင် အားထုတ်ရမယ်ဆိုတာကတော့ သိသာထင်ရှားနေပါပြီ။ ဖြစ်တိုင်းဖြစ်တိုင်းသော ရုပ်နာမ်တွေကို မပြတ်ရှုမှတ်နေတဲ့ ယောဂီတွေဟာ မဖြစ်ဘူးသေးတဲ့ အကုသိုလ်တွေကို မဖြစ်အောင် အားထုတ်နေသည်လည်းမည်တယ်။ ဖြစ်ဖူးတဲ့ အကုသိုလ်တွေကို ပယ်နိုင်အောင် အားထုတ်နေသည် လည်းမည်တယ်။ မဖြစ်ဘူးသေးတဲ့ အထက်အထက် ဝိပဿနာကုသိုလ်တွေနဲ့ အရိယမဂ်ကုသိုလ်တွေဖြစ်အောင် အားထုတ်နေသည်လည်းမည်တယ်။ ဖြစ်ပြီးတဲ့ ဝိပဿနာ ကုသိုလ်တွေပွားများပြည့်စုံအောင် အားထုတ်နေသည်လည်း မည်တယ်။ ဒါ့ကြောင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း သမ္မပ္ပဓာန် လေးပါးဆိုတဲ့ သမ္မာဝါယာမမဂ္ဂင်ကို ပွားနေသည်မည်တယ်။ ဒီသမ္မပ္ပဓာန်လေးပါးဆိုတဲ့ သမ္မာဝါယာမမဂ္ဂင်ဟာ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တွေကို ပြုလုပ်အားထုတ်တိုင်း ထိုက်သည့် အားလျော်စွာပါဝင်နေတယ်။ ဆင်းရဲမှ လွတ်မြောက်အောင် ရည်သန်ပြီးပြုတဲ့ ကုသိုလ်တွေမှာ

တော့ အထူးအားဖြင့်ပါဝင်နေတယ်။ ဝိပဿနာကုသိုလ်ထဲမှာ ပါဝင်နေတယ်ဆိုတာကတော့ အထူးပြောစရာတောင် မလိုပါဘူး။ ဒါ့ကြောင့် သမ္မာဝါယာမမဂ္ဂင်ဖြစ်အောင် ဒါန၊ သီလ စတဲ့ ကုသိုလ်တွေကစပြီး အရိယမဂ်ကုသိုလ် ဖြစ်သည့်တိုင်အောင် အားထုတ်ကြရမယ်။

## သမ္မာသတိမဂ္ဂင်

သမ္မာသတိမဂ္ဂင်ဆိုတာကတော့ -

ကာယနုပဿနာ သတိပဋ္ဌာန်၊

ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊

စိတ္တာနုပဿနာ သတိပဋ္ဌာန်၊

ဓမ္မာနုပဿနာ သတိပဋ္ဌာန် - ဆိုတဲ့ သတိပဋ္ဌာန်လေးပါးပါပဲ။

ရုပ်အပေါင်းကိုယ်ကို အဖန်ဖန်ရှုနေတာဟာ ကာယာနုပဿနာသတိပဋ္ဌာန်ပဲ။ ဝင်လေထွက်လေကို ရှုနေတာလည်း ကာယာနုပဿနာသတိပဋ္ဌာန်ပဲ။ သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ်အစရှိတဲ့ ကိုယ်အမူအရာတွေ ဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ်နေတာဟာ ကာယာနုပဿနာသတိပဋ္ဌာန်ပဲ။

ကောင်းတယ်၊ မကောင်းဘူး စသည်ဖြင့် အာရုံခံစားတာကို ဝေဒနာခေါ်တယ်။ အဲဒီခံစားမှုတွေ ဖြစ်တိုင်း

ဖြစ်တိုင်း ရှုမှတ်နေတာကို ဝေဒနာနုပဿနာသတိပဋ္ဌာန် ခေါ်တယ်။ စိတ်ကူးကြံသိမှုတွေကို ဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ်နေတာကို စိတ္တာနုပဿနာသတိပဋ္ဌာန်ခေါ်တယ်။ သညာ၊ သင်္ခါရသဘောတရားတွေကို ဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ်နေတာကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်ခေါ်တယ်။ အဲဒါကြောင့် ဝိပဿနာမဂ္ဂင်ဖြစ်အောင် ကိုယ်အမူအရာတွေ ဖြစ်တိုင်းဖြစ်တိုင်း၊ ခံစားမှုဝေဒနာတွေဖြစ်တိုင်းဖြစ်တိုင်း၊ ကြံသိမှုစိတ် ဖြစ်တိုင်းဖြစ်တိုင်း၊ သညာသင်္ခါရ သဘောတရားတွေ ဖြစ်တိုင်းဖြစ်တိုင်း မပြတ်မလပ်ရှုမှတ်နေရမယ်။

ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတွေကို မရှုမှတ်ရင် သမ္မာသတိမဂ္ဂင်မဖြစ်ဘူး။ တကယ်ဖြစ်ပေါ်နေတဲ့ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတွေထဲက တစ်စုံတစ်ခုသော တရားကိုမျှ မရှုမှတ်ဘဲ ဝိပဿနာပညာ၊ အရိယမဂ်ပညာမဖြစ်နိုင်ဘူး။ ဒါ့ကြောင့် တရားနာရင်း အရိယမဂ်ဖိုလ်တရားထူးကို ရသွားကြတဲ့ သန္တတိအမတ်ကြီးနဲ့ ပဋာစာရာထေရီမတို့လည်း ဒီသတိပဋ္ဌာန်လေးပါး အကျင့်လမ်းဖြင့်သာ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးမြည်တမ်းခြင်းတို့ကို ကျော်လွှန်သွားကြတယ်လို့ သုတ်မဟာဝါအဋ္ဌကထာ-၃၃၉ မှာ ဖွင့်ပြထားတယ်။

အထူးမှတ်သားဖို့လိုတာကတော့ "သမ္မာသတိ = မှန်စွာအမှတ်ရအောက်မေ့ခြင်း" လို့ဆိုပေမယ့် အမှတ်ရအောက်မေ့ရုံနဲ့တော့ ကိစ္စမပြီးဘူး။ အမှတ်ရအောက်မေ့ပြီး

အမှန်အတိုင်းသိမှ ကိစ္စပြီးတယ်။ ဒါ့ကြောင့် "အမှတ်ရလျက် မှန်စွာသိသည်ဖြစ်၍" လို့ မြတ်စွာဘုရားဟောထားတယ်။ အဖြစ်အပျက်၊ ဖြစ်ကြောင်းပျက်ကြောင်းတွေကို ရှုမြင်ဖို့လည်း ဟောထားတယ်။ အဲဒီလို အမှန်အတိုင်းသိမြင်အောင် ဖြစ်ဆဲရုပ်နာမ်တွေကို အမြဲမပြတ် သတိကပ်ပြီး ရှုမှတ်နေကြရမယ်။ သမ္မာသတိမဂ္ဂင် ရှုမှတ်ပွားများပုံအကျယ်ကိုတော့ သတိပဋ္ဌာန်ပါဠိတော်မှာ မြတ်စွာဘုရားဟောတော်မူထားပါတယ်။ အကျယ်သိချင်တဲ့ ပညာရှင်များ သတိပဋ္ဌာန်ပါဠိတော်ကို ကြည့်ရှုလေ့လာကြပေါ့။ ဤစာအုပ်မှာတော့ ယခုလောက်ဖော်ပြလျှင် သင့်တော်လောက်ပြီ။

## သမ္မာသမာဓိမဂ္ဂင်

သမ္မာသမာဓိမဂ္ဂင်ဆိုတာကတော့ ရူပါဝစရစျာန်လေးပါးထဲမှာပါတဲ့ သမာဓိပဲလို့ မြတ်စွာဘုရားဟောတော်မူတယ်။ စျာန်ဆိုတာတခြားအာရုံသို့ စိတ်မသွားတော့ဘဲ မိမိ၏အာရုံထဲမှာ စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲတည်နေတဲ့သဘောပါပဲ။ ဒါ့ကြောင့် လယ်တီဆရာတော်ဘုရားကြီးက "စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ စျာန်ဟုခေါ် သတတ်" လို့ မိန့်တော်မူခဲ့တယ်။ အချို့ပုဂ္ဂိုလ်များက မြေလျှိုးမိုးပျံခြင်း၊ တန်ခိုးအမျိုးမျိုးဖန်ဆင်းခြင်း စသည်ကိုမှ စျာန်ဟု ထင်နေတတ်ကြတယ်။ အဲဒီ မြေလျှိုးမိုးပျံခြင်း စသည်တွေကတော့

ဈာန်ရရုံသက်သက်ဖြင့်မဖြစ်ဘူး။ ဈာန်ရပြီးတဲ့နောက် အဲဒီဈာန်ကို နိုင်နိုင်နင်းနင်းဖြစ်အောင်လေ့ကျက်လို့ အဘိညာဉ်ဖြစ်လာမှ ဖြစ်နိုင်တယ်။

အဲဒီဈာန်က လေးမျိုးရှိတယ်။

(၁) အာရုံပေါ်အောင်ကြံစည်တဲ့ ဝိတက်၊ ပေါ်လာတဲ့ အာရုံကို အဖန်ဖန်သုံးသပ်ဆင်ခြင်တဲ့ ဝိစာရ၊ နှစ်သိမ့်ကြည်နူးတဲ့ ပီတိ၊ စိတ်ရွှင်လန်းချမ်းသာတဲ့ သုခ၊ စူးစိုက်တည်ကြည်တဲ့ ဧကဂ္ဂတာခေါ်တဲ့ သမာဓိ၊ အဲဒီ ဈာန်အင်္ဂါငါးပါးအပေါင်းကို ပဌမဈာန်ခေါ်တယ်။

(၂) ဝိတက်၊ ဝိစာရ မပါတော့ဘဲ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဆိုတဲ့ ဈာန်အင်္ဂါသုံးပါးအပေါင်းကို ဒုတိယဈာန်ခေါ်တယ်။

(၃) ပီတိမပါတော့ဘဲ သုခ၊ ဧကဂ္ဂတာ ဆိုတဲ့ ဈာန်အင်္ဂါနှစ်ပါးအပေါင်းကို တတိယဈာန်ခေါ်တယ်။

(၄) သုခမပါတော့ဘဲ အလယ်အလတ်ရှုတဲ့ ဥပေက္ခာနှင့် ဧကဂ္ဂတာ ဆိုတဲ့ ဈာန်အင်္ဂါနှစ်ပါးအပေါင်းကို စတုတ္ထဈာန်ခေါ်တယ်။

အဲဒီဈာန်လေးပါးကို ရူပါဝစရဈာန်ခေါ်တယ်။ အရူပါဝစရခေါ်တဲ့ လောကီဈာန်လည်းရှိသေးတယ်။ အရိယမဂ်စိတ်လေးပါးနှင့်ယှဉ်တဲ့ လောကုတ္တရာဈာန်လည်း ရှိတယ်။ အဲဒီ လောကီ၊ လောကုတ္တရာဈာန်နှစ်မျိုးမှာ လောကုတ္တရာဈာန်သမာဓိကတော့ အရိယသမ္မာသမာဓိ မဂ္ဂင်အစစ်ပဲ။ လောကီဈာန်သမာဓိကတော့ ဝိပဿနာ၏ အခြေခံဖြစ်တဲ့ ဈာန်သမာဓိလည်းရှိတယ်။ ဝိပဿနာ၏ အခြေခံမဟုတ်တဲ့ ဈာန်သမာဓိလည်းရှိတယ်။ အဲဒီနှစ်မျိုးထဲ က ဝိပဿနာ၏ အခြေခံဖြစ်တဲ့ ဈာန်သမာဓိကို သမ္မာသမာဓိ မဂ္ဂင်ထဲ သွင်းယူနိုင်တယ်။ သမ္မာသမာဓိကို ဈာန်လေးပါးဖြင့် မြတ်စွာဘုရားဝေဖန်ပြတော်မူတာဟာ အမြတ်ဆုံး=ဉက္ကဋ္ဌ နည်းဖြစ်တယ်။ အယုတ်အညံ့=ဩမကနည်းအားဖြင့် အခြားပါဠိ၊ အဋ္ဌကထာတို့၌ပြတဲ့၊ ဈာန်၏အနီးမှာဖြစ်တဲ့ ဉပစာရသမာဓိကိုလည်း သမ္မာသမာဓိမဂ္ဂင်ပင်ဖြစ်တယ်လို့ ယူသင့်ပါတယ်။ ဈာန်၏အနီးမှာဖြစ်တဲ့ ဉပစာရသမာဓိ အစစ်မဟုတ်ဘဲ ဖြစ်ခိုက် နာမ်ရုပ်ကိုရှုလို့ စိတ်တည်ကြည် နေတဲ့ ခဏိကစိတ္တေကဂ္ဂတာသမာဓိလည်း ဉပစာရသမာဓိ နဲ့ အတူတူပါပဲ။ သမာဓိမဂ္ဂင်အကြောင်းကတော့ ဒီလောက် ဖော်ပြလျှင် သင့်တော်လောက်ပါပြီ။ ယခု ပညာမဂ္ဂင်ကို ဖွင့်ပြမယ်။

# ပညာမဂ္ဂင်နှစ်ပါး

## သမ္မာဒိဋ္ဌိမဂ္ဂင်

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဆိုတဲ့ ပညာမဂ္ဂင်နှစ်ပါးထဲက သမ္မာဒိဋ္ဌိမဂ္ဂင်ဆိုတာ ဒုက္ခသစ္စာ၌ သိတဲ့အသိဉာဏ်၊ သမုဒယသစ္စာ၌ သိတဲ့အသိဉာဏ်၊ နိရောဓသစ္စာ၌ သိတဲ့အသိဉာဏ်၊ မဂ္ဂသစ္စာ၌ သိတဲ့အသိဉာဏ် ဒီလေးပါးပါပဲ။ အတိုချုပ်အားဖြင့်ပြောရရင် သစ္စာလေးပါးကို အမှန်အတိုင်းသိတာဟာ သမ္မာဒိဋ္ဌိမဂ္ဂင်ပါပဲ။ ဒီသမ္မာဒိဋ္ဌိမဂ္ဂင်ကို သမ္မာသတိနဲ့ သမ္မာသမာဓိမဂ္ဂင်များ ပွားစေပုံအတိုင်း ပွားစေရတယ်။ ပိုပြီး ရှင်းရှင်းလင်းလင်း သိနားလည်အောင် အသေးစိပ်ထပ်ပြီးဖော်ပြဦးမယ်။ ဒီသမ္မာဒိဋ္ဌိမဂ္ဂင်ကို ကျမ်းဂန်များမှာ ငါးမျိုးပြထားတာလည်းရှိတယ်။ ခြောက်မျိုးပြထားတာလည်းရှိတယ်။ အဲဒီနှစ်နည်းထဲက သမ္မာဒိဋ္ဌိ ခြောက်မျိုးကို ရှင်းပြမယ်။

### သမ္မာဒိဋ္ဌိခြောက်မျိုး

(၁) ကမ္မဿကတာသမ္မာဒိဋ္ဌိ
(၂) ဈာနသမ္မာဒိဋ္ဌိ
(၃) ဝိပဿနာသမ္မာဒိဋ္ဌိ
(၄) မဂ္ဂသမ္မာဒိဋ္ဌိ
(၅) ဖလသမ္မာဒိဋ္ဌိ
(၆) ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ-လို့ သမ္မာဒိဋ္ဌိ(၆)မျိုးရှိတယ်။

## ကမ္မဿကတာသမ္မာဒိဋ္ဌိ

အဲဒီခြောက်မျိုးထဲက ကံနှင့် ကံ၏အကျိုးရှိတယ်လို့ ယုံကြည်ပြီး သိမြင်သဘောကျတဲ့ အယူအဆကို ' ကမ္မဿ ကတာသမ္မာဒိဋ္ဌိ ' ခေါ်တယ်။ ပြုလုပ်တဲ့အမှုကို (ကမ္မ) ကံလို့ ခေါ်တယ်။ အဲဒီကံက ကောင်းမှုပြုလုပ်လျှင် ကုသိုလ်ကံ ဖြစ်တယ်။ မကောင်းမှုပြုလုပ်လျှင် အကုသိုလ်ကံဖြစ်တယ်။ ကုသိုလ်ကံက ကောင်းကျိုးကိုပေးတတ်တယ်။ အကုသိုလ် ကံက မကောင်းကျိုးကိုပေးတတ်တယ်။ အဲဒီကုသိုလ်ကံ၊ အကုသိုလ်ကံတွေက ယခုဘဝမှာလည်း ကောင်းကျိုး၊ မကောင်းကျိုးကို ပေးနိုင်တယ်။ နောက်နောက်ဘဝတွေ မှာလည်း ကောင်းကျိုး၊ မကောင်းကျိုးကို ပေးနိုင်တယ်။ ရှေးရှေးဘဝက မကောင်းမှုကံကို ပြုလာခဲ့တဲ့သူတွေဟာ ယခုဘဝမှာ အသက်တိုခြင်း၊ ရောဂါများခြင်း၊ အဆင်း မလှခြင်း၊ ပစ္စည်းဥစ္စာရှားပါးခြင်း၊ အခြွေအရံနည်းပါးခြင်း စတဲ့ မကောင်းကျိုးတွေကို ခံကြရတယ်။ ရှေးရှေးဘဝက ကောင်းမှုကံကိုပြုလာခဲ့တဲ့သူတွေဟာ အသက်ရှည်ခြင်း၊ ရောဂါကင်းရှင်း ကျန်းမာခြင်း၊ အဆင်းလှပခြင်း၊ အခြွေအရံ များခြင်းစတဲ့ ကောင်းကျိုးတွေကိုရရှိပြီး ချမ်းသာနေကြ တယ်။ အဲဒီ ကောင်းမှုကံ၊ မကောင်းမှုကံတို့၏ ကောင်းကျိုး၊ ဆိုးကျိုးဟာ တကယ်ရှိနေတာပဲ။ အဲဒီလိုရှိနေတဲ့အတိုင်း

ယုံကြည်ပြီး အမှန်အတိုင်း သိမြင်ယူဆတဲ့ ဉာဏ်ဟာ (ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၏ အဖြစ်ကို မှန်စွာ သိမြင်တဲ့) ကမ္မဿကတာသမ္မာဒိဋ္ဌိ ဖြစ်တယ်။ ကံနှင့်ကံ၏ အကျိုး တကယ်ရှိနေပါလျက် 'ကံ,ကံ၏အကျိုးမရှိ'လို့ မှားယွင်းစွာ ထင်မြင်ယူဆတာကိုတော့ 'မိစ္ဆာဒိဋ္ဌိ' ခေါ်တယ်။

တို့ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေဟာ ငယ်ငယ် ကလေးကတည်းက ကောင်းတာလုပ်ရင် ကောင်းကျိုးရ တယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးရတယ်လို့ မိဘများက သွန်သင်ထားတဲ့အတွက် ဒီကမ္မဿကတာ သမ္မာဒိဋ္ဌိ ရှိနေတာပဲ။ ဒီလို ဗုဒ္ဓဘာသာဖြစ်ရတာဟာ သိပ်ကံကောင်းတယ်။

## ဈာနသမ္မာဒိဋ္ဌိ

သမ္မာသမာဓိမဂ္ဂင်ကို အကျယ်ပြတုန်းက ဖွင့်ပြခဲ့တဲ့ ရူပဈာန်လေးပါး၊ အရူပဈာန်လေးပါးတို့မှာရှိတဲ့ အသိဉာဏ် ပညာကို ' ဈာနသမ္မာဒိဋ္ဌိ ' ခေါ်တယ်။

## ဝိပဿနာသမ္မာဒိဋ္ဌိ

ဖြစ်ခိုက်ဖြစ်ခိုက်ရုပ်နာမ်တွေကို အမှန်အတိုင်း သိအောင်ရှုတဲ့ဉာဏ်ပညာကို ' ဝိပဿနာသမ္မာဒိဋ္ဌိ ' ခေါ် တယ်။

## မဂ္ဂသမ္မာဒိဋ္ဌိ

အရိယမဂ်လေးပါး၌ ပါဝင်သော မဂ္ဂင်ရှစ်ပါးထဲက သမ္မာဒိဋ္ဌိမဂ္ဂင်ကို ' မဂ္ဂသမ္မာဒိဋ္ဌိ 'ခေါ်တယ်။ အဲဒီမဂ္ဂသမ္မာဒိဋ္ဌိ ဖြစ်အောင် ပွားများပုံကိုတော့ -

(၁) မူလမဂ္ဂင်

(၂) ပုဗ္ဗဘာဂမဂ္ဂင်

(၃) အရိယမဂ္ဂင် - လို့ သုံးမျိုးခွဲပြီးဖော်ပြမယ်။ အဲဒီ သုံးမျိုးထဲက ရှေ့နားတုန်းကပြခဲ့တဲ့ သီလမဂ္ဂင်နှင့် ကမ္မဿကတာသမ္မာဒိဋ္ဌိမဂ္ဂင်၊ ဈာန်သမာဓိနှင့် ဥပစာရသမာဓိ (ခဏိကစိတ္တေကဂ္ဂတာသမာဓိ) တွေဟာ အခြေခံမူလမဂ္ဂင်များဖြစ်တယ်။ အရိယမဂ်၏ ရှေ့အဖို့မှာဖြစ်တဲ့ ဝိပဿနာမဂ္ဂင်ကို ပုဗ္ဗဘာဂမဂ္ဂင်ခေါ်တယ်။ အရိယမဂ်လေးပါး၌ရှိတဲ့ မဂ္ဂင်ရှစ်ပါးကို အရိယမဂ္ဂင်ခေါ်တယ်။ အဲဒီ အရိယမဂ္ဂင်ကိုဖြစ်စေလိုလျှင် မူလမဂ္ဂင်က စပြီးထူထောင်ရတယ်။

## မူလမဂ္ဂင်ထူထောင်ပုံ

ကံ, ကံ၏အကျိုးကိုသိတဲ့ အသိဉာဏ် ကမ္မဿကတာ သမ္မာဒိဋ္ဌိဖြစ်အောင် ယုံယုံကြည်ကြည်နဲ့ ဆရာ, မိဘတို့၏ စကား၊ ကျမ်းဂန်လာစကားများကို နားထောင်ကြည့်ရှုလေ့လာမှုဖြင့် ဗဟုသုတရှိအောင် ဆည်းပူးရမယ်။ ကျနမှန်ကန်စွာဟောပြတတ်တဲ့ ဓမ္မကထိကပုဂ္ဂိုလ်များ၏ တရားများကိုလည်းနာရမယ်။ ဒါမှ ကံ,ကံ၏အကျိုးကို

ယုံကြည်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိဖြစ်မယ်။ အဲဒီနောက် သီလမဂ္ဂင်တုန်းကပြခဲ့တဲ့ သီလနှင့်ပြည့်စုံအောင် အားထုတ်ရမယ်။ အဲဒီလိုသီလနှင့်ပြည့်စုံလျှင် သီလဝိသုဒ္ဓိဖြစ်တယ်။ အဲဒီနောက် သမထကမ္မဋ္ဌာန်း တစ်ပါးပါးကိုရှုပြီး ဈာန်ရအောင် အားထုတ်ရမယ်။ ဈာန်ရအောင်အားမထုတ်နိုင်လျှင် ဈာန်၏အနီးမှာဖြစ်တဲ့ ဥပစာရသမာဓိဖြစ်အောင် အားထုတ်ရမယ်။ သမထကမ္မဋ္ဌာန်းကို သီးခြားအားမထုတ်နိုင်သူများအတွက် ဖြစ်ဆဲရုပ်နာမ်ကိုရှုပြီး အာရုံတစ်ခုထဲမှာ စိတ်တည်ကြည်နေတဲ့ ခဏိကစိတ္တေကဂ္ဂတာသမာဓိဖြစ်အောင် အားထုတ်ရမယ်။ အဲဒီလိုအားထုတ်လို့ မိမိစိတ်ဟာ အခြားအာရုံသို့ မသွားတော့ဘဲ ရှုမှတ်တဲ့အာရုံထဲမှာသာ တည်နေပြီး နီဝရဏကင်းနေလျှင် စိတ်စင်ကြယ်မှု=စိတ္တဝိသုဒ္ဓိ ဖြစ်တယ်။ အဲဒါဟာ မူလမဂ္ဂင်ထူထောင်တာပါပဲ။

## ပုဗ္ဗဘာဂမဂ္ဂင်ထူထောင်ပုံ

ပုဗ္ဗဘာဂမဂ္ဂင်ဆိုတာ အရိယမဂ်၏ ရှေ့အဖို့၌ဖြစ်တဲ့ ဝိပဿနာမဂ္ဂင်ပါပဲ။ အဲဒီဝိပဿနာမဂ္ဂင်ဖြစ်အောင် ဖြစ်ခိုက်ဖြစ်ခိုက် ရုပ်နာမ်တရားတွေကို အမှန်အတိုင်းသိအောင် စူးစူးစိုက်စိုက် ရှုမှတ်ရတယ်။ အဲဒီလို ရှုမှတ်နေလျှင် ဝိပဿနာမဂ္ဂင်ဖြစ်လာတာပါပဲ။ ဒါပေမယ့် ထင်ရှားတဲ့ ရှုစရာအာရုံနည်းနည်းလောက်ကစပြီး ရှုမှသမာဓိဖြစ်လွယ်

တယ်။ အများအားဖြင့်တော့ ဝင်လေထွက်လေကိုရှုတဲ့ အာနာပါနကမ္မဋ္ဌာန်းကစပြီး ရှုကြတာများတယ်။ တချို့လည်း ခန္ဓာကိုယ် တစ်နေရာရာမှာစိုက်ပြီး ပထဝီဓာတ်အစရှိတဲ့ ဓာတ်ကြီးလေးပါးထဲက ထင်ရှားတဲ့တစ်ပါးပါးကို စပြီးရှုကြတယ်။ မဟာစည်ဆရာတော်ဘုရားကြီးကတော့ ဝမ်းဗိုက်မှာထင်ရှားတဲ့ တွန်းကန်မှု၊ လှုပ်ရှားမှု (ဖောင်းမှု၊ ပိန်မှု) ဆိုတဲ့ ဝါယောဓာတ်ကိုစပြီးရှုဖို့ ညွှန်ကြားတော်မူတယ်။ ဘယ်နည်းဖြင့်ပဲဖြစ်စေ ဖြစ်ခိုက်ဖြစ်ခိုက် ဉပါဒါနက္ခန္ဓာတစ်ပါးပါးကို စူးစူးစိုက်စိုက်ရှုမှတ်ရတာပါပဲ။ သမာဓိအားကောင်းလာတော့ ပေါ်လာတိုင်း ပေါ်လာတိုင်းသော အာရုံတွေကို ဖြန့်ပြီး မပြတ်ရှုမှတ်နေရတယ်။ အဲဒီလိုရှုမှတ်နေလျှင် ဝိပဿနာသမ္မာဒိဋ္ဌိမဂ္ဂင်တွေ ဖြစ်တယ်။ အဲဒါဟာ ပုဗ္ဗဘာဂမဂ္ဂင် ထူထောင်ပုံ အကျဉ်းချုပ်ပါပဲ။

## အရိယမဂ္ဂင်ဖြစ်ပုံ

ပုဗ္ဗဘာဂမဂ္ဂင်ထူထောင်လို့ အားရှိပြည့်စုံသွားတဲ့အခါ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဆိုတဲ့ အင်္ဂါရှစ်ပါးရှိတဲ့ သောတာပတ္တိမဂ်ဖြစ်ပေါ်လာတာပါပဲ။ သောတာပတ္တိမဂ်တစ်ကြိမ်ဖြစ်ပြီးတဲ့နောက် သောတာပတ္တိဖိုလ် နှစ်ကြိမ်သုံးကြိမ်ဖြစ်တယ်။ အဲဒီနောက် မိမိရရှိ

တွေ့မြင်ခဲ့ရတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကိုပြန်ပြီး ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဉာဏ်များဖြစ်တယ်။ အဲဒါဟာ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိ၊ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိများဖြစ်ပုံပါပဲ။ အဲဒီအထဲက ဖိုလ်ဆိုတာ မဂ်ရဲ့အကျိုးပါပဲ။ အရိယမဂ် ရလျှင် အရိယဖိုလ်လည်း ရတော့တာပါပဲ။ အရိယဖိုလ် အတွက် အထူးအားထုတ်ဖို့မလိုပါဘူး။ ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိဆိုတာကလည်း မဂ်ဖိုလ်ရပြီးနောက် အဲဒီရပြီးတဲ့ မဂ်ဖိုလ်ကိုပြန်ပြီး ဆင်ခြင်လျှင် အလိုလိုဖြစ်တော့တာပဲ။ အထူးအားထုတ်ရန် မလိုပါဘူး။ ဒါ့ကြောင့် အရိယမဂ္ဂင် ဖြစ်အောင် မူလမဂ္ဂင်ကိုအခြေခံပြီး ပုဗ္ဗဘာဂမဂ္ဂင်ဖြစ်အောင် ရှုပွားအားထုတ်လျှင် အရိယမဂ္ဂင်ဖြစ်တော့တာပါပဲ။ အထက်အထက် မဂ်ဖိုလ်များရအောင်လည်း ယခုပြောခဲ့တဲ့ အတိုင်း အားထုတ်ရတာပါပဲ။

## သမ္မာသင်္ကပ္ပမဂ္ဂင်

သမ္မာသင်္ကပ္ပမဂ္ဂင်ဆိုတာ -

(၁) နေက္ခမ္မသင်္ကပ္ပ = ကာမဂုဏ်မှ ထွက်မြောက်ရန် ကြံစည်မှု၊

(၂) အဗျာပါဒသင်္ကပ္ပ = သူတစ်ပါးအသက်ကို မသတ်ရန်, ချမ်းသာရန်ကြံစည်မှု၊

(၃) အဝိဟိံသာသက်ပွ = မညှင်းဆဲရန်ကြံစည်မှု။ ဤသုံးပါးပင်ဖြစ်တယ်။

နေက္ခမ္မသက်ပွဆိုတာ ဘယ်လိုထွက်မြောက်ရေးလဲဆိုရင် လိုချင်နှစ်သက်စရာ ကာမဂုဏ်မှထွက်မြောက်ဖို့၊ လိုချင်နှစ်သက်မှုမှထွက်မြောက်ဖို့ ကိလေသာမှထွက်မြောက်ဖို့ ကြံစည်မှုများပါပဲ။ သံသရာမှထွက်မြောက်ရန် ဒါန၊ သီလ၊ ဘာဝနာတရားများကို ပြုလုပ်အားထုတ်တာလည်း နေက္ခမ္မသက်ပွပဲ။ နိဗ္ဗာန်မျက်မှောက်ပြုနိုင်ဖို့ ဝိပဿနာရှုဖို့ ကြံစည်တာတွေလည်း နေက္ခမ္မသက်ပွပဲ။

အဗျာပါဒသက်ပွဆိုတာ သူတစ်ပါးတို့ မသေကြေမပျက်စီးဖို့၊ ချမ်းသာစေကြဖို့ ကြံစည်မှုပါပဲ။ ချမ်းသာစေလိုတဲ့မေတ္တာစာတ်ဖြင့် ကြံစည်မှုမျိုးပေါ့။

အဝိဟိံသာသက်ပွဆိုတာ ဒုက္ခိတသတ္တဝါကို သနားငဲ့ညှာပြီး စောင့်ရှောက်ကူညီဖို့ ကြံစည်မှုပါပဲ။ ကရုဏာနှင့်ယှဉ်တဲ့ ကြံစည်မှုမျိုးပေါ့။

ဝိပဿနာရှုတဲ့အခါမှာတော့ သီးခြားကြံစည်နေရတာမဟုတ်ပါဘူး။ ဝိပဿနာစိတ်ကို အာရုံပေါ်သို့တင်ပေးတဲ့သဘော၊ ညွှတ်စေတဲ့သဘောပါပဲ။ ဝိပဿနာရှုနေလျှင် ဒီသမ္မာသက်ပွမဂ္ဂင်လည်း ပါဝင်သွားတာပါပဲ။ အဲဒါဟာ မဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်လမ်းအကျင့်အကျဉ်းချုပ်ပါပဲ။

## မဂ္ဂင်ရှစ်ပါးနိဂုံး

အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ ။

**ဘိက္ခဝေ** ၊ ရဟန်းတို့။ **တထာဂတေန** ၊ သင်တို့ဆရာ ငါဘုရားသည်။ **အဘိသမ္ဗုဒ္ဓါ** ၊ ထိုးထွင်း၍ သိမြင်အပ်ပြီးသော။ **ယာ မဇ္ဈိမာပဋိပဒါ** ၊ အကြင်အလယ်လမ်းအကျင့်သည်။ **ဝါ** ၊ အကြင်မဇ္ဈိမပဋိပတ်အကျင့်မြတ်သည်။ **စက္ခုကရဏီ** ၊ ပညာမျက်စိကို ပြုတတ်, ဖြစ်စေတတ်၏။ **ဉာဏကရဏီ** ၊ အသိဉာဏ်ကိုပြုတတ်, ဖြစ်စေတတ်၏။ **ဥပသမာယ** ၊ ကိလေသာငြိမ်းခြင်းငှါ။ **ဝါ** ၊ သဉပါဒိသေသနိဗ္ဗာန်အကျိုးငှာ။ **အဘိညာယ** ၊ သစ္စာလေးပါးကိုထူးသောဉာဏ်ဖြင့် သိခြင်းငှါ။ **သမ္ဗောဓာယ** ၊ သစ္စာလေးပါးကိုထိုးထွင်း၍သိခြင်းငှါ။ **နိဗ္ဗာနာယ** ၊ ဒုက္ခခပ်သိမ်းငြိမ်းခြင်းငှာ။ **ဝါ** ၊ အနုပါဒိသေသနိဗ္ဗာန်အကျိုးငှာ။ **သံဝတ္တတိ** ၊ ဖြစ်၏။ **သာ မဇ္ဈိမာပဋိပဒါ** ၊ ထိုအလယ်လမ်းအကျင့်သည်။ **ဝါ** ၊ ထိုမဇ္ဈိမပဋိပတ်အကျင့်မြတ်သည်။ **အယံ ခေါ** ၊ ဤဟောတော်မူခဲ့ပြီးသော အရိယမဂ္ဂင်ရှစ်ပါးတည်း။

ဒီစကားတော်ကတော့ မဇ္ဈိမပဋိပဒါခေါ်တဲ့ မဂ္ဂင်ရှစ်ပါးကို နိဂုံးအုပ်တဲ့စကားပါပဲ။ ဒါကိုတော့ အကျယ်ချဲ့ဖော်ပြဖွယ်မလိုတော့ပါဘူး။

# သစ္စာလေးပါး

## ဒုက္ခသစ္စာ

ကတမံ စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ ။

ဘိက္ခဝေ ၊ ရဟန်းတို့။ ကတမံ စ ပန ၊ ဤဟောတော်မူအပ်လတ္တံ့သော တရားသဘောသည်ကား။ ဒုက္ခံ ၊ ဒုက္ခဖြစ်သော။ ဝါ ၊ စက်ဆုပ်အပ်စွာ အချည်းနှီးသာဖြစ်သော။ အရိယသစ္စံ ၊ အရိယသစ္စာတည်း။ ဝါ ၊ အရိယာတို့ ထိုးထွင်း၍သိအပ်သော အမှန်တရားတည်း။ ဇာတိပိ ၊ ပဋိသန္ဓေနေရခြင်းသည်လည်း။ ဒုက္ခာ ၊ ဆင်းရဲကြောင်းပေတည်း။ ဇရာပိ ၊ ရွတ်တွယိုယွင်း အိုရခြင်းသည်လည်း။ ဒုက္ခာ ၊ ဆင်းရဲကြောင်းပေတည်း။ ဗျာဓိပိ ၊ မကျန်းမမာ ရောဂါဖြစ်ရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲကြောင်းပေတည်း။ မရဏမ္ပိ ၊ စုတိပျက်ကြွေ သေရခြင်းသည်လည်း။ ဒုက္ခံ ၊ ဆင်းရဲကြောင်းပေတည်း။ အပ္ပိယေဟိ၊ မချစ်မနှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့်။ သမ္ပယောဂေါ ၊ အတူတကွ ပေါင်းဆုံရခြင်းသည်

လည်း။ ဒုက္ခာ ၊ ဆင်းရဲကြောင်းပေတည်း။ ပိယေဟိ ၊ ချစ်နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်းကွဲကွာရခြင်းသည်လည်း။ ဒုက္ခော ၊ ဆင်းရဲကြောင်းပေတည်း။ ယမ္ပိ-ယေနပိ ၊ အကြင်လောဘတရားဖြင့်လည်း။ ဣစ္ဆံ-ဣစ္ဆန္တော ၊ မရနိုင်သောအရာကို အလိုရှိသူသည်။ ဝါ ၊ အလိုရှိပါလျက်။ န လဘတိ ၊ မရ ။ တမ္ပိ ၊ ထိုမရနိုင်သောအရာကို အလိုရှိကြောင်း လောဘတရားသည်လည်း။ ဒုက္ခံ ၊ ဆင်းရဲကြောင်းပေတည်း။

(တနည်း) ဣစ္ဆံ ၊ အလိုရှိအပ်သောအရာကို။ ယံ နလဘတိ ၊ အကြင်မရ။ တမ္ပိ ၊ ထိုအလိုရှိအပ်သောအရာကို မရခြင်းသည်လည်း။ ဒုက္ခံ ၊ ဆင်းရဲကြောင်းပေတည်း။ သံခိတ္တေန ၊ အကျဉ်းချုပ်အားဖြင့်။ ပဉ္စ ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာ ၊ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့သည်။ ဒုက္ခာ ၊ ဆင်းရဲကြောင်းတို့ပေတည်း။

ဒီစကားတော်ကတော့ ဒုက္ခသစ္စာသရုပ်ကို ဟောပြတဲ့စကားတော်ပါပဲ။ သစ္စာဆိုတာ အမှန်တရားကို ခေါ်တယ်။ အဲဒီသစ္စာက -

(၁) ဒုက္ခသစ္စာ - ဆင်းရဲအစစ်အမှန်တရား၊
(၂) သမုဒယသစ္စာ - ဆင်းရဲဖြစ်ကြောင်း အစစ်အမှန်တရား၊

(၃) နိရောဓသစ္စာ - ဆင်းရဲငြိမ်းရာ ချမ်းသာ အစစ်အမှန်တရား၊
(၄) မဂ္ဂသစ္စာ - ဆင်းရဲငြိမ်းရာသို့ ရောက်ကြောင်း အကျင့် လမ်းကောင်း အစစ်အမှန် တရား - လို့ လေးပါးရှိ

တယ်။

အဲဒီလေးပါးထဲက ယခု ဟောခဲ့တဲ့ဘုရားရှင်စကား တော်ဟာ ဒုက္ခသစ္စာကို သရုပ်ထုတ်ဟောပြတဲ့ စကားတော် ပါပဲ။ ဒီအမှန်သစ္စာတရားလေးပါးကို သိဖို့ဟာ အရေး အကြီးဆုံးဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် ဆင်းရဲ အစစ် အမှန်ကိုသိမှ အဲဒီဆင်းရဲကိုရှောင်နိုင်မယ်။ အဲဒီဆင်းရဲ ဖြစ်ခြင်း၏ အကြောင်းအမှန်တရားကိုလည်းသိမှ အဲဒီ အကြောင်းကို ပယ်ရှားပြီး ရှောင်နိုင်မယ်။ ဆင်းရဲငြိမ်းရာ အစစ်အမှန်တရားကိုလည်း သိဦးမှ အဲဒီဆင်းရဲငြိမ်းရာသို့ ရောက်အောင် သွားရောက်နိုင်မယ်။ ရောက်အောင်သွားဖို့ နည်းမှန်လမ်းမှန်အကျင့်ကိုသိမှလည်း ဆင်းရဲငြိမ်းရာသို့ ရောက်အောင်သွားနိုင်မယ်။ ဒါ့ကြောင့် သစ္စာလေးပါး အမှန်တရားကို သိဖို့ရာဟာ အရေးအကြီးဆုံးဖြစ်ပါတယ်။

ဒါ့ကြောင့် မြတ်စွာဘုရားက အရေးအကြီးဆုံး လိုရင်းဖြစ်တဲ့ သိစရာသစ္စာလေးပါးကို မိမိကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူလာခဲ့တဲ့အတိုင်း သရုပ်ထုတ်ပြီး ဟောတော်မူပါတယ်။

အဲဒီသစ္စာလေးပါးထဲက ယခု ပထမဆုံးဟောခဲ့တဲ့ စကားတော်ကတော့ ဒုက္ခသစ္စာရဲ့ သရုပ်ပါပဲ။

## ဒုက္ခသစ္စာ သရုပ်

ဒါတွေက ဘာတွေလဲဆိုလျှင် -

(၁) ဇာတိဒုက္ခ = ပဋိသန္ဓေနေရခြင်းဆင်းရဲ၊

(၂) ဇရာဒုက္ခ = အိုရခြင်းဆင်းရဲ၊

(၃) ဗျာဓိဒုက္ခ = မကျန်းမမာရောဂါစွဲကပ်နေခြင်း ဆင်းရဲ၊

(၄) မရဏဒုက္ခ = စုတိပျက်ကြွေသေရခြင်းဆင်းရဲ၊

(၅) အပ္ပိယသမ္ပယောဂဒုက္ခ = မချစ်နှစ်သက်စရာ၊ မုန်းစရာတွေနှင့် တွေ့ဆုံနေခြင်းဆင်းရဲ၊

(၆) ပိယဝိပ္ပယောဂဒုက္ခ = ချစ်ခင်နှစ်သက်စရာ တွေနှင့်ကွဲကွာရခြင်းဆင်းရဲ၊

(၇) ဣစ္ဆိတာလာဘဒုက္ခ = မရနိုင်တာကို လိုချင်ခြင်း၊ လိုချင်တာကိုမရခြင်းဆင်းရဲ၊

(၈) အကျဉ်းချုပ်အားဖြင့်တော့ ဥပါဒါနက္ခန္ဓာ(၅)ပါး တို့ပင်ဖြစ်တယ်။

## (၁) ဇာတိဒုက္ခ

ဇာတိဆိုတာ ဘဝအသစ်ဖြစ်တာကိုခေါ်တယ်။ ဘဝအသစ်ဖြစ်တယ်ဆိုတာလဲ ဘဝဟောင်းက ရုပ်နာမ်တွေ နောက်ဆုံးချုပ်ပျက်ပြီး သေသည်၏ အခြားမဲ့၌ ကံအားလျော်စွာ ဘဝအသစ်မှာ ရုပ်နာမ်တွေအသစ်ဖြစ်တာပါပဲ။ အဲဒီလိုဖြစ်တာကို ရှေးဘဝနှင့် နောက်ဘဝ အဆက်မပြတ်ဆက်စပ်ပြီးဖြစ်တဲ့အတွက် ပဋိသန္ဓေတည်နေတယ်လို့ ခေါ်ရတယ်။

## ပဋိသန္ဓေ (၃)မျိုး၊ (၄)မျိုး

(၁) အဲဒီလို ပဋိသန္ဓေတည်နေရာမှာ အမိဝမ်းထဲ၌ တည်နေလျှင် ဂဗ္ဘသေယျကပဋိသန္ဓေလို့ခေါ်တယ်။ အဲဒီ ဂဗ္ဘသေယျကပဋိသန္ဓေကလည်း -

(က) ဥထဲမှာတည်နေလျှင် အဏ္ဍဇပဋိသန္ဓေ ခေါ်တယ်။ ကြက်, ငှက် စသည်တို့ရဲ့ ပဋိသန္ဓေမျိုးပေါ့။

(ခ) သားအိမ်အတွင်းမှာတည်နေတဲ့ ပဋိသန္ဓေကို ဇလာဗုဇပဋိသန္ဓေခေါ်တယ်။ လူ စသည်တို့ရဲ့ ပဋိသန္ဓေမျိုးပေါ့။

(၂) စိုစွတ်စေးကပ်တဲ့နေရာ ရေညှိစသည်မှာ မှီတွယ်ပြီး ရုပ်နာမ်အသစ်ဖြစ်တာကို သံသေဒဇပဋိသန္ဓေခေါ်တယ်။ ပိုးလောက် စသည်တို့ရဲ့ ပဋိသန္ဓေမျိုးပေါ့။

(၃) ရုပ် နာမ် အပြည့်အစုံတစ်ပြိုင်နက် ကိုယ်ထင်ရှား ဖြစ်တာကို ဥပပါတ်ပဋိသန္ဓေခေါ်တယ်။ နတ်တို့, တစ္ဆေတို့, ပြိတ္တာတို့၊ ငရဲသူ, ငရဲသား စသည်တို့ရဲ့ ပဋိသန္ဓေမျိုးပေါ့။

အဲဒီပဋိသန္ဓေလေးမျိုးမှာ ပထမဆုံးစပြီးဖြစ်တဲ့ ဥပါဒ်ခဏကို "ဇာတိ=ဘဝအသစ်ဖြစ်ခြင်း"လို့ မုချအားဖြင့် ခေါ်တယ်။ ဥပါဒ်အားဖြင့် ရှေးဦးစွာစ၍ဖြစ်ခြင်း သဘောမှာတော့ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲရယ်လို့မရှိပါဘူး။ ဒါပေမယ့် အဲဒီလို စပြီးဖြစ်ပေါ်လိုက်တဲ့အတွက် အဲဒီ တစ်ဘဝလုံးနဲ့ဆိုင်တဲ့ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတွေကို ခံစားရတယ်။ ဒါ့ကြောင့် အဲဒီအစဆုံးဖြစ်ခြင်း ဇာတိကို "ဒုက္ခ=ဆင်းရဲခြင်း"လို့ ဆိုရပါတယ်။

## (၂) ဇရာဒုက္ခ

ဇရာ=အိုခြင်းဆိုတာ သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ အရေတွန့်ခြင်း၊ ခါးကိုင်းခြင်း၊ နားထိုင်းခြင်း၊ မျက်စိမှုန်ခြင်း စသည်ဖြင့် အထင်အရှားတွေ့နေရတဲ့ ရုပ်နာမ်ခန္ဓာတို့၏ ရင့်ရော်ခြင်းသဘောပါပဲ။ ဒါပေမယ့် နာမ်တရားတွေရဲ့ ရင့်ရော်ပုံကိုတော့ အထင်အရှားမတွေ့ရဘူး။ အလွန် အသက်အရွယ်ကြီးတဲ့အခါမှာ သတိမေ့တတ်ခြင်း၊ သူငယ်ပြန်ခြင်း စသည်လောက်သာတွေ့ရတယ်။ ရုပ်ရင့်ရော်တာကတော့ အလွန်ပင်ထင်ရှားပါတယ်။ ဒါပေမယ့် အသက်အရွယ် တော်တော်ကြီးလာတဲ့အခါကျတော့ တစ်စတစ်စ အိုမင်းရင့်ရော်လာတာကိုတွေ့ရတယ်။ တစ်နေ့ထက် တစ်နေ့၊ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ် ရုပ်နာမ်တွေဟာ ရှေးရှေးကနှင့်မတူဘဲ ပြောင်းလဲပြောင်းလဲပြီး အိုမင်းရင့်ရော်လာတာပဲ။

## (၃) ဗျာဓိဒုက္ခ

ဗျာဓိ = နာခြင်းဆိုတာ မကျန်းမမာရောဂါတစ်မျိုးမျိုး ဖြစ်ပေါ်နေတာကိုခေါ်တယ်။ အဲဒီရောဂါတစ်မျိုးမျိုး နှိပ်စက်ခံနေရရင် ကိုယ်ရော၊ စိတ်ရော ဆင်းရဲတော့တာပဲ။ ဒီဗျာဓိဒုက္ခကို လူတိုင်း လူတိုင်း သတ္တဝါတိုင်းက ဆင်းရဲ

တယ်လို့ သိနေကြတာပဲ။ အဲဒီလို မကျန်းမမာဖြစ်တာကို ကြောက်နေကြတာပဲ။

## (၄) မရဏဒုက္ခ

မရဏ = သေခြင်းဆိုတာ ဘဝတစ်ခု၌ တစ်ခုခုသော ကံကြောင့် ပဋိသန္ဓေမှစ၍ မပြတ်ဖြစ်နေတဲ့ အသက်လို့ ခေါ်တဲ့ ရုပ်ဇီဝိတ, နာမ်ဇီဝိတတို့ ဒီဘဝမှာ နောက်ဆုံးပြတ်စဲသွားတဲ့ သဘောပါပဲ။ အဲဒီသေခြင်းသဘောကို သတ္တဝါတိုင်း ကြောက်ကြတယ်။ ဒါ့ကြောင့် မြတ်စွာဘုရားက "သဗ္ဗေ ဘာယန္တိ မစ္စုနော = သတ္တဝါအားလုံး သေခြင်းမှ ကြောက်ကြသည်"လို့ ဟောတော်မူထားပါတယ်။ ဇာတိခေါ်တဲ့ ဖြစ်ခြင်းရှိရင် မရဏခေါ်တဲ့ သေခြင်းလည်း ဧကန်ဖြစ်တာပါပဲ။ ရှောင်လွှဲလို့မရပါဘူး။ အဲဒီလို သေသွားရင်း လက်ရှိခန္ဓာကိုယ်ကိုရော၊ ချစ်ခင်သူတွေ, အခြွေအရံတွေ, ဆွေမျိုးသားချင်းတွေ, အသုံးအဆောင်ပစ္စည်းတွေ, တိုက်တာ,အိမ်,ခြံစသည်တွေကိုရော အကုန်လုံး စွန့်လွှတ်ပြီးသွားရတယ်။ ဒါတွေကို တွေးပြီး သေရမှာကို သတ္တဝါတိုင်းအလွန်ကြောက်ကြတယ်။ သေပြီးရင် ဘယ်လိုဘဝမျိုးကို ရောက်ရမှာလဲလို့ တွေးပြီး ကြောက်ကြပါတယ်။ ဒါ့ကြောင့် သေခြင်းကို "ဒုက္ခ=ဆင်းရဲ"လို့ မြတ်စွာဘုရား ဟောတော်မူပါတယ်။

## (၅) အပ္ပိယသမ္ပယောဂဒုက္ခ

အပ္ပိယသမ္ပယောဂ = မချစ်အပ်တဲ့၊ မနှစ်သက်အပ်တဲ့မုန်းစရာတွေနှင့် ပေါင်းစုံယှဉ်တွဲနေရခြင်းဆိုတာ မချစ်ခင်အပ်၊ မနှစ်သက်အပ်တဲ့ မုန်းစရာပုဂ္ဂိုလ်တွေ၊ သင်္ခါရအာရုံတွေနှင့် တွေ့ဆုံနေရတာပါပဲ။ အဲဒီ မချစ်ခင်အပ်၊ မနှစ်သက်အပ်တဲ့ မုန်းစရာပုဂ္ဂိုလ်တွေ၊ သင်္ခါရအာရုံတွေနဲ့ မတွေ့ချင်ဘဲ တွေ့နေရ၊ အတူမနေချင်ဘဲ အတူနေရတာဟာ အလွန်စိတ်ဆင်းရဲတဲ့ ဒုက္ခပါပဲ။

## (၆) ပိယဝိပ္ပယောဂဒုက္ခ

ပိယဝိပ္ပယောဂ=ချစ်စရာတွေနှင့် ကွဲကွာနေရခြင်းဆိုတာ ချစ်ခင်အပ်၊ နှစ်သက်အပ်တဲ့ပုဂ္ဂိုလ်တွေ၊ လိုလားအပ်တဲ့ အသုံးအဆောင်ပစ္စည်းဝတ္ထု သင်္ခါရအာရုံတွေနှင့် သေကွဲရှင်ကွဲ ကွဲကွာရခြင်းပါပဲ။ ချစ်ခင်အပ်တဲ့ လင်, မယား၊ သား, သမီး စသည်တွေနဲ့ သေကွဲဖြစ်စေ၊ ရှင်ကွဲဖြစ်စေ ကွဲရလျှင်၊ အလိုရှိအပ်တဲ့ အသုံးအဆောင်ပစ္စည်းဥစ္စာ သင်္ခါရအာရုံတွေနဲ့ သေတဲ့အခါမှာပဲဖြစ်စေ၊ မသေခင်မှာပဲဖြစ်စေ ကွဲကွာရလျှင် ပုဂ္ဂိုလ်တိုင်းလိုလို စိတ်ဆင်းရဲရတော့တာပဲ။

## (၇) ဣစ္ဆိတာလာဘဒုက္ခ

ဣစ္ဆိတာလာဘ = မရနိုင်တာကို လိုချင်ခြင်း။ (ဝါ) လိုချင်ပါလျက် မရခြင်းဆိုတာ မိမိအခြေအနေနဲ့ မရနိုင်တဲ့ ရာထူးဂုဏ်သိန်၊ စည်းစိမ်ဥစ္စာ၊ သက်ရှိသက်မဲ့တွေကို လိုချင်နေတာလည်းဆင်းရဲပဲ။ အဲဒီလိုချင်နေတာကို မရရင်လည်း ဆင်းရဲပဲ။

## (၈) ဥပါဒါနက္ခန္ဓာငါးပါးဆင်းရဲ

ဇာတိဒုက္ခမှ ဣစ္ဆိတာလာဘဒုက္ခအထိ ဖော်ပြခဲ့တဲ့ ဆင်းရဲ (၇)မျိုးဟာ ဥပါဒါနက္ခန္ဓာငါးပါးရှိနေလို့ ဥပါဒါနက္ခန္ဓာ ငါးပါးကိုမှီပြီး ဖြစ်ကြရတာပဲ။ ဒါ့ကြောင့် အကျဉ်းချုပ်အားဖြင့်တော့ ဒုက္ခသစ္စာဆိုတာ ဥပါဒါနက္ခန္ဓာ ငါးပါးပင် ဖြစ်ပါတယ်။

## ဥပါဒါနက္ခန္ဓာ

ဥပါဒါနက္ခန္ဓဆိုတဲ့ ပါဠိမှာ ဥပါဒါနကတစ်ပုဒ်၊ ခန္ဓက တစ်ပုဒ်။ ဥပါဒါနဆိုတာ စွဲလမ်းတတ်တဲ့တရား။ ခန္ဓဆိုတာ ရုပ်နာမ်အဖို့အစုတွေပဲ။ ဒါ့ကြောင့် စွဲလမ်းတတ်တဲ့ ဥပါဒါန်တို့၏ အာရုံဖြစ်တဲ့ စွဲလမ်းစရာ ရုပ်နာမ်အဖို့အစုတွေကို ဥပါဒါနက္ခန္ဓာခေါ်တယ်။ စွဲလမ်းတတ်တဲ့တရားက စွဲလမ်းရာခန္ဓာတွေလို့ ဆိုလိုပါတယ်။

## ဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာ

ယခု ဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာကို ရှင်းရှင်းလင်းလင်းသိအောင် ခွဲပြဦးမယ်။ ဥပါဒါန်ဆိုတာ စွဲလမ်းတတ်တဲ့ တဏှာလောဘပါပဲ။ အဲဒီ ဥပါဒါန်က -

(၁) ကာမုပါဒါန်
(၂) ဒိဋ္ဌုပါဒါန်
(၃) သီလဗ္ဗတုပါဒါန်
(၄) အတ္တဝါဒုပါဒါန်-လို့ (၄)မျိုး ရှိတယ်။

(၁) လိုချင်နှစ်သက် တပ်မက်သာယာပြီး စွဲလမ်းတဲ့ တဏှာလောဘကို ကာမုပါဒါန်ခေါ်တယ်။

(၂) ကံ, ကံ၏အကျိုးမရှိ၊ တမလွန်ဘဝမရှိ၊ ဘုရား, ရဟန္တာမရှိဟု မှားယွင်းစွာစွဲလမ်းတဲ့ ဒိဋ္ဌိစေတသိက်ကိုဒိဋ္ဌုပါဒါန် ခေါ်တယ်။ ပြဆိုလတ္တံ့ဖြစ်တဲ့ သီလဗ္ဗတုပါဒါန်နှင့် အတ္တဝါဒုပါဒါန်နှစ်မျိုးတို့မှ ကြွင်းကျန်တဲ့ မိစ္ဆာဒိဋ္ဌိအမျိုးမျိုးကိုလည်း ဒိဋ္ဌုပါဒါန် ခေါ်တယ်။

(၃) နွားလိုကျင့်ခြင်း၊ ခွေးလိုကျင့်ခြင်း၊ ရေငုပ်ခြင်း၊ မီးလှုံခြင်း စတဲ့ အကျင့်တို့ဖြင့် သံသရာမှလွတ်မြောက်နိုင်တယ်။ မဒို, မနာ, မသေရဘဲ အမြဲတမ်းချမ်းသာသုခရနိုင်တယ်လို့ အကျင့်မှားတွေကို အကျင့်မှန်

ထင်ပြီး ယူဆစွဲလမ်းတဲ့ ဒိဋ္ဌိစေတသိတ်ကို သီလဗ္ဗတုပါဒါန်ခေါ်တယ်။

အခါတပါး၌ နွားကျင့်ကျင့်သော ပုဏ္ဏပရိဗိုဇ်နှင့် ခွေးကျင့်ကျင့်သော သေနိယပရိဗိုဇ်တို့ ဘုရားရှင်ထံတော်သို့ လာကြပြီး ပုဏ္ဏပရိဗိုဇ်က သေနိယ၏ ကျင့်ပုံနှင့် အကျိုးအပြစ်ကို မေးလျှောက်တယ်။ သေနိယပရိဗိုဇ်ကလည်း ပုဏ္ဏ၏ကျင့်ပုံနှင့် အကျိုးအပြစ်ကို မေးလျှောက်တယ်။ အဲဒီအခါ ဘုရားရှင်က မလျှောက်ဖို့ရာ သုံးကြိမ်တိုင်အောင် တားသော်လည်း မရသဖြင့် "ခွေးအကျင့်ကို ကျကျနန ကျင့်သူသည် သေလျှင်ခွေးဖြစ်တယ်။ နွားအကျင့်ကို သေသေချာချာကျင့်သူသည် သေလျှင်နွားဖြစ်တယ်။ ငါ့မှာ ဒီအကျင့်ဖြင့် နတ်မင်းစသည်ဖြစ်မှာပဲလို့ မိစ္ဆာအယူရှိခဲ့လျှင် ငရဲနှင့် တိရစ္ဆာန် လျော်ကန်ရာဖြစ်လိမ့်မယ်" လို့ ဟောတော်မူတဲ့အခါ နှစ်ယောက်လုံး ချုံးချပ်ငိုကြွတယ်။ နောက်ဆက်ပြီး ဟောတဲ့ တရားတော်ကိုနာရမှ ပုဏ္ဏက သရဏဂုံတည်တယ်။ သေနိယက ရဟန်းပြုပြီး မကြာခင် ရဟန္တာဖြစ်သွားတယ်လို့ မဇ္ဈိမပဏ္ဏာသ၊ ကုက္ကုရဝတိကသုတ်တော်မှာ ဖော်ပြထားတယ်။ နွားအကျင့်၊ ခွေးအကျင့်၊ ရေငုပ်ခြင်း၊ မီးလှုံခြင်း စသည့်အကျင့်တွေကို ထင်ရှားအောင်သာ ပြဆိုခဲ့တာဖြစ်တယ်။ အမှန်ကတော့ အကျင့်မှားကို အကျင့်မှန်

ထင်ပြီး စွဲလမ်းတဲ့ ဒိဋ္ဌိဟူသမျှဟာ သီလဗ္ဗတုပါဒါန်ချည်း ပါပဲ။

(၄) အတ္တကောင်၊ အသက်ကောင်၊ သတ္တဝါကောင်၊ ငါကောင်ရှိတယ်လို့ ထင်မှားစွဲလမ်းတဲ့ဒိဋ္ဌိစေတသိက်ကို အတ္တဝါဒုပါဒါန်ခေါ်တယ်။ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဆိုတာနှင့် အတူတူပါပဲ။

ပုထုဇဉ်အများတို့ ထင်မှားစွဲလမ်းနေတဲ့ အတ္တဟာ ပရမအတ္တ၊ ဇီဝအတ္တ ဟု နှစ်မျိုးရှိတယ်။ ကမ္ဘာလောကကြီးနှင့် သတ္တဝါတွေကို စီမံဖန်ဆင်းနိုင်သူဟု စွဲလမ်းတဲ့ အတ္တကို 'ပရမအတ္တ'ခေါ်တယ်။

## ပရမအတ္တစွဲလမ်းပုံ

အဲဒီ စီမံဖန်ဆင်းနိုင်သူကို မိမိကိုယ်တိုင် "ဤပုဂ္ဂိုလ်ပဲ" ဟု လက်ညှိုးထိုးမပြနိုင်သော်လည်း စိတ်ကူးဖြင့် မှန်းဆလျက် ဤကမ္ဘာလောကကြီးနှင့်တကွ သတ္တဝါအနန္တတွေကို ဖန်ဆင်းသူဟု ယူဆအပ်တဲ့ ပရမအတ္တကိုပင် ဤသွရ၊ ပရမီသွာ၊ ခိုဒါ၊ အလ္လာဟ်၊ ဂေါ့ဒ် လို့ခေါ်ကြတယ်။ (ဘုရားသခင်လို့ ဆိုလိုတာပဲ။ မြန်မာတွေကတော့ ထာဝရဘုရားလို့ခေါ်ကြတယ်။) အဲဒီပရမအတ္တခေါ်တဲ့ ဤသွရ၊ ပရမီသွာ၊ ခိုဒါ၊ အလ္လာဟ်၊ ဂေါ့ဒ်၊ ထာဝရဘုရားကြီးက

ကမ္ဘာကြီးနှင့်တကွ သတ္တဝါတွေကို စီမံဖန်ဆင်းထားတယ်လို့ စွဲလမ်းကြတယ်။ အဲဒါဟာ ပရမအတ္တစွဲလမ်းပုံပါပဲ။

## ဇီဝအတ္တစွဲလမ်းပုံ

ဤခန္ဓာကိုယ်ထဲ၌ အသက်ကောင်ခေါ်တဲ့ အတ္တရှိတယ်။ သတ္တဝါတွေ ပြုလုပ်ပြောဆိုအပ်သမျှ အတ္တကပြုလုပ်ပေးတယ်။ အတ္တက သွားချင်ရင်သွားပေးနေရတယ်။ အတ္တက ရပ်ချင်ရင်ရပ်ပေးရတယ် စသည်ဖြင့် အတ္တရဲ့အမိန့်အတိုင်း ကိုယ်, နှုတ်တို့က ပြုပေးနေရတယ်။ ဒီအသက်ကောင်ခေါ်တဲ့ အတ္တဟာ ခန္ဓာအိမ်အဟောင်းပျက်စီးတဲ့အခါ ခန္ဓာကိုယ်အသစ်ထဲပြောင်းပြီးနေတယ် စသည်ဖြင့် စွဲလမ်းကြတယ်။ တို့မြန်မာဗုဒ္ဓဘာသာဝင်တွေလည်း "ဘယ်လိုအရာ" လို့ ကျကျနန မပြောတတ်စေကာမူ ရုပ်နာမ်တစ်မျိုးမျိုးကို (အထူးအားဖြင့် ဝိညာဉ်ကို) စွဲလမ်းနေကြတာပဲ။ အဲဒီအသက်ကောင်အတ္တကို လိပ်ပြာကောင်၊ ဝိညာဉ်ကောင်ဟုလည်းခေါ်ဝေါ်ကြတယ်။ လူတစ်ယောက် စုတေတဲ့အခါ အသက်ထွက်သွားပြီဟုလည်းကောင်း၊ ကလေးများလန့်ပြီး အလွန်ငိုနေတဲ့အခါ လိပ်ပြာလွင့်သွားသည်ဟုလည်းကောင်း၊ သေသူရဲ့လိပ်ပြာက ချစ်သူရဲ့ လိပ်ပြာကိုလာခေါ်နေတဲ့အတွက် လိပ်ပြာခွဲရမည် စသည်

ဖြင့်လည်းကောင်း ယခုတိုင်အောင် ပြောစမှတ်ပြုနေကြ တယ်။ အဲဒါဟာ ဇီဝအတ္တစွဲလမ်းပုံပါပဲ။

## ဥပါဒါန်ဟာ (၂) ပါးသာ

အဲဒီဥပါဒါန်လေးပါးထဲက ကာမုပါဒါန်ဆိုတာ လိုချင်နှစ်သက်တပ်မက်သာယာပြီး စွဲလမ်းတဲ့ တဏှာ လောဘ ဖြစ်တယ်။ ကျန်တဲ့ဥပါဒါန်သုံးပါးကတော့ အထင် မှား အယူမှားပြီး စွဲလမ်းတဲ့ ဒိဋ္ဌိစေတသိက်ချည်းဖြစ်တယ်။ ဒါ့ကြောင့် ဥပါဒါန်လေးပါးဟာ တရားကိုယ်အားဖြင့်တော့ တဏှာနှင့် ဒိဋ္ဌိ (၂)ပါးပဲ ရှိတယ်။

အဲဒီ စွဲလမ်းတတ်တဲ့ တဏှာဒိဋ္ဌိနှစ်ပါးတို့ဖြင့် စွဲလမ်း အပ်တဲ့ (စွဲလမ်းစရာဖြစ်တဲ့) ရုပ်အဖို့အစု၊ နာမ်အဖို့အစု တွေကို ဥပါဒါနက္ခန္ဓာခေါ်တယ်။ အဲဒီဥပါဒါနက္ခန္ဓာက -

၁။ ရုပ်ဥပါဒါနက္ခန္ဓာ
၂။ ဝေဒနာဥပါဒါနက္ခန္ဓာ
၃။ သညာဥပါဒါနက္ခန္ဓာ
၄။ သင်္ခါရဥပါဒါနက္ခန္ဓာ
၅။ ဝိညာဏ်ဥပါဒါနက္ခန္ဓာ-ရယ်လို့ ( ၅ ) မျိုး ရှိတယ်။

အဲဒီ ( ၅ ) မျိုးကို ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာအခွဲမှာ အကျယ်ရှင်းပြမယ်။

## ဆောင်ပုဒ်

**သာယာထင်မှား၊ စွဲလမ်းငြား၊ နှစ်ပါးဥပါဒါန်။**
**စွဲလမ်းစရာ၊ ငါးခန္ဓာ၊ ဥပါဒါနက္ခန်။**
**ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်။**

ပဋိသန္ဓေနေရခြင်းဆင်းရဲ၊ အိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲ စတဲ့ ဆင်းရဲအမျိုးမျိုးတွေဟာ ဒီဥပါဒါနက္ခန္ဓာတွေရှိလို့ ဖြစ်တဲ့ဆင်းရဲတွေချည်းပဲ။ ဒီဥပါဒါနက္ခန္ဓာတွေရှိနေသမျှ ကာလပတ်လုံး အဖန်ဖန် ပဋိသန္ဓေနေကြရ၊ အဖန်ဖန်အိုကြရ၊ အဖန်ဖန်နာကြရ၊ အဖန်ဖန်သေကြရမှာချည်းပဲ။ အခြားဆင်းရဲအမျိုးမျိုးတွေကိုလည်း တွေ့ကြုံ ခံစားနေကြရမှာချည်းပဲ။ ဒါ့ကြောင့် ဥပါဒါနက္ခန္ဓာတွေဟာ စက်ဆုပ်စရာ၊ ကြောက်စရာ ဆင်းရဲအစစ်အမှန်တွေချည်းဖြစ်တယ်။ အဲဒါကြောင့် “သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ = အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါးတို့ဟာ ဆင်းရဲစစ်၊ ဆင်းရဲမှန် ဒုက္ခသစ္စာတွေပဲ” လို့ မြတ်စွာဘုရားဟောတော်မူပါတယ်။

## ခန္ဓာနှင့် ဉပါဒါနက္ခန္ဓာ

အဘိဓမ္မာကို မလေ့လာဘူးတဲ့ ပုဂ္ဂိုလ်တွေဟာ ခန္ဓာနှင့် ဉပါဒါနက္ခန္ဓာနှစ်မျိုးကို ကွဲပြားအောင်မသိကြဘူး။ ဒါ့ကြောင့် ခန္ဓာနှင့် ဉပါဒါနက္ခန္ဓာနှစ်မျိုးကို ခွဲပြဦးမယ်။

လောကီဖြစ်စေ၊ လောကုတ္တရာဖြစ်စေ ခန္ဓာဖွဲ့၍ ရကောင်းသမျှ တရားတွေကို အားလုံးသိမ်းကျုံး၍ ပြတော်မူခြင်းငှါ ခန္ဓဒေသနာကိုဟောတော်မူတယ်။ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းပွားများသောအခါ လောကုတ္တရာခန္ဓာများကို အာရုံပြု၍ မစီးဖြန်း၊ မပွားများရ။ လောကီခန္ဓာများကိုသာ အာရုံပြု၍ စီးဖြန်းပွားများရတယ်။ ဒါ့ကြောင့် ဝိပဿနာရှုဖို့ အကျိုးငှါ လောကီသက်သက် ဉပါဒါနက္ခန္ဓဒေသနာကို ဟောတော်မူတယ်။ ထို့ကြောင့် ခန္ဓာဖွဲ့၍ ရကောင်းသမျှတရားတွေကို ခန္ဓာဖွဲ့လျှင် -

(၁) ရုပ်(၂၈)ပါးလုံးသည် ရူပက္ခန္ဓာမည်၏။

(၂) လောကီ၊ လောကုတ္တရာစိတ် (၈၉)ပါး၊ အကျယ် (၁၂၁)ပါး၌ ယှဉ်တွဲပါဝင်သော ဝေဒနာစေသိက် (၈၉)ပါး၊ အကျယ်(၁၂၁) ပါးသည် ဝေဒနက္ခန္ဓာမည်၏။

(၃) လောကီ၊ လောကုတ္တရာစိတ် (၈၉) ပါး၊ အကျယ် (၁၂၁)ပါး၌ ယှဉ်တွဲပါဝင်သော

သညာစေတသိက်(၈၉)ပါး၊ အကျယ် (၁၂၁) ပါးသည် သညက္ခန္ဓာမည်၏။

(၄) လောကီ၊ လောကုတ္တရာစိတ် (၈၉) ပါး၊ အကျယ်(၁၂၁)ပါး၌ ထိုက်သည်အားလျော်စွာ ယှဉ်တွဲပါဝင်သော ဝေဒနာ၊ သညာမှ ကြွင်းကျန်သောစေတသိက်အားလုံးသည် သင်္ခါရက္ခန္ဓာမည်၏။

(၅) လောကီ, လောကုတ္တရာစိတ် (၈၉)ပါး ၊ အကျယ် (၁၂၁)ပါးသည် ဝိညာဏက္ခန္ဓာ မည်၏ - လို့မှတ်ပါ။

လောကီတရားများကို ဉပါဒါနက္ခန္ဓာဖွဲ့လျှင် -

(၁) ရုပ်(၂၈)ပါးသည် ရုပ်ဉပါဒါနက္ခန္ဓာမည်၏။

(၂) လောကီစိတ် (၈၁) ပါး၌ ယှဉ်တွဲပါဝင်သော ဝေဒနာစေတသိက် (၈၁)ပါးသည် ဝေဒနာဉပါဒါနက္ခန္ဓာမည်၏။

(၃) လောကီစိတ် (၈၁)ပါး၌ ယှဉ်တွဲပါဝင်သော သညာစေတသိက် (၈၁)ပါးသည် သညာ ဉပါဒါနက္ခန္ဓာမည်၏။

(၄) လောကီစိတ် (၈၁) ပါး၌ ထိုက်သည့်အားလျော်စွာ ယှဉ်တွဲပါဝင်သော စေတနာ

အမှုးရှိသော စေတသိက် (၅၀) သည် သင်္ခါရဥပါဒါနက္ခန္ဓာမည်၏။

(၅) လောကီစိတ် (၈၁)ပါးသည် ဝိညာဏ်ဥပါဒါနက္ခန္ဓာမည်၏ဟု မှတ်ပါ။

ဤသို့လျှင် ရုပ်(၂၈)ပါးနှင့် လောကီစိတ်စေတသိက် အားလုံးသည် ခန္ဓာလည်းမည်၏။ ဥပါဒါနက္ခန္ဓာလည်း မည်၏။ လောကုတ္တရာစိတ် (၈)ပါးနှင့် စေတသိက် (၃၆)ပါးသည် ခန္ဓာသာမည်၏။ ဥပါဒါနက္ခန္ဓာမမည်ဟု ခွဲခြား၍ သိပါ။

## ဆောင်ပုဒ်

(၁) လောကီလောကုတ်၊ မယုတ်မကြွင်း၊
ခန္ဓာတွင်း၌၊ သိမ်းသွင်း၍ယူ၊ ပြတော်မူ၊
မှတ်ယူခန္ဓဒေသနာနည်း။

(၂) ဝိပဿနာ၊ ရှုဖို့ငှါလျှင်၊ ဥပါဒါနက်၊
လောကီတွက်၊ သက်သက်ဟောရ
ပြန်သတည်း။

*( အရှင်ဇနကာဘိဝံသ )*

သတ္တဝါတွေဟာ ဒီဥပါဒါနက္ခန္ဓာငါးပါးကိုပဲ အထည်ကိုယ်လုပ်ပြီးနေကြရတယ်။ ရုပ်ကိုယ်ကြီးကိုလည်း ငါပဲ၊ ငါ့ကိုယ်ပဲ၊ မြဲတယ်၊ ချမ်းသာတယ် စသည်ဖြင့် စွဲလမ်းနေကြတယ်။ ဒါ့ကြောင့် ရုပ်ကိုယ်ကြီးကို ရုပ်ဥပါဒါနက္ခန္ဓာ ခေါ်ရတယ်။ ခံစားမှုဝေဒနာတွေကိုလည်း ငါပဲ၊ ငါကခံစားတာပဲ၊ မြဲတယ်၊ ချမ်းသာတယ် စသည်ဖြင့် စွဲလမ်းနေကြတယ်။ ဒါ့ကြောင့် ခံစားမှုဝေဒနာတွေကိုလည်း ဝေဒနာဥပါဒါနက္ခန္ဓာ ခေါ်ရတယ်။ မှတ်သားမှုသညာတွေကိုလည်း ငါပဲ၊ ငါက မှတ်တာပဲ၊ ငါ့အမှတ်သညာကောင်းတယ်၊ မြဲတယ်၊ ချမ်းသာတယ် စသည်ဖြင့် စွဲလမ်းနေကြတယ်။ ဒါ့ကြောင့် မှတ်သားမှုသညာတွေကိုလည်း သညာဥပါဒါနက္ခန္ဓာလို့ ခေါ်ရတယ်။ ပြုပြင်စီရင်မှု စေတနာစတဲ့ စေတသိက်တွေကိုလည်း ငါပဲ၊ ငါ့ဥစ္စာပဲ၊ မြဲတယ်၊ ချမ်းသာတယ် စသည်ဖြင့် စွဲလမ်းနေကြတယ်။ ဒါ့ကြောင့် စေတနာစတဲ့ စေတသိက်တွေကိုလည်း သင်္ခါရဥပါဒါနက္ခန္ဓာ ခေါ်ရတယ်။ အသိစိတ်ကိုလည်း ငါပဲ၊ ငါ့စိတ်ပဲ၊ ငါကသိတာ၊ ဒီစိတ်က မြဲတယ်၊ ချမ်းသာတယ် စသည်ဖြင့် စွဲလမ်းနေကြတယ်။ ဒါ့ကြောင့် အဲဒီအသိစိတ်တွေကိုလည်း ဝိညာဏ်ဥပါဒါနက္ခန္ဓာ ခေါ်ရတယ်။ ဒါကတော့ ရုပ်နာမ်ခန္ဓာတွေကို စွဲလမ်းပုံအကျဉ်းချုပ်ပါပဲ။

## မြင်ဆဲ၌ ဉပါဒါနက္ခန္ဓာ ( ၅ ) ပါး

အသေးစိတ်အားဖြင့် ပြောရရင် မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားသိတိုင်း၊ ထိသိတိုင်း၊ ကြံသိတိုင်း ဒီဉပါဒါနက္ခန္ဓာ (၅)ပါးဖြစ်နေတာပဲ။ သွားတဲ့အခါ၊ ရပ်တဲ့အခါ၊ ထိုင်တဲ့အခါ စသည်တွေမှာလည်း ဒီဉပါဒါနက္ခန္ဓာ (၅)ပါးဖြစ်နေတာပဲ။ မြင်တဲ့အခါမှာ ဉပါဒါနက္ခန္ဓာ (၅)ပါး ဖြစ်ပုံကတော့ မျက်စိအကြည်ဓာတ်နှင့် မြင်ရတဲ့ အဆင်းဟာ ရုပ်ဉပါဒါနက္ခန္ဓာဖြစ်တယ်။ မြင်လို့ကောင်းတာ, မကောင်းတာ၊ ကောင်း, မကောင်းခံစားတာဟာ ဝေဒနာဉပါဒါနက္ခန္ဓာ ဖြစ်တယ်။ မြင်ရတဲ့ အာရုံကို မှတ်သားတာဟာ သညာဉပါဒါနက္ခန္ဓာဖြစ်တယ်။ မြင်သိမှုကိစ္စပြီးအောင် နှလုံးသွင်းတာ၊ ကြောင့်ကြစိုက်တာဟာ သင်္ခါရဉပါဒါနက္ခန္ဓာဖြစ်တယ်။ အာရုံကိုမြင်ပြီး သိတဲ့စိတ်က ဝိညာဏ်ဉပါဒါနက္ခန္ဓာ ဖြစ်တယ်။ ဝိပဿနာမရှုနိုင်တဲ့ ပုဂ္ဂိုလ်တွေမှာ မြင်ဆဲခဏ၌ ဖြစ်တဲ့ ဉပါဒါနက္ခန္ဓာ (၅)ပါးကို အသက်ရှင်နေတဲ့ ပုဂ္ဂိုလ် သတ္တဝါ အနေ၊ အမြဲတည်ရှိနေတဲ့အနေ စသည်ဖြင့် စွဲလမ်းကြတယ်။ အဲဒီလိုမစွဲလမ်းနိုင်အောင် မြင်တိုင်း မြင်တိုင်း ဖြစ်တဲ့ ဉပါဒါနက္ခန္ဓာတွေကို အမှန်အတိုင်း သိအောင် ဒါ ငါ့ဉစ္စာ၊ မြဲတယ်၊ ချမ်းသာတယ် စသည်ဖြင့် မစွဲလမ်းနိုင်အောင် မပြတ်ရှုမှတ်နေရမယ်။ အဲဒီလို အမြဲရှုမှတ်နေမှ ရုပ်နဲ့နာမ်နဲ့ ကွဲပြီးသိတယ်။ အကြောင်းနဲ့

အကျိုးလည်း ခွဲခြားပြီးသိတယ်။ အနိစ္စ, ဒုက္ခ, အနတ္တလို့ သိတယ်။ အဲဒီလိုသိရင် မစွဲလမ်းနိုင်တော့ဘူးပေါ့။ အဲဒီလို မစွဲလမ်းနိုင်အောင် မြင်တိုင်းမြင်တိုင်း မပြတ်ရှုမှတ်နေရ တယ်။

## ကြားဆဲ၌ ဥပါဒါနက္ခန္ဓာ ( ၅ )ပါး

ကြားတဲ့အခါ နားအကြည်ဓာတ်နှင့် ကြားရတဲ့ အသံက ရုပ်ဥပါဒါနက္ခန္ဓာပဲ။ ကြားလို့ကောင်းတာ, မကောင်းတာ၊ ကောင်း, မကောင်း ခံစားတာဟာ ဝေဒနာ ဥပါဒါနက္ခန္ဓာပဲ။ ကြားရတဲ့အသံကို မှတ်သားတာဟာ သညာဥပါဒါနက္ခန္ဓာပဲ။ ကြားသိမှုပြီးစီးအောင် နှလုံးသွင်း တာ၊ ကြောင့်ကြစိုက်တာစသည်တို့က သင်္ခါရဥပါဒါနက္ခန္ဓာ တွေပဲ။ အသံကြားပြီးသိတဲ့စိတ်က ဝိညာဏ်ဥပါဒါနက္ခန္ဓာပဲ။ အဲဒီကြားဆဲခဏ၌ဖြစ်တဲ့ ဥပါဒါနက္ခန္ဓာ (၅)ပါးကို အမှန်အတိုင်းသိအောင်၊ မစွဲလမ်းအောင်၊ ကြားတိုင်း ကြားတိုင်း ရှုမှတ်နေရတာပဲ။

## နံဆဲ၌ ဥပါဒါနက္ခန္ဓာ ( ၅ ) ပါး

အနံ့ကိုနံသိတဲ့အခါ နှာခေါင်းအကြည်ဓာတ်နှင့် အနံ့က ရုပ်ဥပါဒါနက္ခန္ဓာပဲ။ နံလို့ကောင်းတာ, မကောင်းတာ၊ ကောင်း, မကောင်းခံစားတာဟာ ဝေဒနာဥပါဒါနက္ခန္ဓာပဲ။

နံတဲ့အနံ့ကို မှတ်သားတာဟာ သညာဥပါဒါနက္ခန္ဓာပဲ။ နံသိမှုကိစ္စပြီးအောင် နှလုံးသွင်းတာ၊ ကြောင့်ကြစိုက်တာဟာ သင်္ခါရဥပါဒါနက္ခန္ဓာပဲ။ နံတဲ့ အနံ့ကိုသိတဲ့စိတ်ဟာ ဝိညာဏ် ဥပါဒါနက္ခန္ဓာပဲ။ အဲဒီ နံဆဲခဏ၌ဖြစ်တဲ့ ဥပါဒါနက္ခန္ဓာ(၅)ပါး ကိုလည်း ငါ, ငါ့ဥစ္စာ၊ မြဲတယ်၊ ချမ်းသာတယ် စသည်ဖြင့် မစွဲလမ်းနိုင်အောင် နံတိုင်း နံတိုင်း ရှုမှတ်နေရတာပဲ။

## စားသိဆဲ၌ ဥပါဒါနက္ခန္ဓာ ( ၅ ) ပါး

အစားအစာကို စားသိတဲ့အခါ လျှာအကြည်ဓာတ်နှင့် အရသာက ရုပ်ဥပါဒါနက္ခန္ဓာပဲ။ ကောင်းတာ, မကောင်းတာ၊ ကောင်း, မကောင်း ခံစားတာဟာ ဝေဒနာဥပါဒါနက္ခန္ဓာပဲ။ အရသာကို မှတ်တာဟာ သညာဥပါဒါနက္ခန္ဓာပဲ။ နှလုံးသွင်းတာ၊ ကြောင့်ကြစိုက်တာ စသည်တွေက သင်္ခါရဥပါဒါနက္ခန္ဓာတွေပဲ။ အရသာကိုသိတဲ့စိတ်က ဝိညာဏ်ဥပါဒါနက္ခန္ဓာပဲ။ အဲဒီစားသိဆဲခဏ၌ဖြစ်တဲ့ ဥပါဒါနက္ခန္ဓာ(၅)ပါးကိုလည်း မစွဲလမ်းနိုင်အောင် စားသိတိုင်း စားသိတိုင်း မပြတ်ရှုမှတ်နေရတာပဲ။

## ထိသိဆဲ၌ ဥပါဒါနက္ခန္ဓာ ( ၅ ) ပါး

ထိသိမှုကတော့ အလွန်ကျယ်ပြန့်တယ်။လက်သည်းဖျား၊ ခြေသည်းဖျား၊ ဆံပင်ဖျား၊ ခြောက်သွေ့တဲ့ အရေဖျား

များကို ချန်ထား၍ တစ်ကိုယ်လုံး နေရာတိုင်း အတွေ့အထိ ထင်ရှားနိုင်တဲ့ ကိုယ်အကြည်ရုပ်ဆိုတာ ရှိနေတယ်။ အတွင်းမှာလည်းရှိတယ်။ အပြင်မှာလည်း ရှိတယ်။ နေရာတိုင်း အနှံ့ရှိနေတာပဲ။ အဲဒီကိုယ်အကြည်ရုပ် ရှိတဲ့နေရာတိုင်းမှာ ထိသိမှုဖြစ်နိုင်တယ်။ အဲဒီထိသိမှုဖြစ်တဲ့အခါ ကိုယ်အကြည်ရုပ်နှင့် ဖောဋ္ဌဗ္ဗခေါ်တဲ့ အတွေ့ရုပ်က ရုပ်ဥပါဒါနက္ခန္ဓာပဲ။ ကောင်းတာ, မကောင်းတာ၊ ကောင်း, မကောင်းခံစားတာက ဝေဒနာဥပါဒါနက္ခန္ဓာပဲ။ တွေ့ထိရတဲ့အာရုံကို မှတ်သားတာက သညာဥပါဒါနက္ခန္ဓာပဲ။ နှလုံးသွင်းတာ၊ ကြောင့်ကြစိုက်တာတွေက သင်္ခါရဥပါဒါ နက္ခန္ဓာတွေပဲ။ ထိတာကို သိတဲ့စိတ်က ဝိညာဏ်ဥပါဒါနက္ခန္ဓာပဲ။ အဲဒီထိသိဆဲခဏ၌ ဖြစ်တဲ့ ဥပါဒါနက္ခန္ဓာ (၅)ပါးကိုလည်း မစွဲလမ်းနိုင်အောင်၊ အမှန်အတိုင်းသိအောင် ထိသိတိုင်း ထိသိတိုင်း မပြတ်ရှုမှတ်နေရတာပဲ။

## ကြံသိဆဲ၌ ဥပါဒါနက္ခန္ဓာ ( ၅ ) ပါး

ကြံသိမှုဆိုတာကလည်း အလွန်အဖြစ်များတယ်။ နိုးနေတဲ့အခါဆိုရင် မပြတ်လိုလိုဖြစ်နေတာပဲ။ ဒါ့ကြောင့် စိတ်ကူးကြံစည်မှုကို ရှုဖို့ရာအလွန်အရေးကြီးတယ်။ ကြံသိရာမှာ ကြံသိမှု၏ တည်ရာရုပ်တရားက ရုပ်ဥပါဒါ

နက္ခန္ဓာ ဖြစ်တယ်။ ကောင်းတာ, မကောင်းတာ၊ ကောင်း, မကောင်းခံစားတာက ဝေဒနာဥပါဒါနက္ခန္ဓာဖြစ်တယ်။ အာရုံကို မှတ်သားတာက သညာဥပါဒါနက္ခန္ဓာဖြစ်တယ်။ နှလုံးသွင်းမှု၊ ကြောင့်ကြစိုက်မှု စသည်တို့က သင်္ခါရ ဥပါဒါနက္ခန္ဓာတွေ ဖြစ်တယ်။ အာရုံကို သိတာက ဝိညာဏ် ဥပါဒါနက္ခန္ဓာဖြစ်တယ်။ ကြံသိရတဲ့ အာရုံကတော့ ရုပ်လည်း ရှိတယ်။ နာမ်လည်းရှိတယ်။ ပညတ်လည်းရှိတယ်။ ရုပ် ဆိုရင်တော့ ရုပ်ဥပါဒါနက္ခန္ဓာပဲ။ နာမ်ဆိုရင်တော့ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဥပါဒါနက္ခန္ဓာတွေဖြစ်တယ်။ ပညတ်ဆိုရင်တော့ ခန္ဓာမှအလွတ်ဖြစ်တယ်။ ဒါပေမယ့် အဲဒီပညတ်၏ တည်ရာ၊ မှီရာ ရုပ်နာမ်ရှိရင် အဲဒီရုပ်နာမ်နဲ့ ဆိုင်တဲ့ ဥပါဒါနက္ခန္ဓာထဲသွင်းယူရတယ်။ အဲဒီ ကြံသိမှု ဖြစ်တိုင်း ဖြစ်တိုင်းလည်း ငါပဲ၊ ငါ့ဥစ္စာပဲ၊ မြဲတယ်၊ ချမ်းသာ တယ် စသည်ဖြင့် မစွဲလမ်းနိုင်အောင် ကြံသိမှု ဖြစ်တိုင်း ဖြစ်တိုင်း မပြတ်ရှုမှတ်နေရတာပဲ။ သွားတဲ့ခဏ၊ ရပ်တဲ့ခဏ စသည်တွေမှာလည်း ယခုဖော်ပြခဲ့တဲ့အတိုင်း ဥပါဒါနက္ခန္ဓာ (၅)ပါးချည်းဖြစ်နေတာပဲ။ အဲဒါတွေကိုလည်း မပြတ် ရှုမှတ်နေရတာပဲ။

အဲဒီလို မပြတ်ရှုမှတ်နေရင်တော့ ရုပ်နဲ့ နာမ်နဲ့ ကွဲပြီးသိတယ်။ အကြောင်းအကျိုးခွဲပြီးသိတယ်။ အနိစ္စ၊ ဒုက္ခ၊

အနတ္တလို့ ထင်ထင်ရှားရှားသိတယ်။ အဲဒီလိုသိအောင် ဥပါဒါနက္ခန္ဓာ (၅)ပါး ဖြစ်တိုင်းဖြစ်တိုင်း မပြတ်ရှုမှတ်နေကြရမယ်။

သစ္စာလေးပါး၏ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် သုံးမျိုးပြတဲ့ နေရာမှာ ဒုက္ခသစ္စာရဲ့ ကိစ္စဉာဏ်ကို "ဒုက္ခံ အရိယသစ္စံ ပရိညေယျံ = ဒုက္ခအရိယသစ္စာကို ပိုင်းခြား၍ သိရမယ်" လို့ မြတ်စွာဘုရားဟောတော်မူလိမ့်မယ်။ ပိုင်းခြား၍ သိရမယ်ဆိုတာ ပိုင်းခြား၍သိအောင် ရှုမှတ်ရမယ်၊ ပွားများရမယ်လို့ ဟောတော်မူတာဖြစ်တယ်။ ဒါ့ကြောင့် ဒုက္ခသစ္စာဆိုတာ ဥပါဒါနက္ခန္ဓာငါးပါးပဲ။ အဲဒီ ဒုက္ခသစ္စာဖြစ်တဲ့ ဥပါဒါနက္ခန္ဓာငါးပါးကို ပိုင်းခြား၍ သိအောင် ရှုပွားနိုင်ကြစေရန် ဒုက္ခသစ္စာဖြစ်တဲ့ ဥပါဒါနက္ခန္ဓာငါးပါးကို အနည်းငယ်ချဲ့ပြီး ဖော်ပြခဲ့တာဖြစ်ပါတယ်။

## သမုဒယသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ။ သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

**ဘိက္ခဝေ** ၊ ရဟန်းတို့။ **ဣဒံ ခေါ ပန** ၊ ဤမိန့်တော်မူအပ်လတ္တံ့သော တရားသည်ကား။ **ဒုက္ခသမုဒယံ** ၊ ဒုက္ခ၏ ဖြစ်ကြောင်းဖြစ်သော။ **အရိယသစ္စံ** ၊ အရိယသစ္စာတည်း။ **ဝါ** ၊ အရိယာတို့ ထိုးထွင်း၍ သိအပ်သော အမှန်တရားတည်း။ **ယာ အယံ တဏှာ** ၊ အကြင်တဏှာသည်။ **ပေါနောဘဝိကာ** ၊ တစ်ဖန်ဘဝအသစ်ကို ဖြစ်စေတတ်၏။ **နန္ဒီရာဂသဟဂတာ** ၊ နှစ်သက်ခုံမင်လိုချင်တပ်မက်ခြင်းနှင့်တကွဖြစ်၏။ **တတြ တတြ**၊ ထိုထိုရောက်ရာဘဝ, ရရာအာရုံ၌။ **အဘိနန္ဒိနီ** ၊ အလွန်စုံမက်နှစ်သက်တတ်၏။ **သေယျထိဒံ** ၊ ထိုတဏှာဟူသည် အဘယ်နည်း။ **ကာမ တဏှာ** ၊ ငါးဖြာအာရုံကာမဂုဏ်၌ တပ်မက်တတ်သော တဏှာလည်းကောင်း။ **ဘဝတဏှာ** ၊ အမြဲဖြစ်နေသည်၊ အမြဲရှိနေသည်ဟုထင်လျက် တပ်မက်တတ်သော တဏှာလည်းကောင်း။ **ဝါ** ၊ သဿတဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာ လည်းကောင်း။ **ဝိဘဝတဏှာ** ၊ သေလျှင်ဘဝပြတ်သည်ဟုထင်လျက် တပ်မက်တတ်သော တဏှာလည်းကောင်း။ **ဝါ**၊ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာလည်းကောင်း။ **ဣဒံ** ၊ ဤသုံးပါးပင်တည်း။

ဤစကားတော်ကတော့ သမုဒယသစ္စာ၏ သရုပ်ကို ထုတ်ပြတဲ့စကားတော်ပါပဲ။ (နာမည်အပြည့်အစုံကတော့

ဒုက္ခသမုဒယအရိယသစ္စာတဲ့။ ဆင်းရဲဖြစ်ကြောင်းဖြစ်သော အရိယာတို့သိအပ်သော အမှန်တရားလို့ ဆိုလိုတယ်) ဒုက္ခသစ္စာတုန်းက ဟောပြခဲ့တဲ့ ဆင်းရဲဒုက္ခအမျိုးမျိုးတွေဟာ ဒီသမုဒယသစ္စာတဏှာရှိနေလို့ ဖြစ်ကြရတာပါပဲ။ ဒီ သမုဒယသစ္စာဆိုတာ တပ်မက်တတ်၊ ဆာလောင်တတ်တဲ့ တဏှာပါပဲ။

ဒီတဏှာက "ပေါနောဘဝိကာ = တစ်ဖန်ဘဝ အသစ်ကို ဖြစ်စေတတ်တယ်"တဲ့၊ တဏှာမကင်းသေးသမျှ ကာလပတ်လုံး ဘဝအသစ်တွေထပ်ကာထပ်ကာဖြစ်နေ ရမယ်။

## တဏှာကြောင့် တစ်ဖန်ဘဝအသစ်ဖြစ်ပုံ

တစ်ဖန်ဘဝအသစ်ဖြစ်ပုံကတော့ ဒီတဏှာက တပ်မက်စွဲလမ်းနေတဲ့အတွက် မိမိဘဝ မိမိကိုယ်ကို အမြဲတည်ရှိနေစေချင်တယ်။ ကောင်းတဲ့အာရုံတွေကိုလည်း အမြဲတည်ရှိနေစေချင်တယ်။ အဲဒီလို အမြဲတည်ရှိနေအောင် အားထုတ်ပြုလုပ်ရတယ်။ အဲဒီလိုပြုလုပ်တဲ့အတွက် ဘဝအသစ်ကိုဖြစ်စေနိုင်တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေ ထိုက်သည့် အားလျော်စွာဖြစ်တယ်။ ဒါ့ကြောင့် သေခါနီး အခါကျတော့ ကံအာရုံဖြစ်စေ၊ အဲဒီကံကိုပြုစဉ်က တွေ့ကြုံခဲ့ ရတဲ့ အာရုံဖြစ်တဲ့ ကမ္မနိမိတ်ဖြစ်စေ၊ အဲဒီကံကြောင့်

ဖြစ်ရမယ့်ဘဝက အာရုံဆိုတဲ့ ဂတိနိမိတ်ဖြစ်စေ ထင်ပေါ် လာတယ်။ အဲဒီ ထင်ပေါ်လာတဲ့ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံကို တဏှာရှိနေတဲ့အတွက် စိတ်ကစွဲနေတယ်။ ဖျောက်ပစ်လို့ကိုမရနိုင်ဘူး။ အဲဒီလို ထင်ပေါ်လာတဲ့ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံတစ်ခုခုကို သေခါနီးမှာဖြစ်တဲ့ မရဏာသန္နဇောစိတ်က ဆုပ်ကိုင်ထားသလို စွဲပြီးအာရုံပြု နေတယ်။ အဲဒီအခါ ယခုဘဝမှာ နောက်ဆုံးဖြစ်တဲ့ စုတိစိတ်နဲ့ ကမ္မဇရုပ်တွေချုပ်သွားတယ်။ စိတ္တဇရုပ်၊ အာဟာရဇရုပ်တွေလည်း မကြာခင်ချုပ်သွားကြတယ်။ အဲဒီလို နောက်ဆုံးစုတိစိတ်နှင့် ကမ္မဇရုပ်ချုပ်သွားတာကို သေတယ်လို့ခေါ်ကြတယ်။ အဲဒီသေသည်နှင့် တပြိုင်နက် သေခါနီးတုန်းက စွဲယူခဲ့တဲ့ ကံ, ကမ္မ နိမိတ်, ဂတိနိမိတ် အာရုံတစ်ခုခုကိုပင် အာရုံပြုလျက် ဘဝအသစ်မှာ ပဋိသန္ဓေ စိတ်၊ စေတသိက်နဲ့ တည်ရာမှီရာ ရုပ်တွေ ဖြစ်ပေါ်လာ တယ်။ အဲဒီလို ဘဝဟောင်းမှသေပြီး ဘဝအသစ်ဖြစ်တာကို ပဋိသန္ဓေနေတယ်လို့ ခေါ်ရတယ်။ အဲဒီလိုဘဝအသစ် ဖြစ်တာဟာ ကံနှင့်တဏှာဆိုတဲ့ အကြောင်းနှစ်ပါးကြောင့် ဖြစ်တာပဲ။ ဒါပေမယ့် တဏှာမရှိရင် ကံသက်သက်က ဘဝ အသစ်ကို မဖြစ်စေနိုင်ဘူး။ ဒါ့ကြောင့် ဘဝအသစ်ဖြစ်ရာမှာ တဏှာက အရင်းခံအကြောင်းပဲ။ အဲဒီလို အရင်းခံ အကြောင်းအဖြစ်ဖြင့် ဘဝအသစ်ကို ဖြစ်စေတတ်သော

ကြောင့် "ပေါနောဘဝိကာ = တစ်ဖန်ဘဝသစ်ကို ဖြစ်စေတတ်တယ်" လို့ ဟောတော်မူတယ်။

အဲဒါဟာ တရားဦးစပြီး ဟောကတည်းက တမလွန်ဘဝရှိကြောင်းကို မြတ်စွာဘုရားဟောခဲ့တဲ့ စကားတော်ပါပဲ။ အဲဒီလို ဘုရားရှင်ကိုယ်တော်တိုင် အထင်အရှားဟောခဲ့ပါလျက်နဲ့ "ပစ္စုပ္ပန်တစ်ဘဝတည်းကိုသာ ဘုရားဟောတယ်။ နောက်ဘဝကို မဟောဘူး" လို့ ပြောဟောရေးသားနေကြတဲ့ ပုဂ္ဂိုလ်တွေ ခုခေတ်မှာ အတော်များများပေါ်နေတယ်။ ဒါဟာ သာသနာဖျက်တဲ့စကားပဲ။ အဓမ္မဝါဒပဲ။ တကယ်တော့ တဏှာမကင်းသေးလျှင် ဘဝအသစ်အသစ်တွေ ဖြစ်ဖြစ်နေမှာပဲ။ ယခု တဏှာကြောင့် ဘဝအသစ်ထပ်ထပ်ဖြစ်နေရပုံ သာဓကဝတ္ထုတစ်ခုကို ထုတ်ပြမယ်။

## သာဓကဝတ္ထု

လူတစ်ယောက်ဟာ အစ်ကို၏မယား (မရီး) နှင့် ဖောက်ပြန်ကျူးလွန်နေတယ်။ အဲဒီမိန်းမကလည်း သူ့ခင်ပွန်းထက် မတ်ဖြစ်သူကို ပိုပြီးချစ်မြတ်နိုးတဲ့အတွက် သူ့အစ်ကိုကို သတ်ဖြတ်ဖို့ မတ်ဖြစ်သူကို တိုက်တွန်းတယ်။ မတ်ဖြစ်သူက "ဟဲ့ အကောင်မ . . . နင်ဒီလိုမပြောနဲ့" လို့ ကြိမ်းမောင်း

ပေမယ့် မရီးဖြစ်သူက ထပ်ကာထပ်ကာပြောတော့ မငြင်းသာတော့ဘဲ "ဘယ်လိုလုပ်ပြီး သတ်ခွင့်ရမလဲ" လို့ပြောတယ်။ အဲဒီတော့ မရီးက "ဟို ခံတက်ပင်ကြီးရေဆိပ်က ပဲခွပ်လက်နက်နဲ့စောင့်နေ အဲဒီကို ငါလွှတ်လိုက်မယ်" လို့ပြောတော့ မတ်ဖြစ်သူက ရေဆိပ်သွားပြီး ခံတက်ပင်ကြားမှာ ပုန်းကွယ်လျက်စောင့်နေတယ်။

ခင်ပွန်းဖြစ်သူ တောထဲက အလုပ်လုပ်ပြီး အိမ်ပြန်လာတဲ့အခါ သူ့ဇနီးက ချစ်မြတ်နိုးဟန်ဆောင်ပြီး ခေါင်းက ဆံပင်များကို ယုယုယယနဲ့ ဖြီးပေးနေရင်း "ခေါင်းက ညစ်ပေနေတာပဲ၊ ဟိုခံတက်ပင်ကြီးရေဆိပ်သွားပြီး ခေါင်းလျှော်လိုက်ပါဦး" လို့ ပြောပြီးတော့ လွှတ်လိုက်တယ်။ ခင်ပွန်းဖြစ်သူက "ငါ့ဇနီးက ငါ့ကိုအင်မတန်ယုယုယယနဲ့ ပြုစုပေးတယ်" လို့ အောက်မေ့လျက် ရေဆိပ်သွားပြီး ခေါင်းကိုငုံ့ကာ ခေါင်းလျှော်ဖို့ပြင်ဆင်နေတုန်း ညီဖြစ်သူက သစ်ပင်ကြားမှ ထွက်လာပြီး ပဲခွပ်နဲ့ခုတ်သတ်လို့ သေသွားရှာတယ်။

သေပြီးတော့ ဇနီးကို တပ်မက်တွယ်တာတဲ့တဏှာကြောင့် အဲဒီအိမ်မှာပဲ (ဓမ္မနီ) ခေါ်တဲ့ လင်းမြွေကြီး ဖြစ်နေတယ်။ အဲဒီမြွေက သူ့ဇနီးအား တပ်မက်တွယ်တာတဲ့အတွက် အဲဒီမိန်းမအပေါ် ပစ်ပစ်ချသတဲ့။ အဲဒီမိန်းမက သူ့ခင်ပွန်းဟောင်းဖြစ်မှာပဲလို့တွေးပြီးတော့ အဲဒီမြွေကို

အသတ်ခိုင်းပြန်တယ်။ မြွေဘဝကသေတော့လည်း အချစ်တဏှာက မပြယ်သေးတဲ့အတွက် အဲဒီအိမ်မှာပဲ ခွေးဖြစ်ရရှာပြန်တယ်။ အဲဒီခွေးက ချစ်တဲ့စိတ်နဲ့ အဲဒီမိန်းမနောက်ကို တကောက်ကောက်လိုက်နေတယ်။ တောထဲသွားလည်း ကောထဲလိုက်တာပဲ။ လူတွေက "ဟော့ ခွေးမုဆိုးမထွက်ပြီ၊ ဘယ်သွားမလဲမသိဘူး" လို့ ပြောင်ကြလှောင်ကြသတဲ့။ ဒါ့ကြောင့် အဲဒီမိန်းမက အဲဒီခွေးကိုလည်း အသတ်ခိုင်းပြန်တယ်။

ခွေးဘဝမှသေတော့လည်း အချစ်တဏှာ မပြယ်သေးတဲ့အတွက် အဲဒီအိမ်မှာပဲ နွားဖြစ်ရရှာပြန်တယ်။ အဲဒီနွားကလေးကလည်း အဲဒီမိန်းမသွားရာနောက်ကို တကောက်ကောက်လိုက်နေတယ်။ အဲဒီလို လိုက်နေတာကို မြင်ရတော့ လူတွေက "ဟော့ နွားကျောင်းသားထွက်ပြီ၊ နွားတွေ ဘယ်စားကျက်မှာကျက်စားကြမလဲမသိ" လို့ ပြောင်ကြ လှောင်ကြပြန်တယ်။ ဒါ့ကြောင့် အဲဒီနွားကိုလည်း အသတ်ခိုင်းပြန်တယ်။ နွားဘဝကသေတော့လည်း ဇနီးဟောင်း အပေါ် ချစ်စိတ်က မပြယ်သေးတော့ ဇနီးဟောင်းရဲ့ ဝမ်းထဲမှာပဲ ပဋိသန္ဓေနေပြီး မွေးဖွားလာတယ်။

အဲဒီ လူ့ဘဝကျတော့မှ ရှေးလေးဘဝတိုင်တိုင်က အဲဒီမိန်းမရဲ့စေခိုင်းချက်ကြောင့် သေခဲ့ရတာတွေကို ပြန်ပြီး အောက်မေ့နိုင်တဲ့ ဇာတိဿရဉာဏ်ကို ရတဲ့အတွက်

"ဩော် . . . ငါဟာ ဒီလိုရန်သူမိန်းမရဲ့ ဝမ်းထဲမှာ ဖြစ်မှ ဖြစ်ရလေခြင်း" လို့ ဆင်ခြင်ပြီး အလွန့်ကို စိတ်မချမ်းမသာ ဖြစ်ရသတဲ့။ ဒါ့ကြောင့် ဒီကလေးက သူ့မိခင်ရဲ့လက်နဲ့ တောင် အထိမခံဘူး။ သား သားဆိုတဲ့ အနေနဲ့ မိခင်က ကိုင်လိုက်လျှင် ကလေးက အပြင်းအထန်ငိုတော့တာပဲတဲ့။ ဒါ့ကြောင့် ဒီသူငယ်ကို အဘိုးကပြုစုစောင့်ရှောက်ခဲ့ရတယ်။ စကားပြောနိုင်တဲ့ အရွယ်ရောက်တော့ သူ့အဘိုးက "ငါ့မြေး မင်းအမေထိတာ ဘာကြောင့်ငိုရသလဲ" လို့မေးတယ်။ ဒီတော့ ကလေးက "ဒီမိန်းမကြီးဟာ ကျွန်တော့်အမေ မဟုတ်ဘူး။ လေးဘဝတိုင်တိုင် ကျွန်တော့်ကိုသတ်ခဲ့တဲ့ ရန်သူမကြီးပဲ" လို့ပြောပြီး အကြောင်းစုံကို အကုန်ပြန်ပြော တယ်။ အဲဒီတော့ အဘိုးက သူ့မြေးငယ်လေးကို ပွေ့ဖက် လျက် ငိုယိုပြီးတော့ "လာပါ ငါ့မြေးရယ် ငါတို့ဒီအရပ်မှာ နေလို့ အကျိုးမရှိပါဘူး" လို့ ပြောပြီး ဒီမြေးငယ်လေးကို ခေါ်ဆောင်ထွက်ပြေးကြတယ်။ ကျောင်းတိုက်တစ်ခုသို့ ရောက်သွားပြီး ရှင်ရဟန်းပြုကြတယ်။ မြေးအဘိုး နှစ်ယောက်လုံး အဲဒီကျောင်းတိုက်မှာနေ၍ တရား အားထုတ်ပြီး ရဟန္တာဖြစ်သွားကြသတဲ့။

ဒါကိုရည်ရွယ်ပြီး "မရီးနှင့် မတ်၊ လင်ကိုသတ်၊ လေးဇာတ်တိုင်အောင်ပင်" လို့ ကဝိလက္ခဏာသတ်ပုံ သံပေါက်မှာ စိန္တကျော်သူ ဦးဩက ပြဆိုခဲ့တယ်။ ဒီဝတ္ထုမှာ

ဖော်ပြလိုရင်းကတော့ တပ်မက်တွယ်တာမှု တဏှာကြောင့် တပ်မက်တွယ်တာတဲ့ ဌာနမှာ ထပ်ကာထပ်ကာဖြစ်ရတယ် ဆိုတာပါပဲ။ ဒါဟာ "ပေါနောဘဝိကာ=တဏှာက ဘဝ သစ်ကို ဖြစ်စေတယ်" ဆိုတာကို ထင်ရှားပြတဲ့ သာဓက ဝတ္ထုပါပဲ။

## ရောက်ရာဘဝ နှစ်သက်ကြ

နောက်တစ်ပုဒ်ကတော့ "နန္ဒီရာဂသဟဂတာ" တဲ့၊ ဒီတဏှာက နှစ်သက်ခြင်း၊ တပ်မက်ခြင်းနှင့်တကွ ဖြစ်တယ်တဲ့။ ချစ်တဲ့နှစ်သက်တဲ့ ယောကျ်ား၊ မိန်းမ လိုချင်တဲ့ဝတ္ထုစတဲ့ အာရုံတွေကို နှစ်သက်တပ်မက်တတ်တယ်။ အဲဒီအာရုံမှာ စွဲပြီးနေတယ်တဲ့။

နောက်တစ်ပုဒ်ကတော့ "တတြတတြာဘိနန္ဒိနီ" တဲ့။ ရောက်ရာရောက်ရာဘဝ၊ ရရာရရာ အာရုံ၌ အလွန် စုံမက်နှစ်သက်နေတတ်တယ်တဲ့။ ဒီတဏှာက ရောက်ရာ ရောက်ရာဘဝမှာ နှစ်သက်ပျော်မွေ့နေတတ်တယ်။ ကောင်းတယ်လို့ထင်တဲ့ ရရာရရာ အာရုံတွေမှာလည်း နှစ်သက်နေတတ်တယ်။ အဲဒီအာရုံနှင့်ပဲပျော်မွေ့နေတတ်တယ်။

လောကမှာ ကိုယ်တွေ့မျက်မြင်ပဲ ဆင်ခြင်ကြည့်စမ်း ပါ။ မွဲတေနေတဲ့ လူတန်းစား၊ အောက်တန်းကျတဲ့ လူတွေ ဟာ အထက်တန်းစားလူတွေအတွက်တော့ ပျော်မွေ့

နှစ်သက်စရာမရှိပေမယ့် ကံမကောင်းအကြောင်းမသင့်လို့ အဲဒီ အခြေအနေရောက်သွားတဲ့ လူတွေကလည်း ကိုယ်ရောက်ရာ ရောက်ရာ အခြေအနေမှာပဲ ပျော်မွေ့နှစ်သက်နေကြတာပဲ။ လူနတ်တွေအနေနဲ့ကြည့်လျှင် တိရစ္ဆာန်ဘဝဟာ ပျော်မွေ့စရာနှစ်သက်စရာမရှိပါဘူး။ ဒါပေမယ့် တိရစ္ဆာန်တွေကလည်း သူတို့ရောက်ရာဘဝမှာ ပျော်မွေ့နေကြ၊ နှစ်သက်နေကြတာပဲ။ မစင်တွင်းထဲက ပိုးလောက်တွေတောင်မှ သူ့ဘဝမှာသူ ပျော်မွေ့နှစ်သက်နေကြတာပဲ။

## သာဓကဝတ္ထု

ဥပရိမိဖုရားကြီးအကြောင်းကိုတော့ ကြားဖူးကြပါလိမ့်မယ်။ ကာသိတိုင်း၊ ပါဋလိမြို့က အဿကဘုရင်ကြီးရဲ့ မိဖုရားကြီး ဥပရိဒေဝီဟာ သေပြီးနောက် နွားချေးပိုးမဖြစ်နေသတဲ့။ ဘုရားအလောင်းတော် ရသေ့ကြီးက အဘိညာဉ်တန်ခိုးဖြင့် အဲဒီပိုးမကို သူ့လင် ပိုးဖိုနှင့်တကွ ဘုရင်ကြီးရှေ့မှောက်ခေါ်ပြီး စကားပြောခိုင်းတယ်။ "ဟဲ့ ပိုးမ . . . နင်ဟာ ရှေးဘဝတုန်းက ဘယ်သူဖြစ်ခဲ့သလဲ"လို့ ရသေ့ကြီးကမေးတော့ "ဥပရိမိဖုရားကြီးဖြစ်ခဲ့ပါတယ်"လို့ ပိုးမကလျှောက်တယ်။ "ယခု အဿကမင်းကြီးနှင့် ပိုးဖို ဘယ်သူ့ကို ပိုချစ်သလဲလို့" မေးတော့ "ရှေးဘဝက အဿက

မင်းကြီးကိုချစ်ခဲ့ပေမယ့် ယခု ဘဝခြားသွားတော့ သူနှင့် ဘာမျှမစပ်ဆိုင်တော့တဲ့အတွက် ယခုချစ်လင်ပိုးဖိုကိုပင် ပိုချစ်ပါတယ်။ အဿကမင်းကြီးရဲ့ လည်ချောင်းသွေးဖြင့် ပိုးဖိုရဲ့ခြေတို့ကို သုတ်လိမ်းပေးချင်လောက်အောင် ပိုချစ်ပါတယ်”လို့ပြောသတဲ့။ အဲဒီလို အလွန်ယုတ်ညံ့တဲ့ နွားချေးပိုး ဘဝမှာတောင် နှစ်သက်ပျော်မွေ့နေတာဟာ ရောက်ရာ ရောက်ရာဘဝမှာ အလွန်နှစ်သက်တပ်မက်တတ်တဲ့ တဏှာ ကြောင့်ပါပဲ။

## တဏှာသုံးပါး

အဲဒီ တပ်မက်ခုံမင် လိုချင်တတ်တဲ့ တဏှာက -

၁။ ကာမဏှာ

၂။ ဘဝတဏှာ

၃။ ဝိဘဝတဏှာ - လို့ သုံးပါးရှိတယ်။

## ကာမတဏှာ

အဲဒီသုံးပါးထဲက ‘ကာမတဏှာ’ဆိုတာ တပ်မက် ခုံမင်လိုချင်စရာဖြစ်တဲ့ ဝတ္ထုအာရုံ ကာမဂုဏ်တွေကို တပ်မက်ခုံမင်လိုချင်တဲ့တဏှာလောဘပါပဲ။ လှပတယ်လို့ ထင်ရတဲ့ အဆင်းရူပါရုံကို မြင်ရလျှင် အဲဒီအဆင်းရူပါရုံကို လိုချင်တော့တာပဲ၊ အဆင်းဆိုပေမယ့် အဆင်းသက်သက်

သာမဟုတ်ဘူး။ အဆင်း၏တည်ရာဖြစ်တဲ့ လှပတဲ့ ယောကျ်ား၊ လှပတဲ့မိန်းမ၊ သူတို့ရဲ့အဝတ်ပုဆိုး၊ ထဘီစတဲ့ အသုံးအဆောင်တွေကိုပါ အကုန်လုံးသိမ်းကျုံးပြီး တပ်မက် ချစ်ခင်လိုချင်တာပဲ။ သာယာချိုမြိန်တဲ့အသံကြားရ၊ မွှေးကြိုင် တဲ့ အနံ့ကိုနံရလျှင်လည်း အသံ၊ အနံ့နှင့်တကွ အသံရှင်၊ အနံ့ရှင်ကိုပါ တပ်မက်ချစ်ခင်လိုချင်တာပဲ။ ကောင်းမွန်တဲ့ အရသာကိုစားရ သောက်ရ လျက်ရလျှင်လည်း အဲဒီအရသာ ကိုရော၊ အရသာ၏တည်ရာထမင်းဟင်းမုန့်စသည်ကိုရော၊ ထမင်းဟင်းမုန့်စသည်ကို ချက်ပြုတ်စီမံပေးတဲ့ပုဂ္ဂိုလ်ကိုရော တပ်မက်ချစ်ခင်လိုချင်တာပဲ။ ကောင်းမွန်တဲ့ အတွေ့ အထိကို တွေ့ထိရလျှင်လည်း အဲဒီအတွေ့အာရုံနှင့်တကွ အတွေ့၏ တည်ရာ ယောကျ်ားမိန်းမစသည်ကိုပါ တပ်မက် ချစ်ခင်လိုချင်တာပဲ။ အဲဒါတွေဟာ ကာမတဏှာတွေပဲ။

## ဘဝတဏှာ

'ဘဝတဏှာ'ဆိုတာ သဿတဒိဋ္ဌိနှင့် ယှဉ်ပြီးဖြစ်တဲ့ တဏှာလို့ အဋ္ဌကထာမှာဖွင့်ပြတယ်။ ဘဝတဏှာဆိုတဲ့ ပုဒ်ထဲမှာ 'ဘဝ'ဆိုတဲ့ပုဒ်က ' ဖြစ်တယ်၊ ရှိတယ် ' လို့ အနက် ထွက်တယ်၊ 'တဏှာ'ဆိုတဲ့ပုဒ်က 'တပ်မက်ခုံမင်လို ချင်တယ်'လို့ အနက်ထွက်တယ်။ ဒါ့ကြောင့် အမြဲဖြစ်တယ်၊ အမြဲရှိတယ်ထင်ပြီး တပ်မက်ခုံမင် လိုချင်မှုလို့ ဆိုလိုတာ

ပါပဲ။ 'သဿတဒိဋ္ဌိ'ဆိုတာ "အတ္တခေါ်တဲ့ အသက်ကောင် ဟာမြဲတယ်။ ဘယ်တော့မှ မပျက်ဘူး။ သတ္တဝါသေသွားလို့ ရုပ်ခန္ဓာ ကိုယ်ဟောင်းကြီးပျက်စီးသွားပေမယ့် အတ္တခေါ်တဲ့ အသက်ကောင်က မပျက်ဘူး။ အခြားခန္ဓာကိုယ်အသစ်ထဲ ပြောင်းပြောင်းပြီး အမြဲတည်နေတယ်လို့ ထင်မှားတဲ့ အယူပါပဲ" အဲဒီ သဿတဒိဋ္ဌိနှင့်ယှဉ်ပြီးဖြစ်တဲ့ တဏှာကို ဘဝတဏှာ ခေါ်တယ်။

## ဝိဘဝတဏှာ

'ဝိဘဝတဏှာ'ဆိုတာ ဥစ္ဆေဒိဋ္ဌိနှင့် ယှဉ်ပြီးဖြစ်တဲ့ တဏှာလို့ အဋ္ဌကထာမှာဖွင့်ပြတယ်။ 'ဝိဘဝ'ဆိုတဲ့ ပုဒ်က 'အဖြစ်ကင်းတယ်၊ အရှိကင်းတယ်၊ ဘဝပြတ်တယ်'လို့ အနက်ထွက်တယ်။ ဒါ့ကြောင့် သေတဲ့အခါ မရှိတော့ဘူး၊ မဖြစ်တော့ဘူး၊ ပြတ်သွားတယ်ထင်ပြီး တပ်မက်ခုံမင် လိုချင်မှုလို့ ဆိုလိုတာပါပဲ။ 'ဥစ္ဆေဒဒိဋ္ဌိ'ဆိုတာ "သတ္တဝါဟာ သေပြီးလျှင် ဘာမျှမရှိတော့ဘူး။ လုံးဝပြတ်စဲသွားတယ်လို့ ထင်မှားတဲ့အယူပါပဲ" အဲဒီ ဥစ္ဆေဒိဋ္ဌိနှင့် ယှဉ်ပြီးဖြစ်တဲ့ တဏှာကို ဝိဘဝတဏှာခေါ်တယ်။

အဲဒီ တဏှာသုံးပါးဟာ ဘဝအသစ်အသစ်ကို ဖြစ်စေတတ်တာချည်းပဲ။ ဒါ့ကြောင့် ရှေ့နား ဒုက္ခသမုဒယ သစ္စာ ဖွင့်ပြတုန်းက ပြဆိုခဲ့တဲ့ ဇာတိအစ ဥပါဒါနက္ခန္ဓာ

အဆုံးရှိတဲ့ ဆင်းရဲဒုက္ခဟူသမျှတို့ ဖြစ်ဖို့ရန် အကြောင်းချည်းပဲ။ ဒါ့ကြောင့် ဒီတဏှာသုံးပါးကို သမုဒယသစ္စာလို့ မြတ်စွာဘုရားဟောတော်မူခဲ့တယ်။

## နိရောဓသစ္စာ

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော ။**

ဘိက္ခဝေ၊ ရဟန်းတို့။ **ဣဒံ ခေါ ပန**၊ ဤမိန့်တော်မူအပ်လတ္တံ့သော တရားသည်ကား။ **ဒုက္ခနိရောဓံ**၊ ဒုက္ခ၏ ချုပ်ရာ ချုပ်ကြောင်းဖြစ်သော။ **အရိယသစ္စံ**၊ အရိယသစ္စာ တည်း။ ဝါ၊ အရိယာတို့ ထိုးထွင်း၍ သိအပ်သော အမှန်တရားတည်း။ **တဿာယေဝ တဏှာယ**၊ ထိုတဏှာ သုံးရပ်၏ပင်လျှင်။ **ယော အသေသဝိရာဂနိရောဓော**၊ အကြွင်းအရဟတ္တမဂ်ဖြင့် အကြွင်းအကျန်မရှိအောင် ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်။ **ယော စာဂေါ**၊ အကြွင်း (တဏှာကို) စွန့်အပ်ရာ နိဗ္ဗာန်သည်။ **ယော ပဋိနိဿဂ္ဂေါ**၊ အကြွင် (တဏှာကို) လွှတ်အပ်ရာ နိဗ္ဗာန်သည်။**ယာမုတ္တိ**၊ အကြွင်တဏှာမှ လွတ်ရာနိဗ္ဗာန်သည်။ **ယော အနာလယော**၊ အကြွင် (တဏှာဖြင့်) ကပ်ငြိခြင်း မရှိရာနိဗ္ဗာန်

သည်။ **အတ္ထိ၊** ရှိ၏။ **ဣဒံ ၊** ဤနိဗ္ဗာန်သည်။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ ချုပ်ရာချုပ်ကြောင်းဖြစ်သော။ **အရိယသစ္စံ၊** အရိယ သစ္စာတည်း။ **ဝါ ၊** အရိယာတို့ ထိုးထွင်း၍ သိအပ်သော အမှန်တရားတည်း။

ဒုက္ခနိရောဓ အရိယသစ္စာဆိုတာ ဖော်ပြခဲ့ပြီးသော တဏှာသုံးရပ်၏ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ရာ ချုပ်ကြောင်းဖြစ်သော နိဗ္ဗာန်ပါပဲတဲ့။ ချုပ်ရာချုပ်ကြောင်း ဆိုတာလည်း သဒ္ဒါနည်းဖြင့် တင်စားပြီးဆိုတာပဲ။ မုချအား ဖြင့်ပြောရရင်တော့ တဏှာချုပ်ငြိမ်းခြင်းပါပဲ။ တဏှာ ချုပ်ငြိမ်းတယ်ဆိုတာ အရိယမဂ်ဉာဏ်တို့၏ အစွမ်းကြောင့် တဏှာဖြစ်ခွင့်မရှိဘဲ ချုပ်ငြိမ်းသွားတာကိုဆိုတာပါပဲ။ တဏှာချုပ်ငြိမ်းသွားတော့ ဘဝအသစ် ရုပ်နာမ်ခန္ဓာတွေ မဖြစ်ပေါ်နိုင်တော့ဘဲ လုံးဝချုပ်ငြိမ်းသွားတယ်။ ဒါ့ကြောင့် တဏှာချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်ကို ဒုက္ခ နိရောဓအရိယသစ္စာလို့ ခေါ်တယ်။ အတိုကောက်ကတော့ နိရောဓသစ္စာလို့ခေါ်ကြတယ်။ အဲဒါကလည်း အရဟတ္တ မဂ်ဖြင့် အကြွင်းမဲ့ချုပ်ငြိမ်းတာလည်း ရှိတယ်။ အဲဒါကတော့ ဥက္ကဋ္ဌနည်း အမြင့်ဆုံး အမြတ်ဆုံးအားဖြင့်ချုပ်ငြိမ်းတာပဲ။ အောက်မဂ်သုံးပါးဖြင့် ချုပ်ငြိမ်းတာလည်းရှိသေးတယ်။ အဲဒါကတော့ ဩမကနည်းအယုတ်အညံ့အားဖြင့် ချုပ်ငြိမ်း

တာဖြစ်တယ်။ ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်မှာ ဝိပဿနာဉာဏ်ဖြင့် အမှန်အတိုင်းသိရတဲ့ အာရုံပေါ်၌ တဏှာဖြစ်ခွင့်မရှိဘဲ ချုပ်ငြိမ်းတာလည်းရှိတယ်။ အဲဒါကိုတော့ တဒင်္ဂနိရောဓခေါ်တယ်။ ဝိပဿနာဉာဏ်တစ်စိတ်ဖြင့် တဏှာတစ်စိတ် ချုပ်ငြိမ်းတယ်လို့ ဆိုလိုတယ်။

ချုပ်ငြိမ်းပုံအကျဉ်းချုပ်ကတော့ ဝိပဿနာရှုနေတဲ့ပုဂ္ဂိုလ်များမှာ မြင်ခိုက်၊ ကြားခိုက်၊ နံခိုက်၊ စားသိခိုက်၊ ထိသိခိုက် စသည်တွေကို မပြတ်ရှုမှတ်ပြီး မမြဲဆင်းရဲ၊ သဘောတရားမျှပဲလို့ သိသွားတယ်။ မျက်စိအဆင်း မြင်သိမှုအစရှိတဲ့ သဘောတရားတွေကို မြဲတယ်၊ ချမ်းသာတယ်၊ အသက်ကောင်ပဲလို့ထင်မှားမှုကင်းသွားတယ်။ အဲဒါဟာ တဒင်္ဂအားဖြင့် အဝိဇ္ဇာကင်းတာပါပဲ။ အဝိဇ္ဇာကင်းသွားလျှင် အဲဒီ မျက်စိ၊ အဆင်း၊ မြင်သိမှု အစရှိတဲ့ သဘောတရားတွေမှာ နှစ်သက်ခုံမင်လိုချင်မှု တဏှာမဖြစ်နိုင်တော့ဘူး။ တဏှာမဖြစ်နိုင်တော့ ဉပါဒါန် ကံသင်္ခါရတွေနှင့် သူတို့ကြောင့် ဖြစ်ရမယ့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ဆင်းရဲဒုက္ခတွေ မဖြစ်တော့ဘဲ ငြိမ်းသွားတယ်။ အဲဒါဟာ ဝိပဿနာဉာဏ်ဖြင့် တဏှာနှင့်တကွဆင်းရဲဒုက္ခတဒင်္ဂအားဖြင့် ငြိမ်းပုံပါပဲ။ ကြားခိုက်၊ နံခိုက်စသည်တို့မှာလည်း ယခုဖော်ပြခဲ့တဲ့နည်းအတူပဲ သိနိုင်ပါပြီ။

အဲဒီလို ဝိပဿနာဉာဏ်ဖြင့် တဒင်္ဂနိရောဓသို့ ဆိုက်ရောက်ပြီးတော့ ဝိပဿနာဉာဏ်ရင့်သန်တဲ့အခါမှာ သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုပြီး အပါယ်လားစေနိုင်တဲ့ ကာမတဏှာနှင့် အပါယ်ဆင်းရဲတွေ၊ ကာမသုဂတိဘုံမှာ ခုနှစ်ဘဝထက်ပိုပြီး ဖြစ်ရမယ့် ဒုက္ခတွေ အကုန်ငြိမ်းသွားတယ်။ သကဒါဂါမိ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတဲ့အခါ ကြမ်းတမ်းတဲ့ ကာမတဏှာနှင့်တကွ ကာမသုဂတိဘုံမှာ နှစ်ဘဝထက်ပိုပြီးဖြစ်ရမယ့် ဆင်းရဲတွေ အကုန်ငြိမ်းသွားတယ်။ အနာဂါမိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရတဲ့အခါ သိမ်မွေ့တဲ့ တဏှာနှင့် ရူပဘုံ၊ အရူပဘုံတို့၌ တစ်ဘဝထက်ပိုပြီး ဖြစ်ရမယ့်ဆင်းရဲတွေ အကုန်ငြိမ်းသွားတယ်။ ဒါတွေဟာလည်း ဩမကအားဖြင့် ဆင်းရဲချုပ်ငြိမ်းတဲ့ဒုက္ခနိရောဓပေါ့ပဲ။ အရဟတ္တမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရတဲ့အခါ ကျတော့ တဏှာအားလုံးနှင့်တကွ ဘဝဆင်းရဲအားလုံး အကုန်ငြိမ်းသွားတယ်။ အဲဒါကတော့ ဥက္ကဋ္ဌနည်းအားဖြင့် ဆင်းရဲဒုက္ခချုပ်ငြိမ်းတာပါပဲ။ ဒါ့ကြောင့် "တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော" စသည်ဖြင့် တဏှာ၏ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်ကို ဒုက္ခနိရောဓအရိယသစ္စာလို့ မြတ်စွာ ဘုရားဟောတော်မူခဲ့ခြင်းဖြစ်ပါတယ်။

အဲဒီစကားတော်ထဲမှာ **နိရောဓော** ၊ တဏှာချုပ်ရာ။ **စာဂေါ** ၊ တဏှာကိုစွန့်အပ်ရာ။ **ပဋိနိဿဂ္ဂေါ** ၊ တဏှာကို လွှတ်အပ်ရာ။ **မုတ္တိ** ၊ တဏှာမှလွတ်ရာ။ **အနာလယော** ၊ တဏှာဖြင့် ကပ်ငြိခြင်းမရှိရာ-လို့ ပရိယာယ်ငါးမျိုးဖြင့် ဟောတော်မူခဲ့တယ်။ ဒါဟာ နိဗ္ဗာန်တစ်ပါးတည်းကိုပင် အမည်ငါးမျိုးဖြင့် ပြတော်မူတာဖြစ်တယ်။ ဘာ့ကြောင့် ဒီလိုဟောရသလဲဆိုတော့ တရားနာပုဂ္ဂိုလ်အားလုံး တစ်ခုမသိ တစ်ခုသိနိုင်ရန် ဝေနေယျတို့၏ အလိုအကြိုက် လိုက်ပြီး ဟောရတာဖြစ်တယ်။

## မဂ္ဂသစ္စာ

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာ ဝါယာမော သမ္မာသတိ သမ္မာသမာဓိ။**

**ဘိက္ခဝေ** ၊ ရဟန်းတို့။ **ဣဒံ ခေါ ပန** ၊ ဤမိန့်တော်မူအပ်လတ္တံ့သော တရားသည်ကား။ **ဒုက္ခနိရောဓဂါမိနီ** ၊ ဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့ ဆိုက်ရောက်တတ်သော။ **ပဋိပဒါ** ၊ အကျင့်ဖြစ်သော။ **အရိယသစ္စံ** ၊ အရိယသစ္စာတည်း။ **ဝါ** ၊

အရိယာတို့ ထိုးထွင်း၍သိအပ်သော အမှန်တရားတည်း။ **အရိယော** ၊ ကိလေသာတို့မှ ဝေးကွာသော။ **ဝါ** ၊ ဖြူစင်သန့်ရှင်းသော။ **အဋ္ဌင်္ဂိကော** ၊ ရှစ်ပါးသောအင်္ဂါရှိသော။ **အယမေဝမဂ္ဂေါ** ၊ ဤမဂ်ပင်တည်း။ **သေယျထိဒံ** ၊ ထိုအရိယအဋ္ဌင်္ဂိကမဂ်ဟူသည်အဘယ်နည်း။ **သမ္မာဒိဋ္ဌိ** ၊ မှန်စွာသိမှုလည်းကောင်း။ **သမ္မာသင်္ကပ္ပေါ** ၊ မှန်စွာကြံစည်မှုလည်းကောင်း။ **သမ္မဝါစာ** ၊ မှန်စွာပြောဆိုမှုလည်းကောင်း။ **သမ္မာကမ္မန္တော** ၊ မှန်စွာပြုလုပ်မှုလည်းကောင်း။ **သမ္မာအာဇီဝေါ** ၊မှန်စွာအသက်မွေးမှုလည်းကောင်း။ **သမ္မာဝါယာမော** ၊ မှန်စွာအားထုတ်မှုလည်းကောင်း။ **သမ္မာသတိ** ၊ မှန်စွာအောက်မေ့မှုလည်းကောင်း။ **သမ္မာသမာဓိ** ၊ မှန်စွာတည်ကြည်မှုလည်းကောင်း။ **ဣဒံ** ၊ ဤသည်ပင်တည်း။

ဒီစကားတော်ကတော့ မဂ္ဂသစ္စာ၏ သရုပ်ကို ဖော်ပြတဲ့ စကားတော်ပါပဲ။ ဒီမဂ္ဂသစ္စာရဲ့ မြတ်စွာဘုရားဟောတဲ့ နာမည်အပြည့်အစုံကတော့ "ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စာ" တဲ့။ ဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့ ဆိုက်ရောက်တတ်သော အကျင့်ဖြစ်သော အရိယာတို့ ထိုးထွင်း၍ သိအပ်သောအမှန်တရားလို့ဆိုတယ်။ ဒီမှာတော့ လွယ်ကူအောင် အဋ္ဌကထာများမှာ အတိုချုံးပြီးပြဆိုတဲ့ "မဂ္ဂသစ္စာ" ဆိုတဲ့

နာမည်ဖြင့်ပဲ ပြဆိုမယ်။ ဒီမဂ္ဂသစ္စာရဲ့ သရုပ်ကတော့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ အစရှိတဲ့ မဂ္ဂင်ရှစ်ပါးပါပဲ။ အဲဒီမဂ္ဂင်ရှစ်ပါးကို ရှေ့နား မဇ္ဈိမပဋိပဒါကို ဖော်ပြတုန်းက ပြည့်စုံအောင် ဖော်ပြခဲ့ပြီးဖြစ်တဲ့အတွက် ဒီနေရာမှာတော့ ထပ်မံပြီးဖော်ပြခြင်းမပြုတော့ဘူး။ စာမျက်နှာ ( ၇၈ ) မှစပြီး (၁၀၁)အထိ ပြန်ပြီး ကြည့်ရှုကြပါ။

## သစ္စာလေးပါး၌ ဉာဏ် (၁၂) ပါးဖြစ်ပုံ

### ဒုက္ခသစ္စာ၌ သစ္စဉာဏ်

" ဣဒံ ဒုက္ခံ အရိယသစ္စံ " န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ဘိက္ခဝေ ၊ ရဟန်းတို့။ ဣဒံ ၊ ဤတရားသည်။ (ဣဒံ ၊ ဇာတိအစ ဥပါဒါနက္ခန္ဓာ အဆုံးရှိသော ဤတရားသည်)။ ဒုက္ခံ ၊ ဒုက္ခအရိယသစ္စာတည်း။ ဝါ ၊ အရိယာတို့ ထိုးထွင်း၍သိအပ်သော ဆင်းရဲအစစ်အမှန်တရားတည်း။ ဣတိ ၊ ဤသို့။ မေ ၊ ငါဘုရား၏။ ဝါ ၊ ငါဘုရားသည်။ ဝါ၊ ငါဘုရားမှာ။ ပုဗ္ဗေ ၊ ရှေး၌။ အနနုဿုတေသု ၊ တဆင့်စကား မကြားအပ်ဘူးကုန်သော။ ဓမ္မေသု ၊ သစ္စာလေးပါး တရားတို့၌။ စက္ခုံ ၊ ဉာဏ်မျက်စိသည်။ ဥဒပါဒိ ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ ၊ သိတတ်သောဉာဏ်သည်။ ဥဒပါဒိ ၊

ထင်ရှားဖြစ်ပြီ။ **ပညာ** ၊ အပြားအားဖြင့် သိတတ်သော ပညာသည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပြီ။ **ဝိဇ္ဇာ** ၊ ထိုးထွင်း၍ သိတတ်သော ဉာဏ်ဝိဇ္ဇာသည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပြီ။ **အာလောကော** ၊ (မောဟအမိုက်မှောင်ကို ပယ်ဖျောက်တတ်သော) ဉာဏ်ရောင်အလင်းသည်။ **ဥဒပါဒိ** ၊ ထင်ရှား ဖြစ်ပြီ။

ဒီစကားတော်ဟာ ဒုက္ခသစ္စာနှင့် စပ်လျဉ်းပြီး သစ္စဉာဏ်ဖြစ်ပုံကိုပြတဲ့ စကားတော်ပါပဲ။ ဣဒံ = ဤတရားသည်ဆိုတာ ရှေ့နားတုန်းက ဟောကြားပြဆိုခဲ့တဲ့ ဇာတိဒုက္ခအစ ဥပါဒါနက္ခန္ဓာ အဆုံးရှိတဲ့သဘောတရားတွေပါပဲ။ အဲဒီ အထဲမှာလည်း ဥပါဒါနက္ခန္ဓာ (၅)ပါးဟာ လိုရင်းပဲ။ အဲဒီ ဥပါဒါနက္ခန္ဓာ (၅)ပါးဆိုတာ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားသိတိုင်း၊ တွေ့သိတိုင်း၊ ကြံသိတိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း၊ သွားတိုင်း၊ ရပ်တိုင်း၊ ထိုင်တိုင်း၊ လျောင်းတိုင်းဖြစ်နေတဲ့ တရားတွေပါပဲ။ အဲဒါတွေကို ပုထုဇဉ်တွေက ဒုက္ခလို့ မထင်ကြဘူး။ ချမ်းသာတယ်၊ ကောင်းတယ်၊ တင့်တယ်တယ် စသည်ဖြင့် ထင်နေကြတယ်။ အဲဒါတွေကို အရိယာတို့ကတော့ ကြောက်စရာ၊ စက်ဆုပ်စရာကောင်းတဲ့ ဆင်းရဲဒုက္ခအနေဖြင့် မြင်ကြတယ်။

မြတ်စွာဘုရားကတော့ အရဟတ္တမဂ်ဉာဏ်ဖြင့် အကောင်းဆုံး၊ အမြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို သိမြင်

တော်မူခဲ့တဲ့အတွက် အဲဒီ ဥပါဒါနက္ခန္ဓာတရားတွေကို ကြောက်စရာ၊ စက်ဆုပ်စရာကောင်းတဲ့ ဆင်းရဲအစစ်အမှန်ပဲလို့ သိမြင်တော်မူတယ်။ အဲဒီလို သိမြင်တာကလည်း သူတပါးထံမှ ကြားဖူးလို့လည်းမဟုတ်ဘူး။ အာဠာရရသေ့၊ ဥဒကရသေ့တို့ထံမှ ရခဲ့တဲ့နည်းဖြင့်သိတာလည်းမဟုတ်ဘူး။ ကိုယ်ပိုင်ဉာဏ်ဖြင့် မဂ္ဂင်ရှစ်ပါးကို ပွားစေပြီး သိတော်မူတာသာ ဖြစ်တယ်။ ဒါ့ကြောင့် "ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ=ရှေးအခါက မကြားဘူးသေးသောတရားတို့၌ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ" စသည်ဖြင့် ဟောကြားတော်မူတယ်။

အဲဒီစကားတော်ထဲမှာ "စက္ခုံ ဥဒပါဒိ=ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ။ ဉာဏံ ဥဒပါဒိ=အသိဉာဏ်ဖြစ်ပေါ်ခဲ့ပြီ။ ပညာ ဥဒပါဒိ=ပညာဖြစ်ပေါ်ခဲ့ပြီ။ ဝိဇ္ဇာဥဒပါဒိ=ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်ခဲ့ပြီ။ အာလောကော ဥဒပါဒိ=အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ"လို့ ပရိယာယ် (၅)မျိုးဖြင့် ဟောတော်မူခဲ့တယ်။ အဲဒါဟာ အသိဉာဏ်တစ်ပါးထဲကိုပင် အမည် (၅)မျိုးဖြင့် ပြတော်မူတာ ဖြစ်တယ်။ ဘာ့ကြောင့် အသိဉာဏ်တစ်ခုထဲကို စက္ခု၊ ဉာဏ၊ ပညာ၊ ဝိဇ္ဇာ၊ အာလောက ဆိုတဲ့အမည် (၅)ခုဖြင့် ဟောတော်မူရသလဲဆိုတော့ အဲဒီအခါတုန်းက တရားနာနေကြတဲ့ ပုဂ္ဂိုလ်အမျိုးမျိုးအား ထင်ရှားသိစေရန် ဟောတော်မူရခြင်းဖြစ်တယ်။ အဲဒါကို ဝေနေယျဇ္ဈာသယလို့

ပြောကြတယ်။ ဝေနေယျတို့ အလိုအကြိုက်လိုက်ပြီး ဟောတော်မူရတယ်လို့ ဆိုရတယ်။

## ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်

**" တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ ။**

**ဘိက္ခဝေ** ၊ ရဟန်းတို့။ **ဒုက္ခံ** ၊ ဒုက္ခဖြစ်သော။ **ဝါ** ၊ စက်ဆုပ်အပ်စွာ အချည်းနှီးသာဖြစ်သော။ **တံ ကြွဒံ အရိယသစ္စံ** ၊ ထိုကဲ့သို့သော ဤအရိယသစ္စာကို။ **ပရိညေယျံ** ၊ ပိုင်းခြား၍ သိသင့်, သိထိုက်၏။ **ဝါ** ၊ ပိုင်းခြား၍ သိရမည်။ **ဣတိ** ၊ ဤသို့။ **မေ** ၊ ငါဘုရား၏။ **ဝါ** ၊ ငါဘုရားသည်။ **ဝါ** ၊ ငါဘုရားမှာ။ **ပုဗ္ဗေ** ၊ ရှေး၌။ **အနနုဿုတေသု** ၊ တဆင့်စကား မကြားအပ်ဘူးကုန်သော။ **ဓမ္မေသု** ၊ သစ္စာလေးပါးတရားတို့၌။ **စက္ခုံ** ၊ ဉာဏ်မျက်စိသည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပြီ။ **ဉာဏံ** ၊ သိတတ်သောဉာဏ်သည်။ **ဥဒပါဒိ**၊ ထင်ရှားဖြစ်ပြီ။ **ပညာ**၊ အပြားအားဖြင့် သိတတ်သော ပညာသည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပြီ။ **ဝိဇ္ဇာ**၊ ထိုးထွင်း၍ သိတတ်သောဉာဏ်ဝိဇ္ဇာသည်။ **ဥဒပါဒိ**၊ ထင်ရှားဖြစ်ပြီ။ **အာလောကော** ၊ (မောဟအမိုက်မှောင်ကို

ပယ်ဖျောက်တတ်သော) ဉာဏ်ရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

ဒီစကားတော်ဟာ ဒုက္ခသစ္စာနှင့်စပ်လျဉ်းပြီး ပြုသင့်၊ ပြုထိုက်တဲ့ ကိစ္စကိုသိသော ကိစ္စဉာဏ်ဖြစ်ပုံကို ပြဆိုတဲ့ စကားတော်ပါပဲ။ အဓိပ္ပါယ်ကတော့ ရှေ့နားတုန်းက ဖော်ပြတော်မူခဲ့တဲ့ ဇာတိအစ ဥပါဒါနက္ခန္ဓာ အဆုံးရှိသော ဒုက္ခသစ္စာတရားတွေဟာ ပိုင်းခြား၍ သိအပ်၊ သိထိုက်သော တရားတွေပဲ (ပိုင်းခြား၍သိရမယ့်တရားတွေပဲ) လို့ ထူးခြားတဲ့ အသိဉာဏ်ဖြစ်ပေါ်လာပြီတဲ့။

အဲဒီ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိအပ်၊ သိသင့်၊ သိထိုက်တဲ့ တရားလို့ မြတ်စွာဘုရား ဟောတော်မူခဲ့တာကို အထူးသတိပြုရမယ်။ "ပရိညေယျ = ပိုင်းခြား၍ သိအပ်၊ သိသင့်၊ သိထိုက်တယ်ဆိုတာ ပိုင်းခြား၍သိရမယ်၊ ပိုင်းခြား၍ သိအောင် ရှုမှတ်ပွားများရမယ်"လို့ ဆိုတာပဲ။ အဲဒီ ဇာတိအစရှိတဲ့ ဒုက္ခသစ္စာတွေထဲမှာ လိုရင်းကတော့ ဥပါဒါနက္ခန္ဓာ (၅)ပါးပဲ။ အဲဒီ ဥပါဒါနက္ခန္ဓာ (၅)ပါးကို အမှန်အတိုင်းသိလျှင် ဒုက္ခသစ္စာတရားအားလုံးကို သိခြင်းကိစ္စပြီးတော့တာပါပဲ။ အဲဒါကို ယုံယုံကြည်ကြည် စွဲစွဲမြဲမြဲ မှတ်သားထားကြရမယ်။ တချို့ပုဂ္ဂိုလ်တွေက ဥပါဒါနက္ခန္ဓာ (၅)ပါးရှုတာကို မှားတယ်။ ( ) သတ္တဝါတွေရဲ့နည်းပဲလို့ မကြားဝံ့ မနာသာ ရိုင်းရိုင်းစိုင်းစိုင်း

ပြောဆိုနေတာကို ကြားသိခဲ့ရဖူးတယ်။ ဒါဟာ ဘုရားဟော ဒေသနာတွေကို မကြည့်ရှုနိုင်၊ မသိနိုင်၊ ကြားဖူးတဲ့ စကားပိုဒ်ကိုလည်း နှိုက်နှိုက်ချွတ်ချွတ်အဓိပ္ပါယ် မယူဆနိုင်လို့ ပြောကြတာပဲ။ သစ္စာလေးပါးဟောတုန်းက "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာ (၅)ပါးတို့ဟာ ဒုက္ခတွေချည်းပဲလို့ ဟောတော်မူခဲ့တယ်။ ဒီကိစ္စဉာဏ်ကိုဟောတဲ့အခါကျတော့ "ဒုက္ခံ အရိယသစ္စံ ပရိညေယျံ" ဒုက္ခအရိယသစ္စာကို ပိုင်းခြား၍သိအပ်၏။ ပိုင်းခြား၍ သိရမယ်။ ပိုင်းခြား၍သိအောင် အားထုတ်ရမယ်လို့ ဒီဓမ္မစကြာသုတ်တော်မှာ မြတ်စွာဘုရား အထင်အရှားဟောထားပါလျက် ဥပါဒါနက္ခန္ဓာ (၅)ပါးကို ဝိပဿနာမရှုကောင်းဘူးလို့ ပြောတဲ့စကားဟာ သာသနာဖျက် အဓမ္မဝါဒသာဖြစ်တယ်။ အဲဒါကို သတိကြပ်ကြပ်ထားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

## ဒုက္ခသစ္စာ၌ ကတဉာဏ်

" တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ "

န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**ဘိက္ခဝေ** ၊ ရဟန်းတို့။ **တံ ဣဒံ အရိယသစ္စံ**၊ ထိုကဲ့သို့သော ဤအရိယသစ္စာကို။ **ပရိညာတံ** ၊ ပိုင်းခြား၍ သိအပ်ပြီ။ (ဝါ ၊ ပိုင်းခြားသိမှုကိစ္စပြီးပြီ)။ **ဣတိ** ၊ ဤသို့။ **မေ** ၊ ငါဘုရား၏။ **ဝါ** ၊ ငါဘုရားသည်။ **ဝါ** ၊ ငါဘုရားမှာ။ **ပုဗ္ဗေ**၊ ရှေး၌။ **အနနုဿုတေသု** ၊ တဆင့်စကား မကြားအပ်ဘူးကုန်သော။ **ဓမ္မေသု** ၊ သစ္စာလေးပါးတရားတို့၌။ **စက္ခု**၊ ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ **ဉာဏံ**၊ အသိဉာဏ်သည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပြီ၊ **ပညာ** ၊ အပြားအားဖြင့်သိတတ်သောပညာသည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပြီ။ **ဝိဇ္ဇာ** ၊ ထိုးထွင်း၍ သိတတ်သော ဉာဏ်ဝိဇ္ဇာသည်။ **ဥဒပါဒိ**၊ ထင်ရှားဖြစ်ပြီ။ **အာလောကော** ၊ (မောဟအမိုက်မှောင်ကို ပယ်ဖျောက်တတ်သော) ဉာဏ်ရောင်အလင်းသည်။ **ဥဒပါဒိ**၊ ထင်ရှားဖြစ်ပြီ။

ဒီစကားတော်ဟာ ဒုက္ခသစ္စာ၌ ကတဉာဏ်ကို ပြတဲ့စကားတော်ပါပဲ။ ကတဉာဏ်ဆိုတာ ပြုသင့်ပြုထိုက်တဲ့ ကိစ္စကို ပြုပြီးပြီလို့သိတဲ့ဉာဏ်ပါပဲ။ ပြဆိုခဲ့ပြီးသော ဒုက္ခသစ္စာကို ပိုင်းခြားသိမှုကိစ္စပြီးပေပြီဟု ငါဘုရားမှာ ရှေးကမကြားဘူးသေးသောတရားတို့၌ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ။ အသိဉာဏ်ဖြစ်ပေါ်ခဲ့ပြီ။ အပြားအားဖြင့် သိတတ်သော ပညာဖြစ်ပေါ်ခဲ့ပြီ။ ထိုးထွင်း၍ သိတတ်သော

ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်ခဲ့ပြီ။ မောဟအမှောင်ကို ပယ်ဖျောက်တတ်သော ဉာဏ်အလင်းရောင်ဖြစ်ပေါ်ခဲ့ပြီတဲ့။

မြတ်စွာဘုရားမှာ အရဟတ္တမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးတဲ့အခါ ဒုက္ခသစ္စာကို ပိုင်းခြားသိမှုအကြွင်းမဲ့အကုန်လုံးပြီးဆုံးသွားခဲ့တယ်။ ဒါ့ကြောင့် "ပရိညာတန္တိ=ပိုင်းခြား၍ သိအပ်ပြီ၊ ပိုင်းခြား၍ သိမှုကိစ္စလုံး၀ ပြီးစီးပြည့်စုံပြီ"လို့ သိတဲ့ ပညာမျက်စိ၊ အသိဉာဏ်၊ ပညာ၊ ဝိဇ္ဇာဉာဏ်အလင်းရောင်ဖြစ်ပေါ်ခဲ့တဲ့အကြောင်း ဝန်ခံပြီးမိန့်တော်မူခဲ့တယ်။ ယခုဖော်ပြခဲ့တာဟာ ဒုက္ခသစ္စာနှင့် စပ်လျဉ်းပြီး သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ဆိုတဲ့ ဉာဏ်သုံးပါး ပြီးစီးသွားပြီ။

မြင်ခိုက်၊ ကြားခိုက် စသည်တို့မှာ ဖြစ်ပျက်နေတဲ့ ဥပါဒါနက္ခန္ဓာ (၅)ပါး နာမ်ရုပ်တရားတွေကို ဆင်းရဲအစစ်အမှန်ပဲလို့ သိတာက သစ္စဉာဏ်၊ အဲဒီ ဒုက္ခသစ္စာတရားတွေကို ရှုမှတ်ပြီး ပိုင်းခြားသိရမယ်လို့ သိတာက ကိစ္စဉာဏ်၊ အဲဒီ ဒုက္ခသစ္စာတရားတွေကို ပိုင်းခြားသိမှုကိစ္စပြီးပြီလို့ ဆင်ခြင်ပြီးသိတာက ကတဉာဏ်လို့ အကျဉ်းချုပ် မှတ်ထားရမယ်။

## သမုဒယသစ္စာ၌ သစ္စဉာဏ်

"ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ဘိက္ခဝေ ၊ ရဟန်းတို့။ ဣဒံ ၊ ဤမိန့်တော်မူအပ်ပြီးသော တဏှာသုံးရပ်သည်။ ဒုက္ခသမုဒယံ ၊ ဒုက္ခ၏ဖြစ်ကြောင်းဖြစ်သော။ အရိယသစ္စံ ၊ အရိယသစ္စာတည်း။ ဝါ ၊ အရိယာတို့ထိုးထွင်း၍ သိအပ်သော အစစ်အမှန် တရားတည်း။ ဣတိ ၊ ဤသို့။ မေ ၊ ငါဘုရား၏။ ဝါ ၊ ငါဘုရားသည်။ ဝါ၊ ငါဘုရားမှာ။ ပုဗ္ဗေ ၊ ရှေး၌။ အနနုဿုတေသု၊ တဆင့်စကားမကြားအပ်ဘူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါးတရားတို့၌။ စက္ခုံ၊ ပညာမျက်စိသည်။ ဥဒပါဒိ ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ၊ အသိဉာဏ်သည်။ ဥဒပါဒိ ၊ ထင်ရှားဖြစ်ပြီ။ ပညာ၊ အပြားအားဖြင့်သိတတ်သောပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊ ထိုးထွင်း၍သိတတ်သောဉာဏ်ဝိဇ္ဇာသည်။ ဥဒပါဒိ ၊ ထင်ရှားဖြစ်ပြီ။ အာလောကော ၊ (မောဟအမိုက်မှောင်ကို ပယ်ဖျောက်တတ်သော)ဉာဏ်ရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

ဒီစကားတော်ဟာ သမုဒယသစ္စာနှင့် စပ်လျဉ်းပြီး သစ္စဉာဏ်ဖြစ်ပုံကို ပြတော်မူတဲ့စကားပါပဲ။ ဟောတော်မူခဲ့

ပြီးတဲ့ တဏှာသုံးရပ်ဟာ ဒုက္ခဖြစ်ကြောင်း သမုဒယ သစ္စာပဲလို့ ငါဘုရားမှာ ရှေးကမကြားဘူးသော တရားတို့၌ ပညာမျက်စိ၊ အသိဉာဏ်၊ ပညာ၊ ဝိဇ္ဇာဉာဏ်၊ အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီလို့ ဆိုလိုတာပါပဲ။ တဏှာသုံးရပ်ကြောင့် ဆင်းရဲ ဒုက္ခ ဖြစ်ရပုံကို ရှေ့နားတုန်းက ဖော်ပြခဲ့ပြီးပါပြီ။ စာမျက်နှာ (၁၃၀)မှ(၁၄၁)အထိ ပြန်ကြည့်ပါ။

## သမုဒယသစ္စာ၌ ကိစ္စဉာဏ်

**“ တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗ ” န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**ဘိက္ခဝေ** ၊ ရဟန်းတို့။ **ဒုက္ခသမုဒယံ** ၊ ဒုက္ခ၏ ဖြစ်ကြောင်းဖြစ်သော။ **တံ ဣဒံ အရိယသစ္စံ** ၊ ထိုကဲ့သို့သော ဤအရိယသစ္စာကို။ **ပဟာတဗ္ဗံ** ၊ ပယ်သင့်, ပယ်ထိုက်၏။ **ဝါ** ၊ ပယ်ရမည်။ **ဣတိ** ၊ ဤသို့။ **မေ** ၊ ငါဘုရား၏။ **ဝါ**၊ ငါဘုရားသည်။ **ဝါ** ၊ ငါဘုရားမှာ။ **ပုဗ္ဗေ** ၊ ရှေး၌။ **အနနုဿုတေသု**၊ တဆင့်စကား မကြားအပ်ဘူးကုန်သော။ **ဓမ္မေသု**၊ သစ္စာလေးပါးတရားတို့၌။ **စက္ခုံ**၊ ပညာမျက်စိသည်။ **ဥဒပါဒိ**၊ ထင်ရှားဖြစ်ပြီ။ **ဉာဏံ** ၊ အသိဉာဏ်သည်။ **ဥဒပါဒိ**၊ ထင်ရှားဖြစ်ပြီ။ **ပညာ**၊ အပြားအားဖြင့် သိတတ်

သောပညာသည်။ **ဥဒပါဒိ**၊ ထင်ရှားဖြစ်ပြီ။ **ဝိဇ္ဇာ**၊ ထိုးထွင်း၍ သိတတ်သော ဉာဏ်ဝိဇ္ဇာသည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပြီ။ **အာလောကော** ၊ (မောဟအမိုက်မှောင်ကို ပယ်ဖျောက်တတ်သော)ဉာဏ်ရောင်အလင်းသည်။ **ဥဒပါဒိ**၊ ထင်ရှားဖြစ်ပြီ။

ဒီစကားတော်ဟာ သမုဒယသစ္စာနှင့် စပ်လျဉ်းပြီး ပြသင့်၊ ပြထိုက်တဲ့ ကိစ္စဉာဏ်ကိုပြတော်မူတဲ့ စကားတော်ပါပဲ။ ဒုက္ခသမုဒယ အရိယသစ္စာဆိုတာ ဆင်းရဲဖြစ်ကြောင်းဖြစ်တဲ့ တဏှာသုံးရပ်ပါပဲ။ အဲဒီတဏှာသုံးရပ်ဟာ ပယ်သင့်, ပယ်ထိုက်တဲ့တရား၊ ပယ်ရမည့်တရားလို့ ငါဘုရားမှာ ရှေးကမကြားဘူးသေးသောတရားတို့၌ ပညာမျက်စိ၊ အသိဉာဏ်၊ ပညာ၊ ဝိဇ္ဇာဉာဏ်၊ အလင်းရောင်ဖြစ်ပြီလို့ ဆိုလိုပါတယ်။ သမုဒယသစ္စာဖြစ်တဲ့တဏှာကို ပယ်ပုံကို အနည်းငယ် ရှင်းပြဦးမယ်။

အဲဒီတဏှာဟာ -

(၁) ဝီတိက္ကမကိလေသာ

(၂) ပရိယုဋ္ဌာနကိလေသာ

(၃) အနုသယကိလေသာ - လို့ သုံးမျိုးရှိတယ်။

ကာယကံမြောက်၊ ဝစီကံမြောက်ဖြစ်ပေါ်တဲ့ တဏှာကို 'ဝီတိက္ကမကိလေသာ'ခေါ်တယ်။ စိတ်ကူးသက်သက်ဖြင့် သာယာနှစ်သက် တပ်မက်လိုချင်နေတဲ့ တဏှာကို 'ပရိယုဋ္ဌာနကိလေသာ'ခေါ်တယ်။ တကယ်မဖြစ်

သေးပေမယ့် အကြောင်းညီညွတ်တဲ့အခါ ဖြစ်နိုင်တဲ့ အကိန်းမာတ်တဏှာကို 'အနုသယကိလေသာ'ခေါ်တယ်။

အဲဒီသုံးမျိုးထဲက ကာယကံမြောက်၊ ဝစီကံမြောက် ကျူးလွန်တဲ့ ဝီတိက္ကမတဏှာကို သီလဖြင့်ပယ်ရတယ်။ သီလလုံခြုံနေရင် အဲဒီ ဝီတိက္ကမတဏှာ မဖြစ်နိုင်တော့ဘူး။

ပရိယုဋ္ဌာနတဏှာကိုတော့ သမာဓိဖြင့်ပယ်ရတယ်။ အာနာပါနအစရှိသော သမထကမ္မဋ္ဌာန်းတစ်ခုခုကို အမြဲမပြတ် နှလုံးသွင်းနေရင် အဲဒီနှလုံးသွင်းနေတဲ့အခိုက်မှာ ကာမဂုဏ်အာရုံတွေကို တပ်မက်လိုချင်တဲ့ကြံစည်မှု မဖြစ်နိုင်တော့ဘဲ ကင်းငြိမ်းနေတယ်။ ဒါဟာ သမာဓိဖြင့် ပရိယုဋ္ဌာနကိလေသာကို ပယ်တာပါပဲ။

အနုသယကိလေသာကတော့ -

(၁) အာရုံမှာကိန်းတဲ့ အာရမ္မဏာနုသယ ကိလေသာကတစ်မျိုး

(၂) သန္တာန်မှာကိန်းတဲ့ သန္တာနာနုသယ ကိလေသာကတစ်မျိုး - အဲဒီလိုနှစ်မျိုး

ရှိတယ်။ မြင်မှု၊ ကြားမှု စသည်တွေ အထင်အရှား ဖြစ်နေပါလျက် မြင်ခိုက်၊ ကြားခိုက် စသည်တို့မှာ မရှုမှတ်မိလို့ မမြဲဆင်းရဲသဘောပဲလို့ အမှန်မသိရတဲ့ အာရုံတွေမှာ ပြန်စဉ်းစားတဲ့အခါ ဖြစ်နိုင်ခွင့်ရှိတဲ့ ကိလေသာကို

'အာရမ္မဏာနုသယကိလေသာ'ခေါ်တယ်။ အဲဒီ အာရမ္မဏာနုသယကိလေသာကို ဝိပဿနာပညာဖြင့် ပယ်ရတယ်။ မြင်ခိုက်၊ ကြားခိုက် စသည်တို့မှာ ဖြစ်ပေါ်နေတဲ့ ဥပါဒါနက္ခန္ဓာ (၅)ပါးကို ရှုမှတ်ပြီးတော့ မမြဲဆင်းရဲသဘောပဲလို့ ရှုမိတဲ့အာရုံမှာ အာရမ္မဏာနုသယကိလေသာ မဖြစ်နိုင်တော့ဘူး။ အဲဒါဟာ အာရမ္မဏာနုသယကိလေသာကို ဝိပဿနာပညာဖြင့် ပယ်တာပါပဲ။ မရှုမိတဲ့ အာရုံတွေမှာတော့ မပယ်နိုင်ဘူး။

သန္တာန်မှာကိန်းတဲ့ အနုသယကိလေသာကိုတော့ အရိယမဂ်ဖြင့်ပယ်ရတယ်။ အဲဒီလို သန္တာနာနုသယကိလေသာကို ပယ်နိုင်အောင်လို့ ဝိပဿနာဘာဝနာကို ပွားများစေကြရတာပဲ။ ဝိပဿနာဘာဝနာကို ပွားများလို့ အရိယမဂ်ပညာဖြစ်လာတဲ့အခါ အဲဒီဆိုင်ရာဆိုင်ရာ အနုသယကိလေသာတွေကို အကြွင်းမရှိအောင် ပယ်နိုင်တယ်။ မြတ်စွာဘုရားမှာတော့ ဒီကိစ္စဉာဏ်ဟာ ဘယ်သူ့ထံကမှ မကြားရဘူးသေးပဲနဲ့ ဖြစ်ပေါ်ခဲ့တယ်။ ဒါ့ကြောင့် "ထိုသို့သော ဤဒုက္ခသမုဒယအရိယသစ္စာကို ပယ်သင့်, ပယ်ထိုက်တဲ့တရား၊ ပယ်ရမည့်တရားဟူ၍ ရှေးကမကြားဘူးသေးသောတရားတို့၌ ငါ့မှာ ပညာမျက်စိဖြစ်ပေါ်ခဲ့ပြီ" စသည်ဖြင့် ဝန်ခံမိန့်ကြားတော်မူပါတယ်။

## သမုဒယသစ္စာ၌ ကတဉာဏ်

" တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီန " န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ဘိက္ခဝေ ၊ ရဟန်းတို့။ ဒုက္ခ သမုဒယံ ၊ ဒုက္ခ၏ ဖြစ်ကြောင်းဖြစ်သော။ တံ က္ခဒံ အရိယသစ္စံ ၊ ထိုကဲ့သို့သော ဤအရိယသစ္စာကို။ ပဟီနံ ၊ ပယ်အပ်ပြီ။ ဝါ ၊ ပယ်ပြီးပြီ။ က္ခတိ ၊ ဤသို့။ မေ ၊ ငါဘုရား၏။ ဝါ ၊ ငါဘုရားသည်။ ဝါ ၊ ငါဘုရားမှာ။ ပုဗ္ဗေ ၊ ရှေး၌။ အနနုဿုတေသု၊ တဆင့်စကားမကြားအပ်ဘူးကုန်သော။ ဓမ္မေသု ၊ သစ္စာလေးပါးတရားတို့၌။ စက္ခုံ ၊ ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ ၊ အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ပညာ ၊ အပြားအားဖြင့် သိတတ်သောပညာသည်။ ဥဒပါဒိ ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ ၊ ထိုးထွင်း၍ သိတတ်သော ဉာဏ်ဝိဇ္ဇာသည်။ ဥဒပါဒိ ၊ ထင်ရှားဖြစ်ပြီ။ အာလောကော ၊ (မောဟအမိုက်မှောင်ကို ပယ်ဖျောက်တတ်သော) ဉာဏ်ရောင်အလင်းသည်။ ဥဒပါဒိ ၊ ထင်ရှားဖြစ်ပြီ။

ဒီစကားတော်ကတော့ ပယ်သင့်၊ ပယ်ထိုက်တဲ့ သမုဒယသစ္စာဆိုတဲ့ တဏှာကို ပယ်ပြီးပြီ (ပယ်ခြင်းကိစ္စ

ပြီးစီးပြီ) လို့ ဝန်ခံမိန့်ကြားတော်မူခဲ့တဲ့စကားတော်ပါပဲ။ ပြုသင့်၊ ပြုထိုက်တဲ့ကိစ္စကို ပြုပြီးပြီလို့ သိတဲ့ဉာဏ်ကို ကတဉာဏ်လို့ခေါ်တယ်။ ဒီကတဉာဏ်ကတည်း အလွန်အရေးကြီးတယ်။ ဝိပဿနာတရားအားထုတ်ကြတယ်ဆိုတာ ဒီတဏှာနှင့် တကွ ကိလေသာတွေကိုပယ်နိုင်အောင် အားထုတ်ကြရတာပဲ။ တရားထူးရတယ်၊ တရားပေါက်တယ်၊ ကိစ္စပြီးတယ်ဆိုတာ ဒီတဏှာနှင့်တကွ ကိလေသာတွေကင်းသွားမှသာ တကယ်တရားထူးရကြောင်း စိတ်ချရမယ်။ တဏှာမကင်းသေးရင်တော့ ဘာတရားထူးမှ မရသေးဘူးလို့သာ မှတ်ကြရမယ်။ ယခု သမုဒယသစ္စာနှင့် စပ်လျဉ်းပြီး သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် ဆိုတဲ့ ဉာဏ်သုံးပါးလုံး ပြီးသွားပါပြီ။

## နိရောဓသစ္စာ၌ သစ္စဉာဏ်

"ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ဘိက္ခဝေ ၊ ရဟန်းတို့။ ဣဒံ ၊ ဤတရားသဘောသည်။ ဒုက္ခနိရောဓံ ၊ ဒုက္ခချုပ်ရာ ချုပ်ကြောင်းဖြစ်သော။ အရိယသစ္စံ ၊ အရိယသစ္စာတည်း။ ဝါ ၊ အရိယာတို့

ထိုးထွင်း၍ သိအပ်သောအမှန်တရားတည်း။ **ဣတိ** ၊ ဤသို့။ **မေ** ၊ ငါဘုရား၏။ **ဝါ** ၊ ငါဘုရားသည်။ **ဝါ** ၊ ငါဘုရားမှာ။ **ပုဗ္ဗေ** ၊ ရှေး၌။ **အနနုဿုတေသု** ၊ တဆင့်စကား မကြားအပ်ဘူးကုန်သော။ **ဓမ္မေသု** ၊ သစ္စာလေးပါးတရားတို့၌။ **စက္ခု** ၊ ပညာမျက်စိသည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပြီ။ **ဉာဏံ** ၊ အသိဉာဏ်သည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပြီ၊ **ပညာ**၊ အပြားအားဖြင့် သိတတ်သောပညာသည်။ **ဥဒပါဒိ**၊ ထင်ရှားဖြစ်ပြီ။ **ဝိဇ္ဇာ**၊ ထိုးထွင်း၍ သိတတ်သော ဉာဏ်ဝိဇ္ဇာသည်။ **ဥဒပါဒိ**၊ ထင်ရှားဖြစ်ပြီ။ **အာလောကော**၊ (မောဟအမိုက်မှောင်ကို ပယ်ဖျောက်တတ်သော)ဉာဏ်ရောင်အလင်းသည်။ **ဥဒပါဒိ**၊ ထင်ရှားဖြစ်ပြီ။

မြတ်စွာဘုရားရဲ့ ဒီစကားတော်ကတော့ နိရောဓသစ္စာနှင့် စပ်လျဉ်းပြီး သစ္စဉာဏ်ဖြစ်ပုံကို ပြတော်မူတဲ့ စကားတော်ဖြစ်ပါတယ်။ "ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စံ" ဆိုတာကတော့ "သမုဒယသစ္စာဖြစ်တဲ့ တဏှာအကြွင်းမဲ့ ချုပ်ခြင်း၊ (ဝါ) တဏှာအကြွင်းမဲ့ချုပ်ရာချုပ်ကြောင်းဖြစ်သော နိဗ္ဗာန်"လို့ ရှေ့နားတုန်းက ဖော်ပြခဲ့တဲ့ တရားသဘောကို ဆိုတာပါပဲ။ တဏှာချုပ်ငြိမ်းလို့ ရုပ်၊ နာမ်၊ သင်္ခါရ ဆင်းရဲ အားလုံးချုပ်ငြိမ်းတဲ့ အငြိမ်းဓာတ်သဘောကို နိရောဓသစ္စာပဲလို့ သိတဲ့ သစ္စဉာဏ်ဖြစ်ပေါ်ခဲ့ပြီ။ ဒီလိုဖြစ်ပေါ်ခဲ့တာလည်း သူတပါးထံမှ တဆင့်ကြားပြီးဖြစ်တာ မဟုတ်ဘူး။ ကိုယ်တိုင်

သိပြီးဖြစ်ခဲ့တယ်။ ဒါ့ကြောင့် "ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု=ရှေးကမကြားဘူးသေးသောတရားတို့၌ ငါဘုရားမှာ ပညာမျက်စိဖြစ်ပေါ်ခဲ့ပြီ" စသည်ဖြင့်ဝန်ခံပြီး မိန့်ကြားတော်မူပါတယ်။

## နိရောဓသစ္စာ၌ ကိစ္စဉာဏ်

" တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ " န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ဘိက္ခဝေ ၊ ရဟန်းတို့။ ဒုက္ခနိရောဓံ ၊ ဒုက္ခချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်းဖြစ်သော။ တံ ဣဒံ အရိယသစ္စံ၊ ထိုကဲ့သို့သော ဤအရိယသစ္စာကို။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြုသင့်, မျက်မှောက်ပြုထိုက်၏။ ဣတိ ၊ ဤသို့။ မေ၊ ငါဘုရား၏။ ဝါ ၊ ငါဘုရားသည်။ ဝါ ၊ ငါဘုရားမှာ။ ပုဗ္ဗေ၊ ရှေး၌။ အနနုဿုတေသု၊ တဆင့်စကားမကြားအပ်ဘူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါးတရားတို့၌။ စက္ခုံ ၊ ပညာမျက်စိသည်။ ဥဒပါဒိ ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ ၊ အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ပညာ၊ အပြားအားဖြင့် သိတတ်သောပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ ၊ ထိုးထွင်း၍ သိတတ်သော ဉာဏ်ဝိဇ္ဇာသည်။

ဥဒပါဒိ ၊ ထင်ရှားဖြစ်ပြီ။ အာလောကော ၊ (မောဟ အမိုက်မှောင်ကို ပယ်ဖျောက်တတ်သော) ဉာဏ်ရောင် အလင်းသည်။ ဥဒပါဒိ ၊ ထင်ရှားဖြစ်ပြီ။

ဒီစကားတော်ကတော့ တဏှာချုပ်ငြိမ်းတဲ့ နိဗ္ဗာန်လို့ ဆိုတဲ့ နိရောဓသစ္စာဟာ အရိယမဂ်ဖြင့် မျက်မှောက် ပြုသင့်၊ ပြုထိုက်တဲ့ တရားပဲလို့ ကိစ္စဉာဏ်ဖြစ်ပေါ်ပုံကို ပြတော်မူတဲ့ စကားတော်ပါပဲ။ ဒီစကားတော်ကတော့ ပေါ်လွင်ထင်ရှား တဲ့ စကားတော်ဖြစ်လို့ အကျယ်ချဲ့မပြတော့ပါဘူး။

## နိရောဓသစ္စာ၌ ကတဉာဏ်

**" တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ " န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**ဘိက္ခဝေ** ၊ ရဟန်းတို့။ **ဒုက္ခနိရောဓံ** ၊ ဒုက္ခ ချုပ်ငြိမ်းရာချုပ်ငြိမ်းကြောင်းဖြစ်သော။ **တံ ခေါ ဣဒံ အရိယသစ္စံ** ၊ ထိုကဲ့သို့သော ဤအရိယသစ္စာကို။ **သစ္ဆိကတံ**၊ မျက်မှောက်ပြုအပ်ပြီ။ **ဝါ**၊ မျက်မှောက် ပြုပြီးပြီ။ **ဣတိ**၊ ဤသို့။ **မေ** ၊ ငါဘုရား၏။ **ဝါ** ၊ ငါဘုရား သည်။ **ဝါ**၊ ငါဘုရားမှာ၊ **ပုဗ္ဗေ** ၊ ရှေး၌။ **အနနုဿုတေသု** ၊ တဆင့်စကား မကြားအပ်ဘူးကုန်သော။ **ဓမ္မေသု**၊ သစ္စာ

လေးပါးတရားတို့၌။ **စက္ခု၊** ပညာမျက်စိသည်။ **ဥဒပါဒိ၊** ထင်ရှားဖြစ်ပြီ။ **ဉာဏံ၊** အသိဉာဏ်သည်။ **ဥဒပါဒိ၊** ထင်ရှား ဖြစ်ပြီ။ **ပညာ ၊** အပြားအားဖြင့် သိတတ်သောပညာသည်။ **ဥဒပါဒိ ၊** ထင်ရှားဖြစ်ပြီ။ **ဝိဇ္ဇာ ၊** ထိုးထွင်း၍ သိတတ်သော ဉာဏ်ဝိဇ္ဇာသည်။ **ဥဒပါဒိ၊** ထင်ရှားဖြစ်ပြီ။ **အာလောကော ၊** (မောဟအမိုက်မှောင်ကို ပယ်ဖျောက်တတ်သော) ဉာဏ် ရောင်အလင်းသည်။ **ဥဒပါဒိ ၊** ထင်ရှားဖြစ်ပြီ။

ဒီစကားတော်ကတော့ နိရောဓသစ္စာကို အရဟတ္တ မဂ်၊ အရဟတ္တဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုပြီးပြီလို့ ကတဉာဏ်ဖြစ်ပုံကို မိန့်ကြားတော်မူတဲ့ စကားတော်ပါပဲ။ ဒါကလည်း ပေါ်လွင်ထင်ရှားနေပါပြီ အကျယ်ရှင်းလင်းရန် မလိုတော့ပါဘူး။ နိရောဓသစ္စာနှင့် စပ်လျဉ်းပြီး ဟောပြ တော်မူခဲ့တဲ့ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်သုံးပါး ပြည့်စုံသွားပါပြီ။

## မဂ္ဂသစ္စာ၌ သစ္စဉာဏ်

" ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**ဘိက္ခဝေ** ၊ ရဟန်းတို့။ **ဣဒံ** ၊ ဤမဂ္ဂင်ရှစ်ပါးတရား သဘောသည်။ **ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ** ၊ ဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့ ဆိုက်ရောက်တတ်သော အကျင့်ဖြစ်သော။ **ဝါ** ၊ ဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့ ဆိုက်ရောက်ကြောင်းအကျင့်ဖြစ် သော။ **အရိယသစ္စံ** ၊ အရိယသစ္စာတည်း။ **ဝါ** ၊ အရိယာတို့ ထိုးထွင်း၍သိအပ်သော အမှန်တရားတည်း။ **ဣတိ** ၊ ဤသို့။ **မေ** ၊ ငါဘုရား၏။ **ဝါ** ၊ ငါဘုရားသည်။ **ဝါ** ၊ ငါဘုရားမှာ။ **ပုဗ္ဗေ** ၊ ရှေး၌။ **အနနုဿုတေသု** ၊ တဆင့်စကား မကြား အပ်ဘူးကုန်သော။ **ဓမ္မေသု** ၊ သစ္စာလေးပါးတရားတို့၌။ **စက္ခု** ၊ ပညာမျက်စိသည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပေါ်ခဲ့ပြီ။ **ဉာဏံ** ၊ အသိဉာဏ်သည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပေါ်ခဲ့ပြီ။ **ပညာ** ၊ အပြားအားဖြင့် သိတတ်သောပညာသည်။ **ဥဒပါဒိ**၊ ထင်ရှားဖြစ်ပေါ်ခဲ့ပြီ။ **ဝိဇ္ဇာ**၊ ထိုးထွင်း၍ သိတတ်သော ဉာဏ် ဝိဇ္ဇာသည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပေါ်ခဲ့ပြီ။ **အာလောကော**၊ (မောဟအမိုက်မှောင်ကို ပယ်ဖျောက်တတ်သော) ဉာဏ်ရောင်အလင်းသည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပေါ်ခဲ့ပြီ။

ဒီသစ္စာရဲ့အမည်ကတော့ 'ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာ'တဲ့။ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်တည်းဟူသော အငြိမ်းဓာတ်သို့ ဆိုက်ရောက်တတ်တဲ့ အကျင့်ဖြစ်သော အရိယသစ္စာလို့ဆိုလိုပါတယ်။ အဋ္ဌကထာများမှာတော့

မဂ္ဂသစ္စာလို့ အတိုချုပ်အမည်နဲ့ ပြဆိုထားတယ်။ ဒီမှာလည်း ငယ်ရွယ်သူ အမျိုးသား၊ အမျိုးသမီးလေးများ သိလွယ်၊ မှတ်လွယ်အောင် အတိုချုပ်အမည်နဲ့ပဲဖော်ပြမယ်။ ဒီစကားတော်ဟာ မဂ္ဂသစ္စာနှင့် စပ်လျဉ်းပြီး သစ္စဉာဏ်ဖြစ်ပုံကို ပြတော်မူတဲ့စကားတော်ပါပဲ။ မဂ္ဂင်ရှစ်ပါးကို "ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ ဆိုက်ရောက်တတ်တဲ့ (ဝါ) ဆိုက်ရောက်ကြောင်း အကျင့်လမ်းဖြစ်တဲ့ အရိယသစ္စာပဲ"လို့ သိတာကို သစ္စဉာဏ် ခေါ်တယ်။ အတိုကောက်ကတော့ အရိယမဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာလို့ သိတဲ့ဉာဏ်ပါပဲ။ မြတ်စွာဘုရားမှာ ဒီမဂ္ဂင်ရှစ်ပါး ကို မဂ္ဂသစ္စာပဲလို့ သိတော်မူခဲ့ပါတယ်။ ဒါ့ကြောင့် "ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု=ရှေးကမကြားဘူးသေးသော တရားတို့၌ ပညာမျက်စိအသိဉာဏ်ဖြစ်ပေါ်ခဲ့ပြီ" စသည်ဖြင့် မိန့်ကြားတော်မူပါတယ်။

## မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်

**" တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ " န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**ဘိက္ခဝေ** ၊ ရဟန်းတို့။ **ဒုက္ခနိရောဓဂါမိနီပဋိပဒါ**၊ ဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့ ဆိုက်ရောက်ကြောင်း အကျင့်လမ်းစဉ်ဖြစ်သော။ **တံ ကြွ ခေါ အရိယသစ္စံ** ၊ ထိုကဲ့သို့သော ဤအရိယသစ္စာကို။ **ဘာဝေတဗ္ဗံ** ၊ မိမိသန္တာန်၌ ဖြစ်ပွားစေသင့်, ဖြစ်ပွားစေထိုက်၏။ **ဣတိ** ၊ ဤသို့။ **မေ** ၊ ငါဘုရား၏။ **ဝါ** ၊ ငါဘုရားသည်။ **ဝါ** ၊ ငါဘုရားမှာ။ **ပုဗ္ဗေ** ၊ ရှေး၌။ **အနနုဿုတေသု**၊ တဆင့်စကား မကြားအပ်ဘူးကုန်သော။ **ဓမ္မေသု** ၊ သစ္စာလေးပါးတရားတို့၌။ **စက္ခု** ၊ ပညာမျက်စိသည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပေါ်ခဲ့ပြီ။ **ဉာဏံ** ၊ အသိဉာဏ်သည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပေါ်ခဲ့ပြီ။ **ပညာ** ၊ အပြားအားဖြင့် သိတတ်သောပညာသည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပေါ်ခဲ့ပြီ။ **ဝိဇ္ဇာ**၊ ထိုးထွင်း၍ သိတတ်သော ဉာဏ်ဝိဇ္ဇာသည်။ **ဥဒပါဒိ**၊ ထင်ရှားဖြစ်ပေါ်ခဲ့ပြီ။ **အာလောကော**၊ (မောဟအမိုက်မှောင်ကို ပယ်ဖျောက်တတ်သော) ဉာဏ်ရောင်အလင်းသည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပေါ်ခဲ့ပြီ။

ဒီစကားတော်ဟာ မဂ္ဂသစ္စာနှင့်စပ်လျဉ်းပြီး ကိစ္စဉာဏ်ကို ပြတော်မူတဲ့ စကားတော်ပါပဲ။ မဂ္ဂသစ္စာနှင့်စပ်လျဉ်းပြီး သိသင့်၊ သိထိုက်တဲ့ကိစ္စကို သိတဲ့ဉာဏ်ကို ကိစ္စဉာဏ်ခေါ်တယ်။ ဒီမဂ္ဂသစ္စာကို မိမိသန္တာန်မှာ ဖြစ်ပွားစေရတဲ့တရားလို့ ကိုယ်တော်တိုင် သိတော်မူခဲ့တယ်။

ဒါ့ကြောင့်“ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု=ရှေး၌ မကြားဘူးသေးသောတရားတို့၌ ပညာမျက်စိအသိဉာဏ်ဖြစ်ပေါ်ခဲ့ပြီ” စသည်ဖြင့် မိန့်တော်မူပါတယ်။ အဲဒီ မဂ္ဂသစ္စာကို မိမိသန္တာန်၌ ဖြစ်ပွားစေပုံကို ရှေ့နားတုန်းက အကျယ်ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ စာမျက်နှာ (၉၄)မှ(၁၀၁)အထိ ပြန်ကြည့်ပါ။

ဒီမဂ္ဂသစ္စာကို ဖြစ်ပွားစေရတဲ့ကိစ္စဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ လွန်စွာအရေးကြီးတဲ့တရားပဲလို့ အထူးသတိထားပြီး မှတ်သားကြရမယ်။

## မဂ္ဂသစ္စာ၌ ကတဉာဏ်

**“ တံခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ ” န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

ဘိက္ခဝေ ၊ ရဟန်းတို့။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ဆိုက်ရောက်ကြောင်း အကျင့်လမ်းစဉ်ဖြစ်သော။ တံ ဣဒံ အရိယသစ္စံ၊ ထိုကဲ့သို့သော ဤအရိယသစ္စာကို။ ဘာဝိတံ၊ မိမိသန္တာန်၌ ဖြစ်ပွားစေအပ်ခဲ့ပြီ။ (မိမိသန္တာန်၌ ဖြစ်ပွားစေမှုကိစ္စပြီးပြီ)။ ဣတိ၊ ဤသို့။ မေ ၊ ငါဘုရား၏။ ဝါ ၊ ငါဘုရားသည်။ ဝါ ၊ ငါဘုရားမှာ။ ပုဗ္ဗေ ၊ ရှေး၌။ အနနုဿုတေသု ၊ တဆင့်စကား

မကြားအပ်ဘူးကုန်သော။ **ဓမ္မေသု** ၊ သစ္စာလေးပါးတရားတို့၌။ **စက္ခု** ၊ ပညာမျက်စိသည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပေါ်ခဲ့ပြီ။ **ဉာဏံ** ၊ အသိဉာဏ်သည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပေါ်ခဲ့ပြီ။ **ပညာ** ၊ အပြားအားဖြင့် သိတတ်သောပညာသည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပေါ်ခဲ့ပြီ။ **ဝိဇ္ဇာ** ၊ ထိုးထွင်း၍ သိတတ်သော ဉာဏ်ဝိဇ္ဇာသည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပေါ်ခဲ့ပြီ။ **အာလောကော** ၊ (မောဟအမိုက်မှောင်ကို ပယ်ဖျောက်တတ်သော) ဉာဏ်ရောင်အလင်းသည်။ **ဥဒပါဒိ** ၊ ထင်ရှားဖြစ်ပေါ်ခဲ့ပြီ။

ဒီစကားတော်ကတော့ မဂ္ဂသစ္စာနှင့်စပ်လျဉ်းပြီး ကတဉာဏ်ကို ပြတော်မူတဲ့စကားတော်ပါပဲ။ ဖြစ်ပွားစေသင့်၊ ဖြစ်ပွားစေထိုက်တဲ့ မဂ္ဂသစ္စာကို ငါဘုရားမှာ ဖြစ်ပွားစေပြီးပြီလို့ သိတဲ့ ကတဉာဏ်ဖြစ်ပုံကို မိန့်ကြားတော်မူတာပါပဲ။ သစ္စာလေးပါးနှင့် စပ်လျဉ်းပြီး သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ဆိုတဲ့ ဉာဏ်သုံးပါးလေးလီ တစ်ဆယ့်နှစ်ပါးလုံး ပြည့်စုံသွားပါပြီ။ ဒီဉာဏ်သုံးပါး လေးလီကို အလွယ်တကူ သိမှတ်ရအောင် ဆောင်ပုဒ်စီပြီး အကျဉ်းချုပ်အားဖြင့် ထပ်မံရှင်းပြဦးမယ်။

**ဒုက္ခ, သမုဒယ, နိရောဓနှင့် မဂ္ဂသစ္စာ၊**
**၎င်းလေးဖြာ၊ သိတာသစ္စဉာဏ်။**

"ဒါက ဒုက္ခသစ္စာပဲ၊ ဒါက သမုဒယသစ္စာပဲ၊ ဒါက နိရောဓသစ္စာပဲ၊ ဒါက မဂ္ဂသစ္စာပဲလို့ သစ္စာလေးပါးကို သိတာကို သစ္စဉာဏ်"လို့ ခေါ်တယ်။

**သိရ, ပယ်ရ, ဆိုက်, ပွားရ, သိကကိစ္စဉာဏ်။**

"ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသင့်သည် (ပိုင်းခြားသိရမည်)။ သမုဒယသစ္စာကို ပယ်သင့်သည် (ပယ်ရမည်)။ နိရောဓသစ္စာကို မျက်မှောက်ပြုလျက် ဆိုက်ရောက်သင့်သည် (မျက်မှောက်ပြုလျက်ဆိုက်ရောက်ရမည်)။ မဂ္ဂသစ္စာကို မိမိသန္တာန်၌ ဖြစ်ပွားစေသင့်သည် (ဖြစ်ပွားစေရမည်)လို့ သစ္စာလေးပါးနှင့် စပ်လျဉ်းပြီး ပြုသင့်၊ ပြုရမည့်ကိစ္စကိုသိတာကို ကိစ္စဉာဏ်"လို့ခေါ်တယ်။

**သိ, ပယ်, ဆိုက်, ပွား၊ ပြီးစီးသွား၊**
**သိပြား ကတဉာဏ်။**

"ဒုက္ခသစ္စာကို ပိုင်းခြား၍သိပြီးပြီ။ သမုဒယသစ္စာကို ပယ်ပြီးပြီ။ နိရောဓသစ္စာကို မျက်မှောက်ပြုလျက် ဆိုက်ရောက်ပြီးပြီ။ မဂ္ဂသစ္စာကို ဖြစ်ပွားစေပြီးပြီဆိုတဲ့ ကိစ္စလေးပါး ပြီးသွားတဲ့အခါ ပြန်ပြီးဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဉာဏ်ကို ကတဉာဏ်"လို့ခေါ်တယ်။

ယခုဖော်ပြခဲ့တာဟာ သစ္စာလေးပါးနှင့် စပ်လျဉ်းပြီး ဖြစ်တဲ့ သစ္စဉာဏ်လေးပါး၊ ကိစ္စဉာဏ်လေးပါး၊ ကတဉာဏ်လေးပါး ပေါင်းဉာဏ်တစ်ဆယ့်နှစ်ပါးပါပဲ။

## ရှေးကဘုရားအဖြစ် ဝန်ခံတော်မမူခဲ့ပုံ

ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ၊ နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ။

ဘိက္ခဝေ ၊ ရဟန်းတို့။ ယာဝကီဝဉ္စ ၊ အကြင်မျှ လောက် ကာလပတ်လုံးလည်း။ မေ ၊ ငါဘုရား၏။ ဝါ ၊ ငါဘုရားမှာ။ စတူသု ၊ လေးပါးကုန်သော။ ဣမေသု အရိယသစ္စေသု ၊ ဤအရိယသစ္စာတို့၌။ ဧဝံ ၊ ဤသို့။ ဝါ ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ တိပရိဝဋ္ဋံ၊ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်အားဖြင့် သုံးပါးသော ပြန်လည်ခြင်း ရှိသော။ ဝါ ၊ အပြန်သုံးပါးရှိသော။ ဒွါဒသာကာရံ ၊ (သစ္စာတစ်မျိုးတစ်မျိုး၌ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်အားဖြင့်) တစ်ဆယ့်နှစ်ပါးသော အခြင်းအရာ ရှိသော။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သော။ ဉာဏဒဿနံ ၊ ဉာဏ်အမြင်သည်။ သုဝိသုဒ္ဓံ ၊ အလွန် သန့်ရှင်းစင်ကြယ်သည်။ န အဟောသိ ၊ မဖြစ်သေး။

**ဘိက္ခဝေ** ၊ ရဟန်းတို့။ **တာဝ** ၊ ထိုမျှလောက် (ဉာဏ်အမြင် အလွန်မသန့်ရှင်း မစင်ကြယ်သေးသမျှ) ကာလပတ်လုံး။ **အဟံ** ၊ ငါဘုရားသည်။ **သဒေဝကေ**၊ နတ်တို့နှင့်လည်းတကွ ဖြစ်သော။ **သမာရကေ**၊ မာရ်နတ်နှင့်လည်းတကွ ဖြစ်သော။ **သဗြဟ္မကေ** ၊ ဗြဟ္မာတို့နှင့်လည်းတကွ ဖြစ်သော။ **လောကေ** ၊ လောက၌လည်းကောင်း။ **သဿမဏ ဗြာဟ္မဏိယာ**၊ သမဏဟုဝန်ခံနေသူ, ဗြာဟ္မဏဟု ဝန်ခံနေသူတို့နှင့်လည်းတကွဖြစ်သော။ **သဒေဝမနုဿာယ**၊ သမ္မုတိနတ်ဟူသော မင်း၊ ကြွင်းသောလူတို့နှင့်လည်းတကွ ဖြစ်သော။ **ပဇာယ** ၊ သတ္တဝါအပေါင်း၌လည်းကောင်း။ **အနုတ္တရံ**၊ မိမိထက် လွန်မြတ်သော တရားမရှိသော။ **ဝါ**၊ အမြတ်ဆုံးဖြစ်သော။ **သမ္မာသမ္ဗောဓိံ** ၊ မဖောက်မပြန် အမှန်ကိုယ်တိုင် သိစွမ်းနိုင်သော အရဟတ္တမဂ်ဉာဏ်ကို။ **အဘိသမ္ဗုဒ္ဓေါတိ** ၊ ထိုးထွင်း၍ သိပြီဟူ၍။ **နေဝ ပစ္စညာသိံ** ၊ ဝန်ခံတော်မမူခဲ့သေး။

အဓိပ္ပါယ်ကတော့ သစ္စာလေးပါးတို့၌ အပြန်သုံးပါး လည်းရှိ၊ အခြင်းအရာ (၁၂)ပါးလည်းရှိသော မဖောက်မပြန် ဟုတ်မှန်သော ဉာဏ်အမြင် အလွန်မသန့်ရှင်း မစင်ကြယ် သေးသမျှ ကာလပတ်လုံး နတ်, မာရ်နတ်, ဗြဟ္မာတို့နှင့် တကွဖြစ်သော နတ်လောက၊ သမဏ, ဗြာဟ္မဏဟု ဝန်ခံ နေသော ရဟန်းသူမြတ်တို့နှင့်တကွ ဖြစ်သော သမ္မုတိနတ်

ဟူသော မင်း၊ ကြွင်းသောလူတို့နှင့်လည်းတကွဖြစ်သော လူ့လောက၌ အမြတ်ဆုံးဖြစ်သော အရဟတ္တမဂ်ဉာဏ်ကို ထိုးထွင်း၍ သိလာပြီ၊ ရောက်ခဲ့, ရခဲ့ပြီ၊ ဘုရားဖြစ်ပြီလို့ ဝန်ခံတော်မမူခဲ့သေးလို့ ဆိုလိုပါတယ်။

ဒီစကားရပ်ထဲမှာ "သမ္မာသမ္ဗောဓိ=အမှန်ကိုယ်တိုင်သိစွမ်းနိုင်တဲ့ဉာဏ်"ဆိုတာ အရဟတ္တမဂ်ဉာဏ်ပါပဲ။ ဒီအရဟတ္တမဂ်ဉာဏ်ကို ရတော်မူသည်နှင့်တစ်ပြိုင်နက် တရားအလုံးစုံကို အကုန်သိနိုင်တဲ့ သဗ္ဗညုတဉာဏ်တော်ကိုလည်း ရတော်မူတယ်။ အဲဒီလို တရားအလုံးစုံကို အကုန်သိတော်မူနိုင်တဲ့အတွက် ဘုရားအဖြစ်သို့လည်း ရောက်တော်မူတယ်။ ဒါ့ကြောင့် ဒီသမ္မာသမ္ဗောဓိဉာဏ်ကို ဘုရားအဖြစ်သို့ ရောက်ကြောင်းဉာဏ်လို့ ဆိုရတယ်။ အဲဒီဘုရားအဖြစ်၊ ဘုရားဖြစ်ကြောင်း သမ္မာသမ္ဗောဓိဉာဏ်ကိုရတော်မူပြီ၊ သိတော်မူပြီလို့ ဝန်ခံတော်မမူသေးကြောင်းကို မိန့်တော်မူပါတယ်။ ဘယ်အချိန်ထိအောင် ဝန်ခံတော်မမူသေးသလဲဆိုတော့ ရှေ့နားက ဟောတော်မူခဲ့တဲ့ သစ္စာလေးပါးနှင့် စပ်လျဉ်းပြီး ဟုတ်မှန်စွာသိတဲ့ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ဆိုတဲ့ ဉာဏ်အမြင်အလွန်သန့်ရှင်း စင်ကြယ်စွာ မဖြစ်သေးမီကာလတိုင်အောင် ဝန်ခံတော်မမူသေးဘူးတဲ့။ အဲဒီမှာ အပြန်သုံးပါးဆိုတာက သစ္စာတစ်ပါးတစ်ပါး၌ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ဆိုတဲ့ ဒီသုံးပါးကိုဆိုတာ

ပါပဲ။ အခြင်းအရာ (၁၂)ပါးဆိုတာကတော့ သစ္စာတစ်ပါး တစ်ပါးမှာ ဉာဏ်သုံးပါးစီဖြစ်တဲ့အတွက် ဉာဏ် (၁၂)ပါး ဖြစ်တယ်။ အဲဒီဉာဏ် (၁၂)ပါးကို အခြင်းအရာ (၁၂)ပါးလို့ ဆိုတာပါပဲ။ အဲဒီသစ္စာလေးပါးမှာ သိပုံအခြင်းအရာ (၁၂)ပါးကို ဟုတ်တိုင်းမှန်စွာသိမြင်တဲ့ အရဟတ္တမဂ်ဉာဏ် ဟာ ယထာဘူတဉာဏ်အမြင်ပါပဲ။ အဲဒီဉာဏ်အမြင် ကောင်းကောင်းစင်ကြယ်စွာ မဖြစ်သေးသမျှ ကာလပတ်လုံး ဘုရားဖြစ်ကြောင်း သမ္မာသမ္ဗောဓိဉာဏ်ကို ရပြီ၊ သိပြီလို့ ဝန်ခံတော်မမူသေးဘူးတဲ့။ ဘယ်မှာ ဝန်မခံသေးသလဲ ဆိုတော့ ဒီလောကထဲမှာ ဝန်မခံသေးတာပါပဲ။

ဒီလောကထဲမှာ အသိဉာဏ်ထက်မြက်တဲ့ နတ်တွေ လည်းရှိတယ်။ ဘုရားရှင်ကို ဆန့်ကျင်ဘက်လုပ်နေတဲ့ မာရ်နတ်လည်းရှိတယ်။ အဲဒီ နတ်၊ မာရ်နတ်တွေထက် တန်ခိုးကြီးတဲ့ ဗြဟ္မာတွေလည်းရှိတယ်။ ဉာဏ်အမြင် မစင်ကြယ်သေးဘဲနဲ့ ဘုရားဖြစ်ပြီလို့ ဝန်ခံလိုက်လျှင် အဲဒီ နတ်တွေ၊ မာရ်နတ်နှင့်တကွသော ဗြဟ္မာတွေက မေးမြန်း ခြင်း၊ စိစစ်ခြင်း၊ စုံစမ်းခြင်း ပြုကြတဲ့အခါ ပြေလည်အောင် ဖြေရှင်းနိုင်သေးမှာမဟုတ်ဘူး။ ဒါတင်မက ဒီကမ္ဘာပေါ်က လူ့လောကမှာလည်း သမဏ၊ ဗြာဟ္မဏလို့ အမည်ခံနေတဲ့ ရသေ့ရဟန်းတွေ၊ မြင့်မြတ်သူတွေလည်းရှိနေတယ်။ သမ္မုတိ နတ်လို့ခေါ်ရတဲ့ မင်းတွေလည်းရှိနေတယ်။ အဲဒီ ပုဂ္ဂိုလ်တွေ

ကလည်း မေးမြန်းစိစစ်ခြင်း၊ စုံစမ်းခြင်းပြုတဲ့အခါ ပြေလည်အောင် ဖြေရှင်းနိုင်မှာမဟုတ်သေးဘူး။ ဒါ့ကြောင့် "နတ်တွေလည်းရှိ၊ မာရ်နတ်လည်းရှိ၊ ဗြဟ္မာတွေလည်းရှိနေတဲ့လောကထဲမှာရော၊ သမဏ၊ ဗြာဟ္မဏ အမည်ခံတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိသည့်အပြင် မင်းနှင့်တကွ လူတွေလည်း ရှိနေတဲ့ သတ္တဝါအပေါင်းမှာပါ ဝန်ခံတော်မမူသေးကြောင်း" ကိုမိန့်တော်မူပါတယ်။ အဲဒီစကားတော်ဖြင့် သမ္မာသမ္ဗုဒ္ဓလို့ခေါ်တဲ့ ဘုရားဖြစ်ကြောင်းဉာဏ်မဖြစ်သေးသမျှ ကာလပတ်လုံး ဘုရားဖြစ်ပြီလို့ ဝန်ခံတော်မမူကြောင်းကို သိစေပါတယ်။

## ယခုမှ ဘုရားအဖြစ် ဝန်ခံတော်မူပုံ

ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ၊ အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ၊ ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိဒါနိ ပုနဗ္ဘဝေါတိ။

**ဘိက္ခဝေ** ၊ ရဟန်းတို့။ **ယတော စ ခေါ** ၊ ဗောဓိပင်၏ အနီးအောက်ဝယ် ထိုင်နေတော်မူရာ အကြင်အခါမှစ၍။ **မေ** ၊ ငါဘုရား၏။ **ဝါ** ၊ ငါဘုရားသည်။ **ဝါ** ၊ ငါဘုရားမှာ။ **စတူသု** ၊ လေးပါးကုန်သော။ **ဣမေသု အရိယသစ္စေသု** ၊ ဤအရိယသစ္စာတို့၌။ **ဧဝံ**၊ ဤသို့။ **ဝါ**၊ ဤမိန့်တော်မူအပ်ပြီးသောနည်းဖြင့်။ **တိပရိဝဋ္ဋံ** ၊ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်အားဖြင့် သုံးပါးသောပြန်လည်ခြင်းရှိသော။ **ဝါ**၊ အပြန်သုံးပါးရှိသော။ **ဒွါဒသာကာရံ** ၊ (သစ္စာတစ်မျိုးတစ်မျိုး၌ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်အားဖြင့်) တစ်ဆယ့်နှစ်ပါးသော အခြင်းအရာရှိသော။ **ယထာဘူတံ**၊ မဖောက်မပြန်ဟုတ်မှန်သော။ **ဉာဏဒဿနံ** ၊ ဉာဏ်အမြင်သည်။ **သုဝိသုဒ္ဓံ** ၊ အလွန်သန့်ရှင်းစင်ကြယ်သည်။ **အဟောသိ** ၊ ဖြစ်တော်မူပြီ။ **ဘိက္ခဝေ** ၊ ရဟန်းတို့။ **အထ**၊ ဉာဏ်အမြင် အလွန်သန့်ရှင်းစင်ကြယ်ရာ ထိုအခါမှ နောက်၌။ **အဟံ** ၊ ငါဘုရားသည်။ **သဒေဝကေ** ၊ နတ်တို့နှင့်လည်းတကွဖြစ်သော။ **သမာရကေ**၊ မာရ်နတ်နှင့်လည်းတကွဖြစ်သော။ **သဗြဟ္မကေ**၊ ဗြဟ္မာတို့နှင့်လည်းတကွဖြစ်သော။ **လောကေ** ၊ လောက၌လည်းကောင်း။ **သဿမဏဗြာဟ္မဏိယာ** ၊ သမဏဟုဝန်ခံနေသူ, ဗြာဟ္မဏဟု ဝန်ခံနေသူတို့နှင့်လည်းတကွဖြစ်သော။ **သဒေဝမနုဿာယ** ၊

သမ္ဗုတိနတ်ဟူသော မင်း၊ ကြွင်းသော လူတို့နှင့်လည်းတကွဖြစ်သော။ **ပဇာယ** ၊ သတ္တဝါအပေါင်း၌လည်းကောင်း။ **အနုတ္တရံ** ၊ မိမိထက်လွန်မြတ်သောတရားမရှိသော။ ဝါ၊ အမြတ်ဆုံး ဖြစ်သော။ **သမ္မာသမ္ဗောဓိ**၊ မဖောက်မပြန် အမှန်ကိုယ်တိုင်သိစွမ်းနိုင်သော အရဟတ္တမဂ်ဉာဏ်ကို။ **အဘိသမ္ဗုဒ္ဓေါတိ** ၊ ထိုးထွင်း၍သိပြီဟူ၍။ **ပစ္စညာသိ** ၊ ဝန်ခံတော်မူခဲ့ပြီ။ **မေ** ၊ ငါဘုရား၏။ **ဝါ** ၊ ငါဘုရားမှာ။ **ဒဿနံ** ၊ သိမြင်တတ်သော။ **ဉာဏဉ္စ** ၊ ပစ္စဝေက္ခဏာဉာဏ်သည်လည်း။ **ဥဒပါဒိ**၊ ထင်ရှားဖြစ်ပြီ။ (ကိံ၊ အဘယ်သို့ ထင်ရှားဖြစ်သနည်း)။ **မေ**၊ ငါဘုရား၏။ **ဝိမုတ္တိ** ၊ အရဟတ္တဖိုလ်ကို။ **အကုပ္ပါ**၊ ဆန့်ကျင်ဘက်တရားတို့က မဖျက်ဆီးအပ်, မဖျက်ဆီးထိုက်။ (တနည်း) **မေ** ၊ ငါဘုရား၏။ **ဝိမုတ္တိ** ၊ ကိလေသာမှ လွတ်မြောက်ခြင်းသည်။ **အကုပ္ပါ** ၊ မပျက်စီးနိုင်တော့ပြီ။ **အယံ** ၊ ဤပဋိသန္ဓေနေရခြင်းသည်။ **ဝါ** ၊ ယခုဘဝသည်။ **အန္တိမာ** ၊ အဆုံးဖြစ်သော။ **ဇာတိ** ၊ ပဋိသန္ဓေနေရခြင်းတည်း။ **ဝါ** ၊ **အန္တိမာဇာတိ** ၊ နောက်ဆုံးဘဝတည်း။ **ဣဒါနိ**၊ ယခုအခါ၌။ **ပုနဗ္ဘဝေါ** ၊ တဖန်ဘဝသည်။ **ဝါ** ၊ ဘဝသစ် သည်။ **နတ္ထိ**၊ မရှိတော့ပြီ။ **ဣတိ**၊ ဤသို့။ **ဥဒပါဒိ**၊ ထင်ရှား ဖြစ်ပြီ။ **ဣတိ**၊ ဤသို့။ **အာမန္တေသိ** ၊ မိန့်တော်မူပြီ။

ဒီစကားတော်ဟာဘုရားဖြစ်ပြီလို့ ဝန်ခံကြေညာတော်မူတဲ့စကားတော်ပါပဲ။ မိန့်တော်မူလိုရင်းကတော့ အရိယသစ္စာလေးပါးတို့နှင့်စပ်လျဉ်းပြီးသိသင့်, သိထိုက်တဲ့ သစ္စဉာဏ်လေးပါး၊ ကိစ္စဉာဏ်လေးပါး၊ ကတဉာဏ်လေးပါး အားဖြင့် သိပုံအခြင်းအရာ တစ်ဆယ့်နှစ်ပါးရှိတဲ့ မှန်ကန်သောဉာဏ်အမြင်အလွန်စင်ကြယ်စွာဖြစ်တဲ့အခါကျမှ အမြတ်ဆုံးဖြစ်တဲ့ သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိလာခဲ့ပြီ။ ဘုရားအဖြစ်သို့ရောက်တော်မူလာပြီလို့ ဝန်ခံကြေညာတော်မူလိုရင်းဖြစ်ပါတယ်။

အဲဒီလို ဝန်ခံကြေညာတော်မူတာကလည်း အရပ်ဒေသ တစ်စိတ်တစ်ပိုင်းမျှသာ ဝန်ခံကြေညာတာမဟုတ်ဘူး။ တန်ခိုးကြီးတဲ့နတ်တွေလည်းရှိ၊ ဘုရားရှင်ကို ဆန့်ကျင်ဘက်လုပ်နေတဲ့ မာရ်နတ်လည်းရှိ၊ အလွန်တန်းခိုးကြီးတဲ့ ဗြဟ္မာတွေလည်းရှိနေတဲ့ လောကဓာတ်တစ်ခုလုံးမှာ ရဲရဲဝံ့ဝံ့ ဝန်ခံကြေညာတော်မူပါတယ်။ ဒီမျှမက ပညာရှိ ရသေ့ရဟန်းနှင့် သူတော်သူမြတ်တွေလည်းရှိ၊ တန်းခိုးအာဏာကြီးတဲ့မင်းတွေလည်းရှိ၊ အခြားလူတွေလည်းရှိတဲ့ လူ့လောကတစ်ရပ်လုံးမှာလည်း ရဲရဲဝံ့ဝံ့ ဝန်ခံကြေညာတော်မူပါတယ်။ ဒီစကားတော်ဖြင့် မည်သည့်နတ်, မာရ်နတ်, ဗြဟ္မာဖြစ်စေ၊ မည်သည့်ရသေ့ရဟန်း, သူတော်သူမြတ်

ဖြစ်စေ၊ မည်သည့်မင်း ဖြစ်စေ၊ မည်သည့်ပညာရှိ လူဖြစ်စေ မယုံသင်္ကာရှိလျှင် မေးမြန်းစိစစ်နိုင်တယ်။ မေးမြန်းစိစစ်သမျှကို ပြေလည်အောင် ဖြေရှင်းပြတော်မူမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရဲရဲဝံ့ဝံ့ဝန်ခံ ကြေညာတော်မူပါတယ်။ မစိစစ်၊ မဆင်ခြင်ဘဲ ဝန်ခံကြေညာတာ မဟုတ်ဘူး။ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်တော်မူပြီးမှ ဝန်ခံကြေညာတော်မူတာဖြစ်တယ်။ ဘယ်လို ပစ္စဝေက္ခဏာဉာဏ်ဖြင့် စိစစ်ဆင်ခြင်တော်မူသလဲဆိုတော့ "ငါဘုရား၏ ကိလေသာမှ လွတ်မြောက်မှု အရဟတ္တဖိုလ်သည် မပျက်စီးနိုင်တော့ပြီ။ ယခုလက်ရှိဘဝသည် နောက်ဆုံးဘဝတည်း။ ယခုအခါ၌ တဖန်ဖြစ်မည့် ဘဝအသစ်မရှိတော့ပြီ"လို့ စိစစ်ဆင်ခြင်ပြီး ဝန်ခံကြေညာတော်မူတယ်လို့ နိဂုံးကမ္ပတ် အဆုံးသတ်တော်မူခဲ့ပါတယ်။

အဲဒီလို အဆုံးသတ်တော်မူပြီးသော်လည်း ပဉ္စဝဂ္ဂီ ရဟန်းတော်တို့ နှစ်သက်အားရ သဘောကျလက်ခံပုံများကို ပထမသံဂါယနာတင် ရဟန္တာအရှင်မြတ်တို့က ဒီလို မှတ်တမ်းတင်တော်မူခဲ့ကြတယ်။

## သံဂါယနာမှတ်တမ်း

### ပဥ္စဝဂ္ဂီရဟန်းတို့ နှစ်သက်ဝမ်းမြောက်ကြပုံ

**ဣဒမဝေါ စ ဘဂဝါ။ အတ္တမနာ ပဥ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ ။**

ဣဒံ ၊ ("ဒွေ မေ ဘိက္ခဝေ အန္တာ" အစ "နတ္ထိ ဒါနိ ပုနဗ္ဘဝေါ" အဆုံးရှိသော) ဤစကားတော်ကို။ **ဘဂဝါ၊** မြတ်စွာဘုရားသည်။ **အဝေါစ** ၊ မိန့်တော်မူပြီ။ **ပဥ္စဝဂ္ဂိယာ၊** ငါးပါးအစုရှိကုန်သော။ **ဘိက္ခူ၊** ရဟန်းတို့သည်။ **အတ္တမနာ၊** မိမိစိတ်ရှိကုန်သည်။ **ဝါ** ၊ ဝမ်းမြောက်သောစိတ်ရှိကုန်သည်။ ဟုတ္တာ ၊ ဖြစ်၍။ **ဘဂဝတော၊** မြတ်စွာဘုရား၏။ **ဘာသိတံ၊** ဟောတော်မူအပ်သော ဓမ္မစက္ကပဝတ္တနသုတ်တော်ကို။ **အဘိနန္ဒုံ** ၊ အလွန်နှစ်သက် ရွှင်အားတက်လျက် လက်ခံကြကုန်ပြီ။ **ဣတိ** ၊ ဤတွင်ဆိုရန်စကားတစ်ရပ် အပြီးသတ်သတည်း။

အဲဒီပါဠိတော်၏ အဓိပ္ပါယ်ကတော့ အနက်ပြန်ရုံမျှဖြင့် သိသာထင်ရှားပါပြီ။ အဲဒီနောက် အရှင်ကောဏ္ဍည ထေရ် တရားထူးရပုံကိုလည်း သံဂါယနာတင် ထေရ်အရှင်တို့က ဒီလိုမှတ်တမ်းတင်တော်မူခဲ့ကြပါတယ်။

## အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ "ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ" န္တိ ။

ဣမသ္မိံ စ ပန ဘညမာနေ ၊ ဤဂါထာ မဖက်သက်သက်သော ဓမ္မစက္ကပဝတ္တနသုတ်တော်ကို။ ဘညမာနေ ၊ ဟောတော်မူအပ်သော်။ အာယသ္မတော ကောဏ္ဍညဿ ၊ အရှင်ကောဏ္ဍည၏။ ဝါ ၊ အရှင်ကောဏ္ဍညမှာ။ ဝိရဇံ ၊ အပါယ်သို့လားစေနိုင်သော ရာဂစသော ကိလေသာမြူမှကင်းသော။ ဝီတမလံ ၊ အပါယ်သို့လားစေနိုင်သော ဒိဋ္ဌိ, ဝိစိကိစ္ဆာဟူသော အညစ်အကြေးကင်းသော။ ဓမ္မစက္ခုံ ၊ သစ္စာလေးပါးတရားတို့၌ဖြစ်သော သောတာပတ္တိဉာဏ် မျက်စိသည်။ ဥဒပါဒိ ၊ ထင်ရှားဖြစ်ပြီ။ (ကိံ ၊ အဘယ်သို့။ ဥဒပါဒိ ၊ ထင်ရှားဖြစ်သနည်း။) ယံကိဉ္စိ၊ အကြွင်းအမှတ်မရှိ အလုံးစုံသောတရားသည်။ သမုဒယဓမ္မံ၊ ဖြစ်ခြင်းသဘောရှိ၏။ သဗ္ဗံ၊ အလုံးစုံသော။ တံ၊ ထိုဖြစ်ခြင်း သဘောရှိသော တရားဟူသမျှသည်။ နိရောဓဓမ္မံ၊ ချုပ်ခြင်း သဘောရှိ၏။ ဣတိ ၊ ဤသို့။ ဥဒပါဒိ ၊ ထင်ရှားဖြစ်ပြီ။

ဒီစကားရဲ့ ဆိုလိုရင်းကတော့ အရှင်ကောဏ္ဍည သောတာပတ္တိမဂ်ဖိုလ်ဆိုက်ရောက်ပြီး သောတာပန်ဖြစ်သွား

တယ်လို့ ဆိုလိုတာပါပဲ။ ဘယ်အခါမှာ သောတာပန်ဖြစ်သွားသလဲဆိုတော့ ဓမ္မစကြာတရားဟောတော်မူတုန်း၊ ဟောတော်မူပြီးစမှာ သောတာပန်ဖြစ်သွားတယ်တဲ့။ ဘယ်ပုံဘယ်နည်းသောတာပန်ဖြစ်သွားသလဲဆိုတော့ "ဖြစ်ခြင်းသဘောရှိတဲ့ တရားအားလုံး ချုပ်ခြင်းသဘောရှိတာချည်းပဲ" လို့ သိမြင်ပြီး သောတာပန်ဖြစ်သွားပါတယ်တဲ့။

ဒီစကားရပ်ထဲမှာ "ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ" လို့ သောတာပတ္တိမဂ်ညာဏ်ကို ချီးကျူးဂုဏ်ပြုထားတယ်။ အဲဒီမှာ "ဝိရဇံ" ဆိုတာက အပါယ်သို့လားစေနိုင်တဲ့ ရာဂစသော ကိလေသာမြူကင်းတယ်တဲ့။ "ဝီတမလံ" ဆိုတာက အပါယ်သို့ လားစေနိုင်တဲ့ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာဟူသော အညစ်အကြေးကင်းတယ်တဲ့။ "ဓမ္မစက္ခုံ" ဆိုတာက သစ္စာလေးပါးတို့၌ သိမြင်တဲ့ သောတာပတ္တိညာဏ်ကို ဆိုတာပါပဲ။ အားလုံးခြုံလိုက်လျှင် အပါယ်သို့လားစေနိုင်တဲ့ ရာဂစသော မြူ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ဟူသော အညစ်အကြေးကင်းတဲ့၊ သစ္စာလေးပါးတို့၌ မျက်စိဖြင့် မြင်သလို သိမြင်တဲ့ သောတာပတ္တိမဂ်ညာဏ် ထင်ရှားဖြစ်ပြီလို့ ဆိုလိုတာပါပဲ။ သောတာပတ္တိမဂ်ညာဏ်ရဲ့ အခြားမဲ့မှာတော့ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ပြီး သောတာပန်ဖြစ်သွားပါတယ်။

## နတ်ပြဟ္မာတို့ ကောင်းချီးပေးပုံ

ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ" န္တိ ။

ဘဂဝတာ ၊ မြတ်စွာဘုရားသည်။ ဓမ္မစက္ကေ၊ ပဋိဝေဓဉာဏ်၊ ဒေသနာဉာဏ်ဟူသော တရားစကြာကို။ ပဝတ္တိတေ ၊ လည်စေတော်မူအပ်ပြီးသည်ရှိသော်။ ဝါ ၊ ဖြစ်စေတော်မူအပ်ပြီးသည်ရှိသော်။ ဝါ ၊ ဟောတော်မူအပ်ပြီးသည်ရှိသော်။ ဘုမ္မာ၊ မြေ၌ဖြစ်ကုန်သော။ ဝါ၊ မြေနှင့်ဆက်စပ် အရပ်ရပ်၌နေကြကုန်သော။ ဒေဝါ ၊ နတ်တို့သည်။ သဒ္ဒံ ၊ ကြွေးကြော်သံကို။ အနုဿာဝေသုံ၊ ကြွေးကြော်ကြကုန်ပြီ။ (ကိံ အနုဿာဝေသုံ ၊ အဘယ်သို့ ကြွေးကြော်ကြကုန်သနည်း။) ဘဂဝတာ ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ ၊ ဗာရာဏသီပြည်၌။ ဝါ ၊ ဗာရာဏသီပြည်၏ အနီးဖြစ်သော။ ဣသိပတနေ ၊ ပစ္စေကဗုဒ္ဓါတို့ ကောင်းကင်မှ သက်ဆင်းရာဖြစ်သောကြောင့် ဣသိပတနမည်သော။ မိဂဒါယေ ၊ သားကောင်

တို့အား ဘေးမဲ့ပေးရာ (မိဂဒါဝုန်တော) ၌။ **သမဏေန ဝါ**၊ သမဏမည်သူသည်လည်းကောင်း။ **ဗြာဟ္မဏေန ဝါ**၊ ဗြာဟ္မဏမည်သူသည်လည်းကောင်း။ **ဒေဝေန ဝါ** ၊ နတ်သည်လည်းကောင်း။ **မာရေန ဝါ** ၊ မာရ်နတ်သည် လည်းကောင်း။ **ဗြဟ္မုနာ ဝါ**၊ ဗြဟ္မာသည်လည်းကောင်း။ **လောကသ္မိံ**၊ လောက၌။ **ကေနစိ ဝါ**၊ တစ်စုံတစ်ယောက် သည်လည်းကောင်း။ **အပ္ပဋိဝတ္တိယံ** ၊ ဆန့်ကျင်ဘက် မဖြစ်စေအပ်၊ မဖြစ်စေထိုက်သော။ **ဝါ** ၊ ဆန့်ကျင်ဘက် မဟောပြအပ်၊ မဟောပြနိုင်သော။ **အနုတ္တရံ** ၊ ဤတရား ထက်သာလွန်သောတရားမရှိသော။ **ဝါ** ၊ အမြတ်ဆုံး ဖြစ်သော။ **တေံ ဓမ္မစက္ကံ** ၊ ဤဓမ္မစကြာဒေသနာကို။ **ပဝတ္တိတံ** ၊ လည်စေတော်မူအပ်ပြီ။ ဝါ ၊ ဖြစ်စေတော် မူအပ်ပြီ။ **ဝါ** ၊ ဟောတော်မူအပ်ပြီ။ **ဣတိ** ၊ ဤသို့။ **အနုသာဝေသုံ** ၊ ကြွေးကြော်ကြကုန်ပြီ။

ဤသံဂါယနာမှတ်တမ်း၌ "ဓမ္မစက္က=တရားစက်ဘီး" ဆိုတာ တရားတော်ကို ထိုးထွင်း၍ သိတော်မူတဲ့၊ ပဋိဝေဓ ဉာဏ်နှင့် ဟောသင့်တဲ့အခြင်းအရာစသည်ကို သိတော်မူတဲ့ ဒေသနာဉာဏ်ဆိုတဲ့ ဒီဉာဏ်နှစ်ပါးကို ဆိုတာပါပဲ။ 'ပဝတ္တိတေ'ဆိုတာကတော့ လည်စေတယ်၊ ဖြစ်စေတယ်၊ ဟောတယ်လို့ဆိုတာပါပဲ။ ဒါ့ကြောင့် တရားတည်းဟူသော

စက်ဘီးကို လည်စေတယ်၊ ဖြစ်စေတယ်၊ ဟောတော်မူတယ်။ အဲဒီလို ဓမ္မစကြာကို ဟောတော်မူအပ်ပြီးတဲ့အခါ မြေ၌နေသောနတ်တို့က တပြိုင်နက်ကြွေးကြော်ကြတယ်တဲ့။ ဘယ်လိုကြွေးကြော်ကြသလဲဆိုတော့ " လောကမှာ သမဏအမည်ခံသူဖြစ်စေ၊ ဗြဟ္မဏအမည်ခံသူဖြစ်စေ၊ နတ်ဖြစ်စေ၊ မာရ်နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ၊ အခြားတစ်စုံတစ်ယောက်ဖြစ်စေ ဆန့်ကျင်ဘက်မဟောပြနိုင်သော၊ မတားမြစ်နိုင်သော၊ ဤတရားထက်သာလွန်သော တရားမရှိ အမြတ်ဆုံးဖြစ်သော ဤဓမ္မစကြာကို ဗာရာဏသီမြို့နယ်ထဲက ဣသိပတနမည်သော မိဂဒါဝုန်တော၌ လည်စေတော်မူအပ်ပြီ၊ ဖြစ်စေတော်မူအပ်ပြီ၊ ဟောတော်မူအပ်ပြီ "လို့ ကြွေးကြော်ကြပါတယ်။

ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ ။ ပ ။ စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ ။ ပ ။ တာဝတိံသာ ဒေဝါ ။ ပ ။ ယာမာ ဒေဝါ ။ ပ ။ တုသိတာ ဒေဝါ ။ ပ ။ နိမ္မာနရတီ ဒေဝါ ။ ပ ။ ပရနိမ္မိတဝသဝတ္တီ ဒေဝါ ။ ပ ။ ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေနဝါ ။ ပ ။ ကေနစိ ဝါ လောကသ္မိ" န္တိ ။

**ဘုမ္မာနံ ဒေဝါနံ** ၊ မြေ၌ဖြစ်ကုန်သောနတ်တို့၏။ **သဒ္ဒံ** ၊ ကြွေးကြော်သံကို။ **သုတွာ** ၊ ကြားရ၍။ **စာတုမဟာရာဇိကာ** ၊ စတုမဟာရာဇ်ဘုံ၌နေကုန်သော။ **ဒေဝါ** ၊ နတ်တို့သည်။ **အနုဿာဝေသုံ** ၊ ကြွေးကြော်ကြကုန်ပြီ။ (ဒီမှနောက်တော့ အနက်ကျယ်မရေးတော့ဘဲ အကျဉ်းချုံးပြီး ရေးမယ်)။ **စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ** ၊ စတုမဟာရာဇ်နတ်တို့၏ ကြွေးကြော်သံကို ကြားကြကုန်၍။ **တာဝတိံသာ ဒေဝါ** ၊ တာဝတိံသာနတ်တို့သည်။ ပ ။ **ယာမာဒေဝါ** ၊ ယာမာနတ်တို့သည်။ ပ ။ **တုသိတာ ဒေဝါ**၊ တုသိတာနတ်တို့သည်။ ပ ။ **နိမ္မာနရတီ ဒေဝါ** ၊ နိမ္မာနရတီနတ်တို့သည်။ ပ ။ **ပရနိမ္မိတဝသဝတ္တီ ဒေဝါ**၊ ပရနိမ္မိတဝသဝတ္တီနတ်တို့သည်။ ပ ။ **ဗြဟ္မကာယိကာ ဒေဝါ** ၊ ဗြဟ္မာအပေါင်းဖြစ်သောနတ်တို့သည်။ **သဒ္ဒံ** ၊ ကြွေးကြော်သံကို။ **အနုဿာဝေသုံ** ၊ ကြွေးကြော်ကြကုန်ပြီ။ (**ကိံ အနုဿာဝေသုံ** ၊ အဘယ်သို့ကြွေးကြော်ကြကုန်သနည်း။) **ဘဂဝတာ**၊ မြတ်စွာဘုရားသည်။ **ဗာရာဏသိယံ**၊ ဗာရာဏသီပြည်၌။ **ဝါ** ၊ ဗာရာဏသီပြည်၏အနီးဖြစ်သော။ **ဣသိပတနေ** ၊ ပစ္စေကဗုဒ္ဓါတို့ ကောင်းကင်မှသက်ဆင်းရာဖြစ်သောကြောင့် ဣသိပတနမည်သော။ **မိဂဒါယေ** ၊ သားကောင်တို့အား ဘေးမဲ့ပေးရာ (မိဂဒါဝုန်တော) ၌။ **သမဏေန ဝါ**၊ သမဏမည်သူသည်လည်းကောင်း။

**ပြဟ္မဏောန** ဝါ၊ ပြဟ္မာမည်သူသည်လည်းကောင်း။ **ဒေဝေန** ဝါ၊ နတ်သည်လည်းကောင်း။ **မာရေန** ဝါ၊ မာရ်နတ်သည်လည်းကောင်း။ ပြဟ္မုနာဝါ ၊ ပြဟ္မာသည် လည်းကောင်း။ **လောကသ္မိံ** ၊ လောက၌။ **ကေနစိ** ဝါ၊ တစ်စုံတစ်ယောက်သည်လည်းကောင်း။ **အပ္ပဋိဝတ္တိယံ၊** ဆန့်ကျင်ဘက် မဖြစ်စေအပ်, မဖြစ်စေထိုက်သော။ ဝါ၊ ဆန့်ကျင်ဘက်မဟောပြအပ်, မဟောပြနိုင်သော။ **အနုတ္တရံ၊** ဤတရားထက် သာလွန်သောတရားမရှိသော။ ဝါ၊ အမြတ်ဆုံးဖြစ်သော။ **တံ ဓမ္မစက္ကံ** ၊ ဤဓမ္မစကြာဒေသနာ ကို။ **ပဝတ္တိတံ** ၊ လည်စေတော်မူအပ်ပြီ။ ဝါ ၊ ဖြစ်စေတော် မူအပ်ပြီ။ ဝါ ၊ ဟောတော်မူအပ်ပြီ။ **ဣတိ** ၊ ဤသို့။ **အနုသာဝေသုံ** ၊ ကြွေးကြော်ကြကုန်ပြီ။

ဒီပါဠိရဲ့ အနက်အဓိပ္ပါယ်ကတော့ သိလွယ်ပါတယ်။ မြေ၌နေသော နတ်တို့ရဲ့ ကြွေးကြော်သံကို ကြားရတဲ့အခါ စတုမဟာရာဇ်နတ်တွေက ကြွေးကြော်ကြတယ်။ စတုမဟာ ရာဇ်နတ်တို့၏ ကြွေးကြော်သံကိုကြားရတဲ့အခါ တာဝတိံသာ နတ်တို့က ကြွေးကြော်ကြတယ်။ တာဝတိံသာနတ်တို့၏ ကြွေးကြော်သံကို ကြားရတဲ့အခါ ယာမာနတ်တို့က ကြွေးကြော်ကြတယ်။ ယာမာနတ်တို့၏ ကြွေးကြော်သံကို ကြားတဲ့အခါ တုသိတာနတ်တို့က ကြွေးကြော်ကြတယ်။

တုသိတာနတ်တို့၏ ကြွေးကြော်သံကို ကြားတဲ့အခါ နိမ္မာနရတီနတ်တို့က ကြွေးကြော်ကြတယ်။ နိမ္မာနရတီနတ်တို့၏ ကြွေးကြော်သံကို ကြားတဲ့အခါ ပရနိမ္မိတဝသဝတ္တီနတ်တို့က ကြွေးကြော်ကြတယ်။ ပရနိမ္မိတဝသဝတ္တီ နတ်တို့၏ ကြွေးကြော်သံကို ကြားတဲ့အခါ ဗြဟ္မာတွေက ကြွေးကြော်ကြတယ်။ ကြွေးကြော်ပုံကတော့ "လောကမှာ သမဏအမည်ခံသူဖြစ်စေ၊ ဗြဟ္မဏအမည်ခံသူဖြစ်စေ၊ နတ်ဖြစ်စေ၊ မာရ်နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ၊ အခြားတစ်စုံတစ်ယောက်ဖြစ်စေ ဆန့်ကျင်ဘက်မဟောပြနိုင်သော၊ မတားမြစ်နိုင်သော၊ ဤတရားထက်သာလွန်သော တရားမရှိ အမြတ်ဆုံးဖြစ်သော ဤဓမ္မစကြာကို ဗာရာဏသီမြို့နယ်ထဲက ဣသိပတနမည်သော မိဂဒါဝုန်တော၌ လည်စေတော်မူအပ်ပြီ၊ ဖြစ်စေတော်မူအပ်ပြီ၊ ဟောတော်မူအပ်ပြီ"လို့ ကြွေးကြော်ကြတယ်တဲ့။

**ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ ။**

**ဣတိဟ** ၊ ဤသို့လျှင်။ **တေနခဏေန** ၊ ထိုခဏ၌။ **တေန လယေန**၊ ထိုလယ၌။ **တေန မုဟုတ္တေန**၊ ထိုမုဟုတ်၌။ **ယာဝဗြဟ္မလောကာ** ၊ ဗြဟ္မာ့ဘုံတိုင်အောင်။ **သဒ္ဒေါ** ၊ ကြွေးကြော်သံသည်။ **အဗ္ဘုဂ္ဂစ္ဆိ** ၊ လွှမ်းခြုံ၍တက်ပြီ။

နတ်ပြဟ္မာတွေကြွေးကြော်ကြရာ တခဏချင်းမှာပင် ကောင်းချီးနှုမော်ကြွေးကြော်သံဟာ ပြဟ္မာ့ပြည်တိုင်အောင် လွှမ်းခြုံ၍တက်သွားပါတယ်တဲ့။

(တေန ခဏေန၊ တေန လယေန၊ တေန မုဟုတ္တေန ဟူသော ပါဠိ၌ ခဏ၊ လယ၊ မုဟုတ် ဆိုသည်မှာ ပရိယာယ် ပင်ဖြစ်သည်။ ထိုခဏအတွင်းမှာပင်ဟု ဆိုလိုသည်။)

## အံ့ဖွယ်သရဲများ ဖြစ်ပေါ်လာပုံ

**အယဉ္စ ဒသသဟဿိလောကဓာတု သင်္ကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ၊ အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ ။**

**အယဉ္စ ဒသသဟဿိ လောကဓာတု** ၊ ဤ တစ်သောင်းသော လောကဓာတ်သည်လည်း။ **သင်္ကမ္ပိ** ၊ အထက်အထက်သို့ တက်ကာ တက်ကာ ပြင်းစွာတုန်လှုပ် ပြီ။ **သမ္ပကမ္ပိ** ၊ အထက်အောက်နိမ့်တုံမြင့်တုံ အပြားအားဖြင့် ပြင်းစွာတုန်လှုပ်ပြီ။ **သမ္ပဝေဓိ**၊ အရပ်လေးမျက်နှာ ယိမ်းထိုး ၍ အမျိုးမျိုးအပြားအားဖြင့် ပြင်းစွာတုန်လှုပ်ပြီ။ **အပ္ပမာဏော**၊ အတိုင်းအရှည်မရှိသော။ **ဥဠာရော** ၊ မွန်မြတ်သော။ **ဝါ** ၊ ပြန့်ပြောသော။ **ဩဘာသော စ** ၊ သောင်းလောကဓာတ် လွှမ်းခြုံပတ်သည့် အလင်းဓာတ်သည်လည်း။ **ဒေဝါနံ** ၊ နတ်

ပြဟ္မာတို့၏။ **ဒေဝါနုဘာဝံ** ၊ နတ်ပြဟ္မာတို့၏အာနုဘော်ကို။ **အတိက္ကမ္မ** ၊ ကျော်လွန်၍။ **ပါတုရဟောသိ** ၊ ထင်ရှားဖြစ်ပေါ်လာပြီ။ က္ကတိ ၊ ဤတွင် စကားတစ်ရပ် အပြီးသတ်သတည်း။

ဤစကားရပ်ကတော့ ဓမ္မစကြာတရားတော်ကို ဟောပြီးရာအခါ၌ အံ့ဖွယ်သရဲများဖြစ်ပေါ်လာပုံကိုပြတဲ့ စကားရပ်ဖြစ်ပါတယ်။ ဓမ္မစကြာတရားဟောတော်မူပြီးသည့်အခါ လောကဓာတ်တစ်သောင်းတုန်လှုပ်တယ်တဲ့။ တုန်လှုပ်ပုံတော့ အထက်အထက် တက်၍တက်၍ ပြင်းစွာတုန်လှုပ်တယ်။ အထက်အောက်နိမ့်ကာမြင့်ကာ တုန်လှုပ်တယ်။ အရပ်လေးမျက်နှာယိမ်းယိုးပြီး အပြင်းအထန်တုန်လှုပ်တယ်တဲ့။ အတိုင်းမသိ မွန်မြတ်ပြန့်ပြောသော ဒေသနာဉာဏ်ရောင်အလင်းကြီးဟာ နတ်ပြဟ္မာတို့၏ အာနုဘော်ကို ကျော်လွန်ပြီး လောကတခွင် အထင်အရှားဖြစ်ပေါ်လာပြီတဲ့။

## မြတ်စွာဘုရား ဥဒါန်းကျူးရင့်တော်မူပုံ

အထ ခေါ ဘဂဝါ က္ကမံ ဥဒါနံ ဥဒါနေသိ "အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော" တိ။ က္ကတိ ဟိဒံ အာယသ္မတော

**ကောဏ္ဍညဿ "အညာသိ ကောဏ္ဍညော" တွေဝ နာမံ အဟောသီတိ။**

**အထခေါ** ၊ ထိုအခါ၌။ **ဘဂဝါ** ၊ မြတ်စွာဘုရားသည်။ **ဣမံ ဥဒါနံ** ၊ ဤဥဒါန်းကို၊ **ဥဒါနေသိ** ၊ ကျူးရင့်တော်မူပြီ။ (ကိံဥဒါနေသိ၊ အဘယ်သို့ကျူးရင့်တော်မူသနည်း။) **ဘော** ၊ အိုရဟန်းတို့။ **ကောဏ္ဍညော** ၊ ကောဏ္ဍညသည်။ **အညာသိဝတ**၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိပေပြီတကား။ **ဘော**၊ အိုရဟန်းတို့။ **ကောဏ္ဍညော** ၊ ကောဏ္ဍညသည်။ **အညာသိဝတ** ၊ သစ္စာလေးပါးကို ထိုးထွင်း၍သိပေပြီတကား။ **ဣတိ ဥဒါနေသိ** ၊ ဤသို့ကျူးရင့်တော်မူပြီ။ **ဣတိဟိ**၊ဤဥဒါန်းစကားတော်ကြောင့်ပင်လျှင်။ **အာယသ္မတော ကောဏ္ဍညဿ**၊ အရှင်ကောဏ္ဍည၏။ **အညာသိ ကောဏ္ဍညောတွေဝ** ၊ အညာသိကောဏ္ဍညဟူ၍သာလျှင်။ **ဣဒံ နာမံ** ၊ ဤနာမည်သည်။ **အဟောသိ** ၊ ဖြစ်ခဲ့လေပြီ။ **ဣတိ**၊ ဤတွင် ဓမ္မစက္ကပ္ပဝတ္တနသုတ် အပြီးသတ်သတည်း။

ဒီပါဠိရပ်ကတော့ ဓမ္မစကြာသုတ်ပြီးဆုံးကြောင်းကို နိဂုံးအုပ်တဲ့ စကားရပ်ပါပဲ။ မြတ်စွာဘုရားက ဓမ္မစကြာတရားဟောပြီးတဲ့အခါ ဆင်ခြင်ပြီးကြည့်လိုက်တော့ အရှင်ကောဏ္ဍည သောတာပတ္တိမဂ်ဖိုလ် တရားထူးသိသွားတာကို မြင်တော်မူတယ်။ အဲဒီအခါ ဝမ်းမြောက်တော်မူတဲ့အတွက်

မြတ်စွာဘုရားက "အို ရဟန်းတို့ . . . ကောဏ္ဍည သိပေပြီ တကား၊ ကောဏ္ဍည သိပေပြီတကား" လို့ ဝမ်းမြောက်စကား မြွက်ကြားတော်မူလိုက်ပါတယ်။ အဲဒီ စကားတော်ကို အစွဲပြုပြီး အရှင်ကောဏ္ဍညကို အညာသိကောဏ္ဍညလို့ ခေါ်ဝေါ်ကြပါတယ်တဲ့။

## အညာသိ ကောဏ္ဍည ရဟန်းအဖြစ် တောင်းပန်ပုံ

အထ ခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠှဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထု သာသနေ ဘဂဝန္တံ ဧတဒဝေါစ "လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒ" န္တိ ။

အထခေါ၊ မြတ်စွာဘုရား ဥဒါန်းကျူးတော်မူပြီးရာ ထိုအခါ၌။ အာယသ္မာ အညာသိကောဏ္ဍညော၊ အရှင် အညာသိကောဏ္ဍညသည်။ ဒိဋ္ဌဓမ္မော၊ သစ္စာလေးပါး တရားကို မြင်ပြီးသည်။ ပတ္တဓမ္မော၊ သစ္စာလေးပါးတရားသို့ ရောက်ပြီးသည်။ ဝိဒိတဓမ္မော၊ သစ္စာလေးပါးတရားကို သိပြီးသည်။ ပရိယောဂါဠှဓမ္မော ၊ သစ္စာလေးပါး တရားသို့ သက်ဝင်ပြီးသည်။ တိဏ္ဏဝိစိကိစ္ဆော၊ ဝိစိကိစ္ဆာကို လွန်မြောက်

ပြီးသည်။ **ဝိဂတ ကထံကထော** ၊ သို့လောသို့လောတွေးတော ယုံမှားခြင်းကင်းသည်။ **သတ္ထု သာသနေ** ၊ မြတ်စွာဘုရား၏ သာသနာတော်၌။ **ဝေသာရဇ္ဇပ္ပတ္တော** ၊ ကြောက်ရွံ့ခြင်းကင်း ရဲတင်းသည်၏အဖြစ်သို့ ရောက်သည်။ **အပရပ္ပစ္စယော**၊ မိမိမှတပါး အခြားသူကို ယုံကြည်စရာမလိုသည်။ ဟုတ္ဝာ၊ ဖြစ်၍။ **ဘဂဝန္တံ** ၊ မြတ်စွာဘုရားကို။ **ဧတံ** ၊ ဤစကားကို။ **အဝေါစ** ၊ လျှောက်ထားပြီ။ (**ကိံအဝေါစ** ၊ အဘယ်သို့ လျှောက်ထားသနည်း။) **ဘန္တေ** ၊ မြတ်စွာဘုရား။ **အဟံ** ၊ ဘုရားတပည့်တော်သည်။ **ဘဂဝတော** ၊ မြတ်စွာဘုရား၏။ **သန္တိကေ** ၊ အထံတော်၌။ **ပဗ္ဗဇ္ဇံ** ၊ ရှင်အဖြစ်ကို။ **လဘေယျံ**၊ ရပါရစေ။ **ဥပသမ္ပဒံ** ၊ မြင့်မြတ်သော ရဟန်းအဖြစ်ကို။ **လဘေယျံ** ၊ ရပါရစေ။ **ဣတိ** ၊ ဤသို့။ **အဝေါစ** ၊ လျှောက်ထားပြီ။

ဒီစကားရပ်ကတော့ အရှင်အညာသိကောဏ္ဍည ရဟန်းအဖြစ်လျှောက်ထားတောင်းပန်တဲ့စကားပါပဲ။ လျှောက်ထားတောင်းပန်နိုင်ခြင်း၏ အကြောင်းတွေကတော့ သစ္စာလေးပါးတရားကို သိမြင်ပြီးသောကြောင့်လည်း တောင်းပန်တယ်။ သစ္စာလေးပါးတရားသို့ ရောက်ပြီးသော ကြောင့်လည်း တောင်းပန်တယ်။ သစ္စာလေးပါးတရားကို ကိုယ်တိုင်သိမြင်သောကြောင့်လည်းတောင်းပန်တယ်။ သစ္စာ

လေးပါးသို့ သက်ဝင်ပြီးသောကြောင့်လည်း တောင်းပန်တယ်၊ (တိဏ္ဏဝိစိကိစ္ဆောနှင့် ဝိဂတကထံကထော နှစ်ပုဒ်ကတော့ အဓိပ္ပါယ်အတူတူပါပဲ။) သို့လော သို့လောတွေးတောယုံမှားခြင်းကင်းသောကြောင့်လည်း တောင်းပန်တယ်။ မြတ်စွာဘုရား၏ သာသနာတော်၌ ကြောက်ရွံ့ခြင်းကင်းရဲတင်းသူဖြစ်လို့လည်း တောင်းပန်တယ်။ မိမိမှတပါးအခြားသူကို ယုံကြည်စရာမလိုတော့သောကြောင့်လည်း တောင်းပန်တယ်တဲ့။ ဆိုလိုရင်းအကျဉ်းချုပ်ကတော့ အရှင်အညာသိကောဏ္ဍညဟာ သစ္စာလေးပါးတရားကိုကိုယ်တိုင်မြင်၊ ကိုယ်တိုင်ရောက်၊ ကိုယ်တိုင်သိပြီး သာသနာတော်မှာ ခိုင်ခိုင်မြဲမြဲ ယုံကြည်သွားသောကြောင့် ရှင်ရဟန်းအဖြစ်ကို တောင်းပန်လျှောက်ထားတယ်လို့ ဆိုလိုတာပါပဲ။

လောကမှာ ဘာသာတရားကိုးကွယ်နေကြတာဟာ ကိုယ်တိုင်မသိဘဲ သူတပါးကို ယုံကြည်အားကိုးပြီး ကိုးကွယ်နေကြသူတွေကများတယ်။ မိဘ၊ ဘိုးဘွား၊ ဆရာသမားစသူတွေက ပြောလို့လည်း ကိုးကွယ်ကြတယ်။ အရှင်အညာသိကောဏ္ဍညကတော့ အဲဒီလိုမဟုတ်ဘဲ ကိုယ်တိုင်သိပြီး ကိုယ်တွေ့အနေနဲ့ ယုံကြည်ပြီး ရှင်ရဟန်း အဖြစ်ကိုတောင်းပန်လျှောက်ထားတယ်လို့ ဆိုလိုပါတယ်။ အရှင်အညာသိကောဏ္ဍည လျှောက်ထားတောင်းပန်တဲ့အခါ

မြတ်စွာဘုရားက ဒီလိုမိန့်တော်မူပြီး ရဟန်းပြုပေးတော်မူပါတယ်။

## ဧဟိ ဘိက္ခု ရဟန်းဖြစ်ပုံ

**"ဧဟိ ဘိက္ခူ" တိ ဘဂဝါ အဝေါစ "သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာ" တိ။ သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။**

**ဘိက္ခု** ၊ ရဟန်း။ **ဧဟိ** ၊ ငါဘုရားသာသနာတော်သို့လာခဲ့လော့။ **ဓမ္မော** ၊ တရားတော်ကို။ **သွာက္ခာတော** ၊ ကောင်းစွာဟောတော်မူအပ်ပြီ။ **သမ္မာ** ၊ ကောင်းစွာ။ **ဒုက္ခဿ** ၊ ဝဋ်ဆင်းရဲ၏။ **အန္တကိရိယာယ** ၊ အဆုံးကိုပြုခြင်းငှါ။ **ဗြဟ္မစရိယံ** ၊ မြတ်သောအကျင့်ကို။ **စရ** ၊ ကျင့်လှည့်လော့။ **ဣတိ** ၊ ဤသို့။ **ဘဂဝါ**၊ မြတ်စွာဘုရားသည်။ **အဝေါစ** ၊ မိန့်တော်မူပြီ။ **သာဝ**၊ ထိုဧဟိဘိက္ခုဟူသောစကားတော်သည်သာလျှင်။ **တဿ အာယသ္မတော**၊ ထိုအရှင်အညာသိ ကောဏ္ဍည၏။ **ဥပသမ္ပဒါ** ၊ မြင့်မြတ်သောရဟန်းအဖြစ်သည်။ **အဟောသိ** ၊ ဖြစ်လေပြီ။ **ဣတိ**၊ ဤတွင် စကားတစ်ရပ် အပြီးသတ်သတည်း။

အရှင်အညာသိကောဏ္ဍညဟာ မူလကလည်း ရသေ့ရဟန်းပါပဲ။ ဒါပေမယ့် မြတ်စွာဘုရား၏ တပည့်

သာသနာဝင်ရဟန်းတော့ မဟုတ်သေးဘူး။ ဒါ့ကြောင့် သာသနာဝင်ရဟန်းဖြစ်ဖို့ လျှောက်ထားတောင်းပန်တာပါပဲ။ အဲဒီလိုလျှောက်ထားတောင်းပန်တော့ မြတ်စွာဘုရားက "ဧဟိ ဘိက္ခု"လို့ခေါ်တော်မူပြီး ရဟန်းပြုပေးတော်မူပါတယ်။ အဲဒီလို "ဧဟိ ဘိက္ခု"ခေါ်တော်မူပြီး ရဟန်းပြုပေးလိုက်တဲ့အတွက် အရှင်အညာသိကောဏ္ဍညဟာ ဘုရားရှင်၏ တပည့်သာသနာဝင် ရဟန်းအဖြစ်သို့ရောက်သွားပါတယ်။

## တရားထူးရသူများ

ဓမ္မစကြာတရားဦးကို ဟောတော်မူတုန်းက လူသားထဲမှ တရားဦးနာရတဲ့သူဟာ ပဉ္စဝဂ္ဂီရဟန်းငါးပါးသာရှိတယ်။ အဲဒီငါးပါးထဲက အရှင်အညာသိကောဏ္ဍည တစ်ပါးတည်း တရားထူးရတယ်။ ဗြဟ္မာတွေကတော့ တစ်ဆယ့်ရှစ်ကုဋေ၊ နတ်တွေကတော့ အရေအတွက် အပိုင်းအခြားမရှိ များစွာပင် တရားထူးရသွားကြပါတယ်တဲ့။ အဲဒီတုန်းက အရှင်အညာသိကောဏ္ဍည တစ်ပါးတည်းသာ ဘုရားရှင်၏ တပည့်ရဟန်းအဖြစ်သို့ ဝင်ရောက်ခဲ့တယ်။ ကျန်တဲ့ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ အရှင်အဿဇိလေးပါးတို့ကတော့ ဘုရားရှင်၏ တပည့်ရဟန်းအဖြစ်ကို မလျှောက်ထား၊ မတောင်းပန်ကြသေးဘူး။ ဘာ့ကြောင့် မတောင်းပန်ကြသေးသလဲဆိုတော့ သူတို့မှာ

အရှင်အညာသိကောဏ္ဍညလို ကိုယ်တိုင်တွေ့ အသိဉာဏ် မပြည့်စုံသေးလို့ မြတ်စွာဘုရားသာသနာတော်မှာ ရဲရင့်ခြင်း၊ တထစ်ချယုံကြည်ခြင်းဆိုတဲ့ ဂုဏ်တွေနဲ့ မပြည့်စုံသေးလို့ပါပဲ။ ဒါပေမယ့် ဓမ္မစကြာတရားတော်ကိုနာရလို့ ယုံကြည်မှု သဒ္ဓါကတော့ ရှိနေကြပါပြီ။ ဒါ့ကြောင့် အဲဒီလေးပါးတို့လည်း တရားနာပြီးတဲ့အချိန်ကစလို့ မြတ်စွာဘုရား ညွှန်ကြားဆုံးမ တဲ့အတိုင်း ကျင့်သုံးအားထုတ်နေကြပါတယ်။ မြတ်စွာဘုရား ကလည်း ကိုယ်တော်တိုင် ဆွမ်းခံကြွတော်မမူဘဲ အခြား ရဟန်းများခံယူလာတဲ့ ဆွမ်းကိုပဲသုံးဆောင်ပြီး တရား အားထုတ်တဲ့အခါ အခက်အခဲမရှိအောင် ညွှန်ကြား ပြသနေတော်မူပါတယ်။အရှင်ဝပ္ပစတဲ့ ရဟန်းလေးပါးတို့ ကလည်း မြတ်စွာဘုရားညွှန်ကြားပြသတဲ့တိုင်း ကြိုးကြိုး စားစား အားထုတ်ကြတဲ့အတွက် ဝါဆိုလပြည့်ကျော် (၁)ရက်နေ့မှာ အရှင်ဝပ္ပ (၂) ရက်နေ့မှာ အရှင်ဘဒ္ဒိယ (၃)ရက်နေ့မှာ အရှင်မဟာနာမ် (၄)ရက်နေ့မှာ အရှင် အဿဇိလေးပါးတို့လည်း သောတာပန်ဖြစ်ပြီး ရဟန်းအဖြစ် တောင်းပန်ကြတဲ့အတွက် မြတ်စွာဘုရားက "ဧဟိ ဘိက္ခု" ခေါ်တော်မူပြီး သာသနာ့ဝင်ရဟန်းအဖြစ် ပြုပေးတော် မူလိုက်တယ်။

ဝါဆိုလပြည့်ကျော် (၅)ရက်နေ့ကျတော့ မြတ်စွာဘုရားက ပဥ္စဝဂ္ဂီရဟန်းတော်ငါးပါးလုံးကို စုဝေးစေပြီး အနတ္တလက္ခဏသုတ်တရားတော်ကို ဟောတော်မူပါတယ်။ အဲဒီအခါ တရားနာကြရင်း ငါးပါးလုံးပင် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်သို့ ရောက်တော်မူပြီး ရဟန္တာဖြစ်တော်မူသွားကြတယ်တဲ့။ အဲဒီအနတ္တလက္ခဏသုတ်တရားတော်ကို ဟောတော်မူပြီးတဲ့အခါ လူ့ပြည်လောကမှာ မြတ်စွာဘုရားနှင့်တကွ ပဥ္စဝဂ္ဂီငါးပါးအားဖြင့် ရဟန္တာ (၆)ပါး ဖြစ်ပေါ်လာပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၉၈-နှစ်၊ ဝါဆိုလပြည့်ကျော် (၅)ရက်နေ့က ဗာရာဏသီမြို့အနီး မိဂဒါဝုန်တော၌ အာသဝေါကုန်ခန်း ရဟန္တာဖြစ်တော်မူကြသော မြတ်စွာဘုရားနှင့်တကွ ပဥ္စဝဂ္ဂီငါးပါးရဟန္တာအရှင်မြတ်များကို စိတ်ဖြင့် ရည်မှန်း၍ ရှိခိုးပူဇော်ကြပြီးလျှင် ဒီဓမ္မစကြာတရားတော်မှာ ဟောတော်မူတဲ့အတိုင်း မဂ္ဂင်ရှစ်ပါး အကျင့်တရားကို အရဟတ္တဖိုလ်ဖေါက် နိဗ္ဗာန်ရောက်သည်အထိ ပွားများအားထုတ်ကြပါရန် တိုက်တွန်းလိုက်ပါသည် သူတော်ကောင်း တို့။ ။

## နိဂုံးနှင့် ဆုတောင်း

ဓမ္မစက္ကဿာ’ ယံဋီကာ၊
အနာဝယာသေန နိဋ္ဌိတာ။
ဧဝံ သိဇ္ဈန္တု သက်ပ္ပါ၊
သာဓူနံ ပတ္ထိတာ သဒါ။

**ဓမ္မစက္ကဿ** ၊ ဓမ္မစကြာသုတ်တော်၏။ **အယံဋီကာ၊** ဤမြန်မာဋီကာသည်။ **အနာဝယာသေန၊** ပင်ပန်းနွမ်းနယ်ခြင်း မရှိသဖြင့်။ **နိဋ္ဌိတာ ယထာ၊** ဆုံးခန်းတိုင်မြောက် အပြီးသို့ရောက်သကဲ့သို့။ **ဧဝံ၊** ဤအတူ။ **သာဓူနံ၊** စာရှုသူ အပေါင်း သူတော်ကောင်းတို့၏။ **ပတ္ထိတာ** ၊ လိုလား တောင့်တအပ်ကုန်သော။ **သက်ပ္ပါ** ၊ အကြံအစည်တို့သည်။ **သဒါ** ၊ အခါခပ်သိမ်း။ **သိဇ္ဈန္တု** ၊ လုံးဝဥဿုံ ပြီးစီး ပြည့်စုံကြပါစေကုန်သတည်း။

*ဓမ္မစကြာ မြန်မာဋီကာပြီးပြီ*

၁၃၇၁-ခုနှစ်၊ တော်သလင်းလဆန်း (၁၀)ရက်၊ စနေနေ့
(၂၉-၈-၂၀၀၉) ပြီးသည်။

# ဓမ္မစကြာအဓွန်း

ဘိက္ခုနံ ပဉ္စဝဂ္ဂိနံ ၊ ဤသိပတန နာမကေ ။
မိဂဒါယေ ဓမ္မဝရံ ၊ ယံ တံ နိဗ္ဗာနပါပကံ ။ ။
သဟမ္ပတိနာမကေန ၊ မဟာဗြဟ္မေန ယာစိတော ။
စတုသစ္စံ ပကာသေန္တော၊ လောကနာထော အဒေသယိ ။ ။
နန္ဒိတံ သဗ္ဗဒေဝေဟိ ၊ သဗ္ဗသမ္ပတ္တိ သာဓကံ ။
သဗ္ဗလောကဟိတတ္ထာယ၊ ဓမ္မစက္ကံ ဘဏာမ ဟေ ။ ။

လောကနာထော၊ သုံးလောကဘုံသူ ဝေနေယျ ဟိန္ဒဂူတို့ကို ထပ်တူငါ့နှယ် ဝဋ်ပင်လယ်မှ လွတ်လွယ်စေကြောင်း အကျင့်ကောင်း၍ တောင်းတောင်းပန်ပန် ကျင့်ကြံတော်မူစေတတ်သော ရှင်တော်မြတ်ဘုရားသည်။ သဟမ္ပတိနာမကေန၊ ကဿပဘုန်းရှင် ပွင့်စဉ်ကာလ သဟကဟု ဈာနလာဘီ မဟာထေရ်လျှင် ထက်ခွင်ဗြဟ္မာတိုင်ရောက်လာလည်း လူ့ရွာရပ်ထံ ဘွဲ့ရင်းခံ၍ သဟမ္ပတိ အမည်ရှိသော။ မဟာဗြဟ္မေန၊ နတ်လူလောက ဟူသမျှကို ထာဝရသခင် ဘုရားရှင်က ပြုပြင်ဖန်ဆင်း စီမံခြင်းဟူ အရင်းမူလ ထိုဝါဒကြောင့် လောကသရဖူ နတ်တစ်ဆူဟု အပူဇော်ခံ ဈာန်ယာဉ်အစ ပထမဘုံ ခိုလှုံပျော်မွေ့ ဗြဟ္မာကြီး သည်။ ယာစိတော၊ သောင်းတိုက်စက္ကဝါ နတ်ဗြဟ္မာတို့နှင့်

တကွ ညီညာစုပေါင်း တောင်းပန်အပ်သည်ဖြစ်၍။ **ဣသိပတန နာမကေ၊** ပဉ္စဝဂ္ဂိ အရိယာတို့ စဉ်လာဆက်ဆက် သက်ရာတက်ရာ စုဝေးရာဟု သညာပဝတ္တိနိမိတ်ရှိသဖြင့် ဣသိပတန ခေါ်ဆိုရသော။ **မိဂဒါယေ၊** သားများမျိုးစုံ ဘေးမဲ့ဘုံဟု ရဂုံသာမော ဥယျာဉ်တော်၌။ **ဝသန္တာနံ၊** သိဒ္ဓတ္ထမင်းသား ဘုရားစင်စစ် ဖြစ်လိမ့်ရည်ရော် စောင့်မျှော်ရှင်ပြုး သီတင်းသုံးကြကုန်သော။ **ပဉ္စဝဂ္ဂီနံ၊** ငါးပါးပေါင်းစု ငါးခုထဲတွင် အကျုံးဝင်၍ ပဉ္စဝဂ္ဂီ ဘွဲ့ပုံချီကြကုန်သော။ **ဘိက္ခူနံ၊** သံသရာဖြစ်စဉ် ကြောက်ဖွယ်ထင်သည့် ကောဏ္ဍင့်,ဝပ္ပ ဘဒ္ဒိယ,မဟာနာမ် တစ်ဖန်အဿဇိ မည်ရှိထင်ပေါ် ရဟန်းတော်တို့အား။ **စတုသစ္စံ၊** ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂတစ်ဖြာ သစ္စာလေးတန် အမှန်တရားတော်ကြီးကို။ **ပကာသေန္တော၊** လက်တွင်တင်ထား ပတ္တမြားသို့ ထင်ရှားပေါ်လွင် မြင်အောင်ပြတော်မူလျက်။ **နိဗ္ဗာန ပါပကံ၊** နိဗ္ဗာန်မျက်မှောက် ဉာဏ်စဉ်လျှောက်၍ ရောက်စေပေါက်စေတတ်သော။ **ဓမ္မဝရံ၊** ကျင့်သူဟူက ပါယ်မကျအောင် ချီးမမြှောက်မြင့် ပင့်သည့်အလား ဆောင်ထားတတ်စွာ ဒေသနာအမှန်ဖြစ်သော။ **ယံ ဓမ္မစက္ကံ၊** ပဋိဝေဓဓမ္မ, ဒေသနာဓမ္မနှင့် တကွယှဉ်ကာ အစဉ်လာသော ဘုရားရှင့်အာဏာ အကြွင်ဒေသနာတော်

ကို။ သဗ္ဗလောကဟိတတ္ထာယ၊ တစ်လောကလုံး သိမ်းကျုံး ချီးမြှောက် စီးပွားရောက်စေခြင်းငှာ။ **အဒေသယိ**၊ ဘုရား ဖြစ်စ ကျွတ်ဆုငှလျက် သမန္တစက္ကဝါ ခြိမ့်ခြိမ့်ညာအောင် ဒေသနာမိုး သွန်းဖြိုးရွာချတော်မူလေပြီ။

ဟော၊ ဓမ္မစကြာ ချိန်အခါဟု မင်္ဂလာပွဲ ဆင်နွှဲ ဘိတောင်း အို. . . သူတော်ကောင်းတို့။ **သဗ္ဗဒေဝေဟိ**၊ တစ်ဆယ့်ရှစ်ကုဋေ တွက်ရေများစွာ အလုံးစုံသော နတ်ပြဟ္မာတို့သည်။ **နန္ဒိတံ**၊ စက်ဒေသနာ လည်ရာကာလ တစ်ခဏ၌ မင်္ဂလ်ရဖိုလ်ပေါက် အကျိုးရောက်သဖြင့် ဝမ်းမြောက်နှစ်သက်အပ်သော။ **သဗ္ဗသမ္ပတ္တိသာဓကံ**၊ လူနတ်နိဗ္ဗာန် သုံးတန်ခိုင်ဖြိုး အသီးသီးကို ထိန်းညီး ပြီးမြောက်စေတတ်သော။ **တံ ဓမ္မစက္ကံ**၊ ပဋိဝေဓဓမ္မ, ဒေသနာဓမ္မနှင့် တကွယှဉ်ကာ အစဉ်လာသော ဘုရားရှင့် အာဏာ ထိုဒေသနာတော်ကြီးကို။ **မယံ**၊ ဓမ္မစကြာ ချိန်အခါဟု မင်္ဂလာပွဲ ဆင်နွှဲပြုလုပ် အကျွန်ုပ်တို့သည်။ **ဘဏာမ**၊ ဓမ္မပူဇာ ဘာဝနာသဘော အာရုံစော၍ ရောနှော ညီညွတ် သံပြိုင်လွှတ်လျက် ရွတ်ကြ ဖတ်ကြ ပူဇော်ကြပါ ကုန်စို့။

(ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒိယမထေရ်၏ အနက်ပြန်ဆိုတော်မူသည်။)

# ဓမ္မစက္ကပ္ပဝတ္တနသုတ်

## နိဒါန်း

ဧဝံမေသုတံ ဧကံသမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။ တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ -

## မမှီဝဲအပ်သော အဖို့အစွန်းနှစ်ပါး

ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။ ကတမေ ဒွေ၊ ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊ ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

## မဇ္ဈိမပဋိပဒါ အကျင့်နှင့်အကျိုး

ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ

ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ ။

ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

## ဒုက္ခသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

## သမုဒယသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ။ သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

## နိရောဓသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

## မဂ္ဂသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

## ဒုက္ခသစ္စာ၌ သစ္စဉာဏ်

“ဣဒံ ဒုက္ခံ အရိယသစ္စ” န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## ဒုက္ခသစ္စာ၌ ကတဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## သမုဒယသစ္စာ၌ သစ္စဉာဏ်

"ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## သမုဒယသစ္စာ၌ ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု

စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## သမုဒယသစ္စာ၌ ကတဉာဏ်

“တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီန” န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## နိရောဓသစ္စာ၌ သစ္စဉာဏ်

“ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ” န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## နိရောဓသစ္စာ၌ ကိစ္စဉာဏ်

“တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ”န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## နိရောဓသစ္စာ၌ ကတဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## မဂ္ဂသစ္စာ၌ သစ္စဉာဏ်

"ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## မဂ္ဂသစ္စာ၌ ကတဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ

အနန္တသုတေသု ခမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## ရှေးကဘုရားအဖြစ် ဝန်ခံတော်မမူခဲ့ပုံ

ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ။

နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ။

## ယခုမှ ဘုရားအဖြစ် ဝန်ခံတော်မူပုံ

ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ၊ အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ။

## ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်တော်မူပုံ

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။

## ပဉ္စဝဂ္ဂီရဟန်းတို့ တရားကို နှစ်သက်ဝမ်းမြောက်ကြပုံ

ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

## အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ "ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ" န္တိ။

## နတ်ဗြဟ္မာတို့ ကောင်းချီးပေးပုံ

ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ" န္တိ။ ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ ဒေဝါ

သဒ္ဒမနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣတိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောသ္မိံ” န္တိ။ စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ တာဝတိံသာ ဒေဝါ။ ပ ။ ယာမာ ဒေဝါ။ ပ ။ တုသိတာ ဒေဝါ။ ပ ။ နိမ္မာနရတီ ဒေဝါ။ ပ ။ ပရနိမ္မိတဝသဝတ္တီ ဒေဝါ။ ပ ။ ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ”န္တိ။

ဣတိဟ တေန ခဏေန (တေန လယေန) တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ။

## တစ်သောင်းသော လောကဓာတ် တုန်လှုပ်ပုံ

အယဉ္စ ဒသသဟဿိလောကဓာတု သင်္ကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။

## အရောင်အလင်းဖြစ်ပေါ်လာပုံ

အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။

## မြတ်စွာဘုရား ဥဒါန်းကျူးတော်မူပုံ

အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ "အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော" တိ။ ဣတိ ဟိဒံ အာယသ္မတော ကောဏ္ဍညဿ "အညာသိကောဏ္ဍညော" တွေဝ နာမံ အဟောသိ။

## အညာသိကောဏ္ဍည ရဟန်းအဖြစ်တောင်းပန်ပုံ

အထ ခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠ္ဟဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ " လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒ " န္တိ။

## ဧဟိ ဘိက္ခု ရဟန်းဖြစ်ပုံ

" ဧဟိ ဘိက္ခူ " တိ ဘဂဝါ အဝေါစ " သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာ " တိ။ သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသိ။

### ဓမ္မစက္ကပ္ပဝတ္တနသုတ္တံ နိဋ္ဌိတံ

# မဂ္ဂါမပဋိပဒါ မဂ္ဂင်ရှစ်ဖြာ

၁။ သမ္မာဒိဋ္ဌိ = မှန်စွာသိမြင်ခြင်း

၂။ သမ္မာသင်္ကပ္ပ = မှန်စွာကြံစည်ခြင်း

၃။ သမ္မာဝါစာ = မှန်စွာပြောဆိုခြင်း

၄။ သမ္မာကမ္မန္တ = မှန်စွာပြုလုပ်ခြင်း

၅။ သမ္မာအာဇီဝ = မှန်စွာအသက်မွေးခြင်း

၆။ သမ္မာဝါယာမ = မှန်စွာအားထုတ်ခြင်း

၇။ သမ္မာသတိ = မှန်စွာအမှတ်ရခြင်း

၈။ သမ္မာသမာဓိ = မှန်စွာတည်ကြည်ခြင်း